
www.burmeseclassic.com

# လင်းညို့သွေး

## အသည်းခွဲဖက်ရှင်

Heartbreaking Fashion




BURMESE CLASSIC

LINN NYOUT THWAY




(ဒုတိယအကြိမ်)


www.burmeseclassic.com

www.burmeseclassic.com

# လက်ညှိုးသွေး

BURMESE CLASSIC

အသည်းခွဲဖက်ရှင်



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၂၀၁၁၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၄၀၀၁၂၁၁

ထုတ်ဝေသည့်ကာလ
[ဒုတိယအကြိမ်၊ မတ်လ၊ ၂၀၁၂]

အုပ်ရေ
၁၀၀၀

မျက်နှာဖုံးဒီဇိုင်း
သိန်းရွှေကြည်

ထုတ်ဝေသူ
ဦးမောင်မောင်မြင့်အေး၊ 'လာဘ်မိုးဆွေ'စာပေ
(၂၀၅) ပိတောက်လမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။

ကွန်ပျူတာစာစီ
ပုံရိပ်ရှင်

အတွင်းဖလင်
ပုံရိပ်ရှင်

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
[illegible]ဝင်းအောင်၊ 'မိဘအေးရိပ်'ပုံနှိပ်တိုက်၊ (၁၅၀) ၄၈-လမ်း၊ ရန်ကုန်မြို့။

တန်ဖိုး
၁၈၀၀ ကျပ်

ဖြန့်ချိရေး
'သိမ့်ထိုက်စာပေ'
အမှတ်(၂၀၁)၊ ၄-လွှာ(ညာ)၊ ၃၂လမ်း(အထက်)၊ ပန်းပဲတန်းမြို့နယ်၊
ရန်ကုန်။ ဖုန်း - ၀၁ ၂၄၅၂၅၈

လင်းညို့ဌေး ၈၉၅.၈၃
အသည်းခွဲဖက်ရှင်/လင်းညို့ဌေး။ - ရန်ကုန်၊
လာဘ်မိုးဆွေစာပေ၊ ၂၀၁၁။
၁၅၂-စာ၊ ၁၃.၅ × ၂၁.၅စင်တီမီတာ၊
(၁) အသည်းခွဲဖက်ရှင်

www.burmeseclassic.com

www.burmeseclassic.com

လင်းညို့သွေးရေးသားထုတ်ဝေပြီးသောစာအုပ်များ

၁။ အသည်းခွဲ ဖက်ရှင်
၂။ တိမ်တိုက်တို့ရဲ့ အသွင်ကွဲရာသီ
၃။ ကိုယ်တိုင်ရိုက်ချိုးတဲ့ ပဒ္မမံနံရိုး
၄။ ဒဏ်ရာစက်လက် ဒိုင်ယာရီ
၅။ ရွှေမင်းသမီးရဲ့ ပျော်တော်ဆက်
၆။ ဂျစ်ပစီသင်ခန်းစာ
၇။ မာယာ ကစားပွဲ
၈။ ရင်ခုန်သံ စီးချင်း
၉။ နတ်သမီးချည်တိုင်
၁၀။ အလင်းဖျောက်ကြယ်
၁၁။ ရည်းစားရဲ့ ရည်းစား
၁၂။ ချစ်သူခိုင်းဖက်
၁၃။ ရင်ဝှက်တမ်း ကဗျာ
၁၄။ အနမ်းစက်ဝိုင်း
၁၅။ ရယ်သံထွက်နေတဲ့ မျက်ရည်စက်
၁၆။ အရိပ်စစ် ကကြိုး
၁၇။ နယ်ခြားမှတ်တိုင်
၁၈။ တေလေမှတ်တမ်း

BURMESE CLASSIC

ယခုလ ထွက်ရှိသည့်စာအုပ်

၁။ အသည်းခွဲ ဖက်ရှင် (ဒုတိယအကြိမ်)

နောက်လ ထွက်ရှိမည့်စာအုပ်

၁၉။ အက်ဆစ်ဝိုင်
၂၀။ အိစီကလီ

www.burmeseclassic.com

www.burmeseclassic.com

သံချေးတက်နေသည့် ဓားစွေဓားပုံနှင့်
ထိုးခွေနေမည့်အစား ထက်မြသည့်
သံမဏိဓားသွားနှင့်သာ
ယတိပြတ် လှီးဖြတ်ပစ်လိုက်ပါ။
နောက်ဆုံး ထွက်သက်အထိ ရှင်သန်ခြင်း၌
ဂုဏ်ထည်ဝါစွာ မြင့်မြတ်ချင်၏။

www.burmeseclassic.com

www.burmeseclassic.com

ငါ့အား ...

သတ်သင့်သတ်ထိုက်က သတ်လိုက်ပါ။

သို့ငြား ...

ဝိညာဉ်မကြွေလွင့်မီစပ်ကြားတွင်

ညှဉ်းပန်းဆော့ကစားခြင်း မပြုပါနှင့်၊

ရင်ကိုဖွင့်၍ တောင်းဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

## (နိဒါန်းမဲ့ နိဒါန်း)

မိန်းကလေးရေ ...
ငါကိုယ်တိုင် မရိုပ်မိနိုင်လောက်အောင်
သိမ်မွေ့တဲ့ မျှော်လင့်ချက်တွေရဲ့
ညင်သာစွာ တုပ်နှောင်မှုမှာ
ငါဟာ ... တိတ်တဆိတ် ခြေချုပ်မိနေသူပါ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း – ၁

ထိုနေ့က. . .

ဖော်ရွေ ကိုင်းညွတ်လျက်ရှိသော ကောင်းကင်၏ ရင်ခွင်သည် ခြေဆော့လက်ဆော့နိုင်သော ပန်းချီဆရာပေါက်စတစ်ဦး လက်ထဲ ရောက်ရှိသွားသည့် ကင်းဗတ်စ်စကဲ့သို့ အရောင်အသွေးစုံလင်စွာ စွန်းပေ လွင့်လူးနေလေသည်။

ဖျော့တော့သောအဆင်းနှင့် နေရောင်ခြည်သည် နှုတ်ဆက်ခြင်း အလင်းဖြင့် တိမ်စိုင်တိမ်ခဲတွေကို တောက်လောင်စေ၏။ မြူခိုးတွေ ကလည်း ရိုးသားစွာ မှိုင်းပြာမှုန်ရီနေကြသည်။

မကြာမီ အမှောင်ဝတ်ရုံကို လွှမ်းခြုံ၍ ညဆိုတာ သားသားနားနား ရောက်ရှိလာပေတော့မည်။

လေညင်းကြောင့် တုန်ခါဝေ့ယိုင်နေသည့် ပန်းခင်းကို ကြည့် ရင်း နက်ရှိုင်း ပျင်းနေသည်။ သူသည် **Butterfly** ဟူသော အမည်ဖြင့် အကသင်တန်းတစ်ခု ဖွင့်လှစ်ထားလေရာ သင်တန်းပိတ်ရက်များက အက မက်သော သူ့အတွက် အဓိပ္ပာယ်တစ်စုံတစ်ရာ ကင်းမဲ့လျက်ခြောက်သွေ့ နေစေပါ၏။

ပျင်းရိမှုကို ဖြေဖျောက်ဖို့ အပြင်ထွက်ရန် စိတ်ကူးပြီးမှ မဖြစ်နိုင် သဖြင့် ပယ်ဖျက်ပစ်လိုက်သည်။ အိမ်မှလူအားလုံး အပြင်သွားနေသော ကြောင့် နက်ရှိုင်းတစ်ယောက်တည်း အိမ်စောင့်နေရတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာချိန်၌ သူ့အိမ်မှာရှိမနေလျှင် ညည်းစော်နံအောင် အပွမ်ခံရမှာ သေချာလှ၏။

အိမ်ရှေ့မြက်ခင်းပြင်ထက်မှာ နက်ရှိုင်းတစ်ယောက်တည်း ခြေရှုပ်နေပါသည်။ ဆောက်တည်ရာမရစွာ လူးလားတုံ့ခေါက် လျှောက်ပြီးမှ မြက်ခင်းပြင်ပေါ် ထိုင်ချလိုက်သည်။ မြက်တွေမှာသာ မျက်စိရှိလျှင်တော့ အာရုံနောက်ပြီး ဆဲနေလောက်ချေပြီ။

အပျင်းပြေလိုပြေငြား ကောင်းကင်ဆီ မျက်စိကစားကြည့်လိုက်ရာ ငှက်တစ်အုပ်က လေစီးမှာ တောင်ပံခတ်ကာ ဟီးတိုက်၍ နေကြ၏။ ထိုမြင်ကွင်းကို နက်ရှိုင်း သဘောကျသွားသည်။

"ကျွိ. . . "

ကောင်းကင်ကသိုဏ်းရှုမျှော်နေခိုက်. . . ခြံဝင်းတံခါးအား တွန်းဖွင့်သံကို ကြားလိုက်ရပါသည်။ သံပန်းတံခါးနှင့် တွဲချိတ်ထားသည့် ကြေးဝါသော့ကြီးတို့၏ ထိခတ်သံက တိတ်ဆိတ်မှုထဲ၌ တဂျွမ်းဂျွမ်း မြည်ဟီးသွားလေသည်။ ကောင်းကင်ထံမှ အကြည့်ကို သိမ်းရုတ်၍ ခြံတံခါးဝဆီ နက်ရှိုင်း မျက်လုံးတွေ ဦးတည်ပစ်လိုက်သည်။

အို. . . ဘုရားရေ. . .

နက်ရှိုင်း အံ့အားသင့်သွားသည်။ တိမ်စိုင်တိမ်မျှင်တွေကြားမှ နတ်မိမယ်တစ်ပါး သက်ဆင်းလာလေသလား. . . ဟုပင် ထင်မှတ်မှားသွားရ၏။ မှုန်ရီဝိုးတဝါးတွင် ခရမ်းရောင်ဝတ်စုံအား ဝတ်ဆင်ထားသည့် မိန်းမပျိုသည် ခရမ်းရောင်ပန်းတစ်ပွင့်ကိုကိုင်ဆောင်၍ သူ့ထံ တရွေ့ရွေ့ လှမ်းလာနေသည်။ သူမ လှုပ်ရှားမှုက ကျည်ဆံတစ်တောင့် ပျံသန်းလာသလိုမျိုး တည့်မတ်ရဲရင့်လွန်းလှ၏။

နက်ရှိုင်း ငုတ်တုတ်မေ့နေသည်။ ထိုအမျိုးသမီးကို သူမသိ။ ထိုအမျိုးသမီးသည် သူ့အတွက် မျက်နှာစိမ်းသက်သက် ဖြစ်နေသည်။ သို့သော် သူမ သိပ်လှတာကိုတော့ အထူးသတိပြုမိပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ခရမ်းရောင်ပန်းပွင့်ကိုကိုင်ဆောင်လျက် လှမ်းလာနေသော မိန်းမပျို သည် နက်ရှိုင်းနှင့် လက်တစ်ကမ်းအကွာသို့ ရောက်သောအခါ ရပ်တန့် သွားပါသည်။

အံ့နီးကပ်မြင်ရမှ. . . ခြယ်သမှုကင်းစင်သော မျက်နှာပြင်သည် ရှင်းသန့်နုမွတ်လျက် သွေးကြောစိမ်းစိမ်းကလေးတွေပင် ထင်းလင်း ပေါ်လွင်နေသည်။ ဆံနွယ်ပင်တွေကလည်း လေပြည်ထဲမှာ လွင့်ဝဲ လှုပ်ခတ်နေ၏။

သူမက နက်ရှိုင်းကို စူးစူးရဲရဲစိုက်ကြည့်သည်။ အနက်ထည် မျက်ဝန်းထဲမှ အခိုးအငွေ့တွေ စိမ့်လျှံထွက်လာသလားပင် မှတ်ထင် ခံစားရသည်။ နက်ရှိုင်းသည် စုန်းကဝေတစ်ကောင် ညို့မြူဖမ်းစားခံထား ရသကဲ့သို့ အာရုံတွေ မှုန်ဝါးမှိုင်းပျနေလေပြီ။

"ဘာ. . . ဘာကိစ္စ. . . ရှိ. . . ရှိလို့လဲ. . . "

ချောက်ချားနေသော နက်ရှိုင်း၏မေးခွန်းကို ခရမ်းရောင် မိန်းမပျိုက ပြန်မဖြေချေ။ သူမလက်ချောင်းတွေက ကချေသည် တစ်ဦး ကကြိုးတစ်ခုချိုးသလိုမျိုး သွဲ့ပျောင်းစွာ လှုပ်တစ်ပြက် လှုပ်ရှားလိုက်လေ သည်။ တဖျတ်ဖျတ်. . . လွင့်ဝဲလျက်. . .။

"ဟင်. . . "

ခရမ်းရောင်ပန်းပွင့်က လက်ရိုပ်များကြားတွင် ချွန်မြဖွေးလက် သော ဓားတစ်လက်ဖြစ်သွား၏။ တမဟုတ်ချင်း ပြောင်းလဲသွားပုံကို ကြည့်၍ နက်ရှိုင်းမျက်လုံးပြူးသွားသည်။ မြင်ရသည်က တစ္ဆေပြက္ခက် တစ်ခုနှယ် ခမ်းနားဆန်းကြယ်လွန်းနေတော့၏။

"ခင်ဗျား. . . ဘာ. . . ဘာလုပ်. . . "

နက်ရှိုင်း တုန်လှုပ်စွာဖြင့် ထိုင်ရာမှထ,လိုက်သည်။ မိန်းမပျိုက နက်ရှိုင်းကို စူးနက်စွာ စိုက်ကြည့်၏။ သွေးအေးလွန်းသော သူမ မျက်ဝန်း အကြည့်တွေမှာ သူ မရှောင်လွှဲနိုင်ဘဲ ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား. . . ခင်ဗျား. . . ဘယ်သူလဲ. . . "

မိန်းမပျိုက (သားကောင်ကိုခုန်အုပ်မည့် ခြင်္သေ့ရိုင်း၏ မာန်မျိုးဖြင့်) ပန်းပွင့်မှ ပုံပြောင်းလာသော ဓားကို ဆတ်ခနဲ မြှောက်လိုက်သည်။

နက်ရှိုင်း ထိတ်လန့်တကြား နောက်သို့ခုန်ဆုတ်လိုက်သည်။ (ဘာမသိ ညာမသိနှင့်) ပြန်လည်တိုက်ခိုက်ရန်လည်း အသင့် ပြင်လိုက်၏။

မိန်းမပျိုက နွဲ့နှောင်းသော သူမလက်ချောင်းတွေကို ကကြိုးကကွက် တစ်ခုနှယ် မွှေ့ရမ်းလိုက်ပြန်သည်။ လှုပ်ရှားမှု ရပ်စဲသွားသည့် အခါမှာတော့ သူမလက်ထဲ၌ ဓားပျောက်သွားပြီး ခရမ်းရောင်ပန်းပွင့် ပြန်ရောက်လာသည်။

သူမက ပန်းပွင့်ကို ဓားမြှောင်ကိုင်သလို ဆုပ်ကိုင်ပြီး လွှင့်ခနဲ လှုပ်ရှားကာ နက်ရှိုင်းရင်ဘတ်ရှိ နှလုံးသားနေရာတည့်တည့် ဆီသို့ လျှင်မြန်စွာထိုး စိုက်ချလိုက်၏။ ဆစ်ခနဲပါပဲ။

"ဟာ. . . "

နက်ရှိုင်း အငိုက်မိသွားသည်။ ရင်ထဲထိတ်ခနဲဖြစ်ပြီး မျက်စိကို မှိတ်လိုက်မိ၏။ ခဏကြာသည်အထိ မျှော်လင့်ထားသလို နာကျင်မှုကို မခံစားရ။ ဘာအထာပါလိမ့်. . .။

မျက်လုံးအစုံကို ထုံဝေမှိုင်းလဲ့စွာ ဖွင့်လိုက်တော့. . . သူမက မခို့တရို့ အပြုံးဖြင့် သူ့အား ကြည့်နေလေသည်။ ခရမ်းရောင်ပန်းပွင့် ကလည်း ဘယ်ဘက်ရင်ဘတ်မှ သူ့အင်္ကျီအိတ်ကတ်ထဲ၌ အကျော့အမော့ တည်ရှိနေချေ၏။ နက်ရှိုင်း ရှုံးချင်သွားပါသည်။

"အဲ့ဒါ. . . ရှင့်အတွက် ကျွန်မရဲ့လက်ဆောင်ပဲ. . . "

မိန်းမပျိုက စကားကို အေးစက်ပြတ်သားစွာ ပြောပြီးတာနှင့် လှည့်ထွက်သွား၏။

ဒီတော့မှ ဝိညာဉ်မဲ့သော ကျောက်ရုပ်ကဲ့သို့ ငြိမ်သက်နေသည့် နက်ရှိုင်း သက်ဝင်လှုပ်ရှားလာ၏။

www.burmeseclassic.com

www.burmeseclassic.com



"နေ. . . နေဦးလေ. . . ခင်ဗျားက ဘယ်သူလဲ. . . ဘယ်တလဲဆိုတာ ပြောခဲ့ဦးလေ. . ."

မိန်းမပျိုက ခေါင်းငဲ့ကာ လှည့်ကြည့်၏။ နှုတ်ခမ်းသားတွေက တစ်ခုခု ရွတ်ဆိုပြောရန် လှုပ်ရှားဟန်ပြင်လိုက်စဉ်မှာပဲ ခြံထဲသို့ ကားတစ်စီး မောင်းဝင်လာသည်။

သူမ ဘာမှမပြောတော့ဘဲ နှုတ်ခမ်းကို ခပ်တင်းတင်း စေ့ပိတ်လျက် အမူအရာမပျက် ဆက်လက်လှမ်းထွက်သွားလေသည်။

ခရမ်းရောင်ပန်းပွင့်ကိုကိုင်ရင်း သရဲအခြောက်ခံလိုက်ရသူပမာ နက်ရှိုင်း ထုံပေပေကြီးဖြစ်နေသည်။ အိပ်မက်မဟုတ်သော အံ့ဖွယ်ဖြစ်ရပ်က သူ့အား လန့်သွားစေ၏။ တော်တန်ရုံလူဆိုပါက နှလုံးလေဖောက်ပြီး သေမည်ဆိုလျှင် သေလို့ရလောက်သည်။

နက်ရှိုင်းသည် သူ့လက်ထဲမှ ခရမ်းရောင်ပန်းပွင့်ကို အသေအချာ စစ်ဆေးကြည့်လိုက်ပါသည်။ ပန်းအစစ်နှင့် မခြားအောင် လက်ရာမြောက်စွာ ပြုလုပ်ထားသည့် နည်းပညာ၏ မထူးဆန်းသော ပန်းတစ်ပွင့်သာဖြစ်၏။

"သား. . . ပန်းကြီးကိုင်ပြီး ဘာလုပ်နေတာလဲ. . ."

ကားပေါ်မှဆင်းလာသော အမျိုးသမီးကြီးကမေးတော့ နက်ရှိုင်း ဟန်လုပ်၍ အသာအယာပြုံးပြလိုက်သည်။

"ဘာမှမလုပ်ပါဘူး မာမီရယ်. . . ဒီလိုပါပဲ. . . အဟင်း. . ."

မချိပြုံး, ပြုံးရတာ စိတ်တော့ နည်းနည်းနုံးသည်။ နက်ရှိုင်း၏ မခင်ဖြစ်သူက ကားတံခါးကို ညင်သာစွာပိတ်ရင်း . . .

"ခုနကခြံထဲက ထွက်သွားတာ သားသူငယ်ချင်းလား. . . "

"အင်း. . . အဲ. . . ဟုတ်တယ် ဒက်ဒီ. . . ဒီပန်းက သူပေးသွားတာလေ. . . "

အဖြစ်မှန်အားလုံးကို ပြောပြလိုက်လျှင် မိဘပီသစွာ ကြံ့ခံ စိတ်ပူနေကြဦးမှာ သေချာသဖြင့် ချော်လဲရာရောထိုင်လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သားကတော့ဟေ့. . . ကောင်မလေးကတော့ ပန်းတွေဘာ တွေလာပေးရတယ်ဆိုတော့. . . ဟင်း. . . ဟင်း. . . တယ်စန်းပွင့် နေပါလားကွဟေ . . . "

နက်ရှိုင်းအပြုံးနှင့်သာ နှုတ်ဆိတ်နေလိုက်ပါသည်။ ထိုမိန်းမ၏ အသိရခက်သည့် လုပ်ဆောင်ချက်ကြောင့် စဉ်းစားဉာဏ်တွေ ဘောင်ဘင် ရိုက်နေသည်။ နှလုံးအိမ်ထဲမှာလည်း နွယ်တစ်နွယ် အမြစ်တွယ် ကိန်းဝပ် သွားလေသည်။

သူ့ရင်ဘတ်သည် ခရမ်းရောင်ဝတ်ရုံနှင့် ဆန့်ကျင်ဘက် လိင်၏ ညို့ဓာတ်တွင် တုန်ခိုက်အောင် ချုချာသွားသည့် အရေးပေါ် လူနာသစ် ဖြစ်သွားရှာ၏။

ခိုတွယ်လဲလျောင်းချင်သည့် လူနာဆောင်အဖြစ် အသုံးပြုရန် အတွက် ရန့်မဲ့သော ပန်းပွင့်တွင် ကပ်ငြိကျန်ခဲ့သည့် ရနံ့အကျိုးအပဲ့တို့၏ ဧကရီကို အမြန်ဆုံးအလိုရှိနေသည်။

အင်း. . . ဒင်းတော့ ယဉ်ယဉ်လေးနဲ့ကို ရှုံးပြီ !!!

www.burmeseclassic.com

www.burmeseclassic.com

## အခန်း – ၂

အမှတ်တရဆိုသည်မှာ အချိန်ကာလနှင့် တိုင်းတာ၍မရဘဲ ဖြစ်တည်မှု၌သာ သက်ရောက်လေ့ရှိသည်။ နက်ရှိုင်းသည် ခရမ်းရောင် ပန်းပွင့်ကို တွေတွေကြီး ငေးစိုက်ကြည့်နေပါသည်။ အတွေးတွေကလည်း တောင်စဉ်ရေမရ မျှောလွင့်ပျံ့သန်း၍နေ၏။ သူ့ရင်ထဲမှာ အမှတ်တရတွေ သောင်းကျန်းနေလေသည်။

သူမသည် မည်သူနည်း. . . ။

ဤပန်းအား အဘယ်ကြောင့် ပေးကမ်းသွားသနည်း. . .

သူမသည် တန်ခိုးရှင်တစ်ဦးများ ဖြစ်နေလေရော့သလား. . .

ပင့်သက်ရှိုက်ရင်း ခေါင်းကို ဘယ်ပြန်ညာပြန် ခါယမ်းပစ်လိုက်သည်။ သမားရိုးကျမဆန်သော ဖြစ်ရပ်က လွယ်လင့်တကူ လက်မခံတတ်သော နက်ရှိုင်းအား ထော်လော်ကန့်လန့် ဒုက္ခပေးနေချေပြီ။

“ဟိတ်ကောင်. . . ပန်းပွင့်ကြီးထိုင်ကြည့်ပြီး ဘာလုပ်နေတာလဲ ပန်းဆိုင်ဖွင့်မလို့လား. . . ပန်းစိုက်စားမလို့လား. . . ”

“ဧကန္တ ဒီကောင် ဘုရားစောင်းတန်းမှာ ပန်းသွားရောင်းစားမလို့ ထင်တယ်ကွ . . . ဟုတ်လား နက်ရှိုင်း . . . ”

မျိုးသီဟနှင့် ဇေဖြိုး အခန်းထဲသို့ ကဆုန်ပေါက်၍ ဝင်ရောက်လာကြသည်။ အပေါင်းအဖော်တွေကို မြင်ရတော့ နက်ရှိုင်း ပျော်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းဆိုသည်မှာ . . . အပွင့်လင်းဆုံး ရင်ဖွင့်ဖော်ဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုချင်မိ၏။

မိဘနှင့် သားသမီးကြား မပြောဝံ့ မပြောအပ်တာတွေကို သူငယ်ချင်းအား တိုင်ပင်၍ရသည်။ ချစ်သူရည်းစား အချင်းချင်း ညှိနှိုင်း၍ အဆင်မပြေလျှင် သူငယ်ချင်းနှင့် ဆွေးနွေး၍ ရသည်။ စိတ်ညစ်စရာ ရှိလျှင်လည်း အချင်းချင်း ဖြေဖျောက်၍ ဖြစ်မြောက်သည်။

ထို့ကြောင့် သူငယ်ချင်း(ကောင်း)ဟူသည် ရှိသင့်ရှိထိုက်သည့် သက်ရှိပစ္စည်းတစ်မျိုးဖြစ်၏။

နက်ရှိုင်းသည်. . . ခရမ်းရောင်ပန်းပွင့်၏သမိုင်းကို သူငယ်ချင်းနှစ်ယောက်အား ဖောက်သည်ပေးလိုက်လေသည်။

နှစ်ကောင်သား မျက်မှောင်ကြီးတွေကုတ်ပြီး စိတ်ဝင်စားသွားကြသည်။

"ဒါဆိုရင် မင်း စန်းပွင့်မလိုလို သေပန်းပွင့်မလိုလို ဖြစ်ခဲ့တာပေါ့လေ ဟုတ်လား. . . "

ဇေဖြိုးက ခရမ်းရောင်ပန်းပွင့်ကိုကြည့်လျက်ဖြင့် မညာမတာ မေးတော့ နက်ရှိုင်း မသက်မသာ ခေါင်းညိတ်ပြလိုက်ရသည်။ မျိုးသီဟက. . .

"ဒီကိစ္စကို မင်း ဘယ်လိုသဘောရလဲ နက်ရှိုင်း. . ."

"ပုစ္ဆာတစ်ပုဒ်ရှိလာပြီဆိုမှတော့ အဖြေထုတ်ရတော့မှာပေါ့ကွာ သူဘယ်သူလဲ. . . ဘယ်ကလဲ. . . ဘာကြောင့် ငါ့ကို ဒီလိုလုပ်သွားရတာလဲ ဆိုတာတွေကို ငါ အရမ်းသိချင်နေတယ်. . .။ အဲ့ဒါတွေကို သာ ပြောပြနိုင်တဲ့ သူရှိရင် ငါ ဦးကုန်းချပစ်လိုက်မယ်. . . တကယ်"

"အင်း. . . မင်းအဖြစ်က တော်တော်ဆိုးဝါးနေပါလားနော်. . . မင်း ဇယားကြီးက တွေးကြည့်ရင် တကယ်လေလောက်စရာပဲ။ ငါလည်း မကယ်နိုင်ဘူး. . . "

www.burmeseclassic.com

www.burmeseclassic.com



ဇေဖြိုးက စာနာဟန်ဖြင့် စိတ်ရှုပ်စွာပြောသည်။ သူလည်း နည်းနည်းတော့ အာရုံနောက်သွား၏။ မျိုးသီဟက ဆတ်ခနဲ လက်ဖျောက်တစ်ချက်တီးပြီး. . .

“ဟုတ်ပြီ. . . အဲဒီကိစ္စကို ငါကယ်မယ်. . . နက်ရှိုင်း. . . ငါ့ကိုမင်း အခုချက်ချင်း ဦးကုန်းချပေတော့. . . ”

“ဟမ်. . . ဘာ. . . ဘာဖြစ်လို့ချရမှာလဲ. . . ”

နက်ရှိုင်း ယောင်နနဖြစ်သွားသည်။ မျိုးသီဟကတော့ ဆရာကြီးစတိုင်လ်ဖြင့် ပြုံးလျက် -

“ငါသိပြီ နက်ရှိုင်း. . . ငါသိသွားပြီ. . .”

“ဘာသိတာလဲ”

“မင်းကို ပန်းပေးသွားတဲ့ အမျိုးသမီးဟာ ဘယ်သူလဲဆိုတာ ငါသိလိုက်ပြီ”

“ ဟော. . . ဟုတ်လား။ ဒါဆိုပြောစမ်း. . .။ အဲ့ဒီအမျိုးသမီးဟာ ဘယ်သူလဲ မြန်မြန်ပြောစမ်းပါကွာ. . .”

နက်ရှိုင်း အားတတ်သရောဖြစ်သွားပြီး မျိုးသီဟ၏ ပခုံးကို လက်နှစ်ဖက်နှင့် ဆုပ်ကိုင်၍ လှုပ်မေးလိုက်၏။ မျိုးသီဟက အမွှေးမရှိသော မေးစေ့အားပွတ်လျက် အိုက်တင်ခံနေသေးသည်။

“မျိုးသီဟတို့က ချက်ဆိုနားခွက်က မီးတောက်ပြီးသားပါ။ အဲဒီအမျိုးသမီးဘယ်သူလဲဆိုတော့. . . ဟင်း. . . ဟင်း. . . ”

“ပြောလေ. . . ဘယ်သူလဲ. . . ”

“ဘယ်သူရှိရမှာလဲကွာ. . . အဲဒီအမျိုးသမီးဟာ မယ်ဝဏ္ဏာပဲဖြစ်ရမယ်”

“ဘာ. . . မယ်ဝဏ္ဏာ ဟုတ်လား. . . ”

နက်ရှိုင်း ကြောင်စီစီဖြစ်သွားသည်။ နာမည်ကလည်း တစ်မျိုးကြီးပဲဟု တွေးလိုက်မိ၏။ ဇေဖြိုးက. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင် မျိုးသီဟ. . . အဲဒီ မယ်ဝဏ္ဏဆိုတာ ဘယ်သူလဲ မင်းသူငယ်ချင်းလား. . . မင်းနဲ့ ငါလည်း ပေါင်းလာတာကြာပြီ အဲဒီ မယ်ဝဏ္ဏကိုတော့ ငါ မသိသေးဘူး. . . ဒီဇိုင်းကကော လန်းရဲ့လား. . . ကြုံရင် ငါနဲ့ မိတ်ဆက်ပေးဦးနော်. . . "

"ဇေဖြိုး. . . အဲ့ဒါ ငါ့ဇယားနော်. . . မင်း ဝင်မကပ်နဲ့. . . မျိုးသီဟ ဒီကောင့်ကို မယ်ဝဏ္ဏနဲ့ မိတ်ဆက်မပေးနဲ့. . . ငါနဲ့ပဲ မိတ်ဆက်ပေး. . . ဒါနဲ့ အဲ့ဒီမယ်ဝဏ္ဏလေးက ဘယ်မှာနေတာလဲဟင်. . . "

မပိုင်ဆိုင်ရာကို လုယက်နေသည့် ဇေဖြိုးနှင့် နက်ရှိုင်းအား ကြည့်၍ မျိုးသီဟ၏ မျက်နှာရှုံ့တွနေလေပြီ။

"မင်းတို့ကလည်းကွာ. . . ငါ ဘယ်မယ်ဝဏ္ဏကို ပြောနေတာ ထင်လို့လဲ. . ."

"ဘယ်မယ်ဝဏ္ဏကိုပြောနေတာလဲ. . . "

"ပြောပြလေ. . . "

နက်ရှိုင်းနှင့် ဇေဖြိုးက တမေးတည်းမေးနေသည်။ မျိုးသီဟ သက်ပြင်းချကာ . . .

"ငါက ပန်းစားဘီလူးမ မယ်ဝဏ္ဏကို ပြောနေတာကွ"

"ဟေ"

"တေဟ"

ဇေဖြိုးနှင့် နက်ရှိုင်း ပါးစပ်အဟောင်းသားဖြင့် မျက်လုံးတွေ ပြူးထွက်လာသည်။ စောစောက ရွှနေတာတွေလည်း ငြိမ်ကျသွား၏။

မျိုးသီဟကတော့ အရှိန်မပျက် ဆက်လိမ့်နေချေသည်။

"နက်ရှိုင်းဖြစ်တာက မှောင်ရီပျိုးဖျအချိန်ကြီးကွ. . . အဲဒီလို အပုပ်ချိန်မျိုးမှာ သရဲခြောက်သလို ပန်းကနေ ဓားဖြစ်လိုက် ဓားကနေ ပန်းဖြစ်လိုက်နဲ့ . . . အမျိုးမျိုးလုပ်ပြပြီးမှ ပန်းပေးသွားတာ ဆိုတော့ ဒါဟာ သာမန် လူသား မိန်းကလေးတစ်ယောက်တော့ ဘယ်လိုမှ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ဘူး . . ။ ပန်းနဲ့လည်း ပတ်သက်နေတာဆိုတော့ ငါထင်တဲ့ အတိုင်း ပန်းစားဘီလူးမ မယ်ဝဏ္ဏပဲဖြစ်ရမယ် . . ."

"တော်စမ်းပါကွာ . . ပေါက်ကရတွေ . . ."

နက်ရှိုင်း စိတ်ပျက်လက်ပျက် ညည်းညူလိုက်ပါသည်။ မျိုးသီဟ က ရယ်ကျဲကျဲနှင့် . . .

"ဘယ်လိုလဲ . . မင်း ငါ့ကို ဦးကုန်းချတော့မလား . . ."

"မင်းလိုကောင်မျိုးကို ဦးတော့မချဘူးဟေ့ . . နဖူးပဲချမယ် ဟောသလို . . ."

နက်ရှိုင်းက ဖတ်ခနဲရိုက်ရန်ပြင်တော့ မျိုးသီဟက ရှောင်ထွက်သွား လေသည်။ မျက်နှာပိုးကတော့ မသေချေ။ ခပ်လှမ်းလှမ်းမှာ ခြေဆင်းထိုင် ရင်း . . .

"ခုနကတော့ဖြင့် ဘီလူးမကို ဇယားလေးဆိုပြီး ချက်ချင်းပဲ ငါ့ကို ဦးကုန်းချတော့မလိုရုပ်နဲ့ . . ဟင်း . . . အခုရုပ်နဲ့ ဘာမှမဆိုင်ဘူး နေစမ်းပါဦး . . ငါပြောတာကို လက်မခံဘူးဆိုတော့ ဒီကိစ္စကို မင်းက ဘယ်လိုထင်လို့လဲ . . ."

"ဘယ်လိုမှမထင်တတ်တော့ဘူး . . တွေးရင်း ခေါင်းမီးတောက် တော့မယ် . . ."

နက်ရှိုင်း ဦးနှောက်ခြောက်နေပြီ။

မတွေးဘဲလည်း မနေနိုင်ပါ။ နှုတ်မရအောင် လျှပ်တစ်ပြက် အတွင်းမှာ ထုတ်ချင်းခတ် စူးနစ်စိုက်ဝင် ခဲ့တာမို့ သူမနှင့်ပတ်သက်မှုအား မေ့ပစ်ဖို့ဆိုတာ ခက်ခဲနေပါသည်။

ဖေဖြိုးက အနားရောက်လာပြီး နက်ရှိုင်း၏ပခုံးကို နှစ်သိမ့်သလို ခွဖွလေးပုတ်၍ . . .

" အဲဒီအကြောင်းတွေကို ခေါင်းရှုပ်ခံပြီး ဆက်တွေးမနေပါနဲ့တော့ နက်ရှိုင်းရယ် . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ. . . ငါ့အတွက် စိုးရိမ်လို့လား. . ."

"မဟုတ်ပါဘူးကွာ. . . တဏှာရှူးရဲ့ခေါင်းကို မီးလောင်တာ မကြည့်ချင်လို့ပါ. . ."

"ဘာ. . . တောက်. . . မင်းကများ ငါ့ကို. . ."

ရုပ်တည်နှင့် လာဖွဲ့နေသော ဇေဖြိုးကြောင့် နက်ရှိုင်း ဒေါ်ခီး သွားသည်။ မတော်မတည့်ဆောင့်ကန်ထည့်လိုက်ရာ ဇေဖြိုး အောင့်အီး ခံလိုက်ရပါသည်။ လမ်းကြိုတာနှင့် မျိုးသီဟကိုလည်း ဆွဲပစ်လိုက် သေး၏။

နှစ်ကောင်သား အူနုကျွဲခတ်သလို အီစလံဝေသွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း – ၃

အမှောင်ထုသည် အရိုင်းဆန်နေချေ၏။ မြေပေါ်မှာပျော်နေသော ညကာလ၏ မြေအောက်တစ်နေရာသည် စုန်းမီးလိုတောက်နေသည်။ ထိုနေရာတွင် ပျော်မြူးချင်သလား. . . ဂွင်တူးချင်သလား . . . လားလိုပါက လား၍ရ၏။

သူတို့သုံးယောက် ကားပေါ်မှဆင်းလိုက်သည်နှင့် တူညီဝတ်စုံကိုယ်စီဝတ်ဆင်ထားသည့် မိန်းကလေးများ ကနွဲ့ကလျ ခါးညွတ်၍ ကြိုဆိုကြသည်။

" မင်္ဂလာပါရှင်. . . "

ချိုအီသောအပြုံးနှင့် အပြင်အဆင်တွေက အနောက်တိုင်းဆန်လွန်းနေသည်။ သာမန်ထက်လျှံကျနေသော ဖော်ရွေမှုမျိုးဖြင့် ပြေးကပ်ကြသည်။ ဝင်လာသူမှန်သမျှကို မကြောင်မငေါ်အောင် ဧည့်ခံနိုင်စွမ်းတော့ သူတို့မှာအပြည့်ရှိ၏။ ဖေဖြိုးနှင့် မျိုးသီဟက ပြီတီတီနှင့် ငမ်းပါသည်။ နက်ရှိုင်းက နှာခေါင်းရှုံ့၏။

လှေကားထစ်များအတိုင်း အနိမ့်တွင်းသို့ သူတို့ နင်းဆင်းသွားလိုက်ကြသည်။ ကောင်တာ၌ ကျသင့်ငွေကို ပေးရှင်းလိုက်၏။ အထဲဝင်ရန်မြင်ရတော့ တာဝန်ရှိသူက စိတ်မပါတပါဟန်ဖြင့် ဟိုစမ်းဒီစမ်း စစ်ဆေးသမှု ပြုပါသည်။ ထိုအဆင့်ကို လွန်မြောက်ပြီးသည်နှင့် သူတို့သုံးယောက် မြေအောက်ခန်းမကျယ်ကြီးအတွင်းသို့ ရောက်ရှိသွားကြလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



နိုက်ကလပ်သည် ဆန္ဒကို တောက်လောင်စေသော မှိန်ဖျော့ဖျော့မီးရောင်ခြည်နှင့် စတင်နေပါပြီ။ ဝိတ်တာတစ်ဦး၏ လိုက်လံ နေရာချထားပေးမှုတွင် နက်ရှိုင်းတို့က သီးသန့်ခြံအား ရွေးချယ်လိုက်ကြသည်။

ဇေဖြိုးနှင့် မျိုးသီဟက သုံးဆောင်ချင်တာကို ဝိတ်တာအား ပွင့်ပွင့်လင်းလင်း မှာလိုက်သည်။ ဒီကလပ်တွင် လိုအပ်တာ အကုန်ရှိ၏။ ခဏကြာတော့ သူတို့ထံသို့ မိန်းကလေးသုံးယောက် ဟိုပစ်ဒီပစ်နှင့် လှုပ်ခါ၍ ရောက်လာကြသည်။ သူမတို့၏ ရက်ရောသော ထုတ်ဖော်ပြသမှုတွေက စိတ်နှလုံးကို ဘောင်ဘင်ခတ်စေ၏။

"ဟယ်လို. . . ဒါလင်. . ."

"မလိုဘူး. . ."

သူ့ဘေးနား စွေ့ခနဲဝင်ထိုင်သော မိန်းကလေးအား နက်ရှိုင်းခါထုတ်ပစ်လိုက်သည်။ သူ ကလပ်တက်သည်မှာ သွေးသားတောင့်တမှုကို အမြင့်ဆုံးရောက်အောင် မြှင့်တင်ပြီး အဆင်သင့်ရှိရာ အပေအတေတွေနှင့် စင်ကြယ်မှုအား ညစ်နွမ်းအောင် ဖျက်စီးရန် မဟုတ်။

မြူးကြွသော **DJ(Disk Jocky)** တီးလုံးများနှင့် ဒစ်စကို မီးရောင်အောက်တွင် ဒန့်စ် **(Dance)** အကကို လွတ်လပ်စွာ ကခုန်ချင်သောကြောင့် ရောက်လာခြင်းဖြစ်သည်။

မျိုးသီဟနှင့် ဇေဖြိုးကတော့ နှစ်သက်မှုမှာ ကိုယ်စီအလုပ်ဖြစ်နေသည်။ မိနစ်ပိုင်းအတွင်းမှာပင် မိန်းကလေးတွေက သူတို့ရင်ခွင်အတွင်းချဉ်းနင်းနေကြပြီ။ သူတို့သည် ကိုယ်စီကိုယ်င နှုးနေကြ၏။

သူတို့ကိုကြည့်၍ (သွေးသားရှိသူပီပီ) ဒီအတိုင်းဆက်နေလျှင် သူလည်း စိတ်ပါလာတော့မှာ ကြိုတွက်မိ၍ အခြားတစ်ဝိုင်းသို့ နက်ရှိုင်းပြောင်းထိုင်လိုက်ပါသည်။ အများကြားထဲတွင် ဗလာသက်သက်ထိုင်ရတာ အဆင်မပြေသဖြင့် မကောင်းမှုထဲမှ ကောင်းမှုကို ရွေးချယ်၍ ဘီယာတစ်ဘူး မှာလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝိတ်တာက ဘီယာဘူးကို သွက်သွက်လက်လက်ယူဆောင်လာပြီး ဖန်ခွက်ထဲ ငှဲ့ပေးရင်း. . .

" ညီလေး. . . တစ်ယောက်တည်းမပျင်းဘူးလား . . . အဖော်ခေါ်ပေးရမလား. . . "

" ရတယ် အစ်ကို. . . မခေါ်နဲ့. . . ကျွန်တော် အေးဆေးနေချင်လို့ပါ"

ဝိတ်တာ၏မြှူဆွယ်မှုကို ငြင်းပယ်ပစ်လိုက်သည်။ ကလပ်ဝင်းတစ်ခုလုံးသည် အပြန်အလှန်အကျိုးစီးပွားအတွက် အခန်းကဏ္ဍ တစ်ခုစီအလိုက် တာဝန်ကျေပွန်စွာ အမျိုးမျိုး ညှစ်ထုတ်ယူငင်နေတာဖြစ်၏။

နီကျင်ကျင်မီးရောင်အောက်တွင် မိန်းကလေးတိုင်းသည် အသွင်ရှိုင်းဖြင့် လှချင်ယောင်ဆောင်နေကြသည်။

အရှက်ဆိုတာ ဘယ်မှာလဲ . . .။ တောက်ပြောင်သော ဝတ်စားခြယ်သမှုများအားကြည့်၍ လမ်းဘေးမှ ရေခဲရေရောင်းနေသည့် စုတ်တီးစုတ်ချာ မိန်းကလေးများကိုပင် အထင်ကြီးချင်သည်။ အထက်ပါအကြောင်းအရာနှင့် အောက်ပါအရည်အချင်းများအား ရင်းနှီး၍ လုပ်စားနေသည်မှာ ရွံရှာစက်ဆုတ်ဖွယ် ကောင်းလှချေ၏။

သူတို့မှာ သူတို့အခက်အခဲနှင့် သူတို့ရှိနိုင်သော်လည်း အခြားထွက်ပေါက်တစ်ခုကို ရှာစေချင်မိပါသည်။

တစ်ယောက်တည်းထိုင်နေသော နက်ရှိုင်းအနီးတဝိုက်တွင် မိန်းကလေးများ ရစ်သီရစ်သီ လုပ်နေကြ၏။ ပြုံးပြလိုက်. . . လက်ညှိုးလေးတွေ ကွေးကောက်လိုက်နှင့်. . . အင်တာနေရှင်နယ် ဘာသာစကားဖြင့် ဝမ်းရေးအတွက် စိန်ခေါ်နေကြသည်။ ပေါ်နေသော သူတို့ချက်ကလေးတွေမှာ ဂျီးရှိ မရှိတော့ ကြည့်ချင်မိပါ၏။

အတွင်းရေးတွေကိုပင် ထွင်းဖောက်မြင်နေရသော ဇာအင်္ကျီအနက်ကို ဝတ်ဆင်ထားသည့်. . . ပျံတံတံ နန့်တန့်တန့် ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကတော့ လှုပ်လီလှုပ်လဲ့ဖြင့် နက်ရှိုင်းထံပါး ရဲဝံ့စွာ တိုးကပ်လာသည်။

"ဟိတ်. . . နိဗ္ဗာန်က ရောက်လာတာလားဟင်. . . ယူ့ကိုကြည့်ရတာ အထီးကျန်ဆန်လိုက်တာ. . ."

"အထီးကျန်ဆန်ဆို အမမှမရှိတာ. . ."

"ဒါဆို တို့ အမလုပ်ပေးရမလား. . ."

"နေပါစေ. . . ကျေးဇူးတင်ပါတယ်. . ."

"ဟွန်း. . . သူကပဲ မူရတယ်ရှိသေး. . ."

အလုပ်မဖြစ်သဖြင့် မျက်နှာစူပုပ်ပုပ်နှင့် ကောင်မလေး ထွက်သွားသည်။ သူတို့နှင့်စာလျှင် အန္တရာယ်ကင်းသော ဘီယာကိုသာ နက်ရှိုင်း မျှင်းစုပ်နေလိုက်သည်။

ဖန်ခွက်ထဲမှ ဘီယာကုန်သွားချိန်မှာပင် မြူးကြွစေသော DJ တီးလုံးသံတွေက သဲသဲမဲမဲ လွင့်စင်ပေါက်ကွဲလာ၏။

အကကို ရှုံးသွပ်ခုံမင်သော နက်ရှိုင်း မရိုးမရွတွေဖြစ်လာသည်။ သူ က, ချင်သွားသည်။ သို့သော် တစ်ယောက်တည်း သွားက,ရမှာလည်း မဝံ့မရဲဖြစ်နေမိ၏။

အဖော်ညှိရန်ကြည့်လိုက်တော့ မျိုးသီဟနှင့် ဇေဖြိုးက မိုးမမြင်လေမမြင်တွေ ခွေနေသည်။ သုံးယောက်အတူက,ကြမည်ဟု တိုင်ပင်ကာလာပြီးမှ အချိုးပြောင်းသွားသော ငနာဖောင်းနှစ်ကောင်ကို နက်ရှိုင်း စိတ်ထဲမှ ဆဲဆိုကြိမ်းဝါးပစ်လိုက်သည်။

ဖီလင်ပျက်သွားမှာစိုးသဖြင့် မနှောင့်ယှက်တော့။

အားကောင်းစွာ ကဆုန်စိုင်းနေသော DJ တီးလုံးသံတွေက နက်ရှိုင်း၏ သွေးကြောများထဲအထိ စိမ့်ဝင်ကူးစက်လာသည်။ နက်ရှိုင်း မနေနိုင်တော့ဘဲ ထိုင်ရာမှထလိုက်သည်။ လူရှင်းနေသော ဒစ်စကိုမီးရောင်အောက်သို့ သူ ပျော်ရွှင်စွာ တိုးဝင်သွားလိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ် ထွေနေသောနက်ရှိုင်းသည် တွေဝေမနေတော့ဘဲ လှုပ်ယိမ်းနေသော ရောင်စုံမီးပွင့်များနှင့်အတူ မြူးတူးစွာ အားပါးတရ က,ခုန်လိုက်လေသည်။

**DJ** တီးလုံးသံတွေက မာန်တင်းပြင်းထန်လာသည်။ နက်ရှိုင်းသည်လည်း မြန်ဆန်စွာ အစွမ်းပြနေ၏။ က,နေရင်း မှော်ဝင်သွားသော နက်ရှိုင်းသည် ခြေကွက်ပြောင်းလဲ၍ ခါးကို ဆတ်ခနဲချိုးချလိုက်ပြီး ကြမ်းပြင်မှာ လက်ထောက်လိုက်သည်။

ထို့နောက် **Under Ground** က,ကွက်ကို ကျွမ်းကျင် သပ်ရပ်စွာ ဖော်ကျူးလေတော့၏။

နက်ရှိုင်း၏ခန္ဓာကိုယ်သည် ဇောက်ထိုးကြီးဖြစ်နေသည်။ ခြေတွေ လက်တွေက လေထဲမှာလွင့်ဝဲလှုပ်ခတ်လျက် ဦးခေါင်းက ကြမ်းပြင်မှာ ထောင်မတ်နေပြီး လူက စကြာလို တရစပ် လည်ပတ်နေသည်။ ခန်းမ ဆောင်ထဲသို့ လက်ခုပ်သံတွေ သောသောညံအောင် လျှံကျလာကြ၏။

နက်ရှိုင်းသည် အကပညာရပ်ကို တပ်မက်လွန်းသောကြောင့် ငယ်စဉ်ကတည်းက ဆည်းပူးလေ့လာ၍ အသေအချာ လေ့ကျင့်ထားသူဖြစ်သည်။ ပြိုင်ပွဲတွေမှာလည်း ဆုတွေအကြိမ်ကြိမ်ရရှိဖူးသည်။

သူသည် တစ်ခါတလေ ဒီလိုပဲ ကြံ့ရာကလပ်တွေမှာဝင်ပြီး စိတ်ပြေ လက်ပျောက် က,ခုန်တတ်၏။ ဂီတနှင့်တကွ လွတ်လပ်စွာ က,ခုန်ရခြင်းသည် အပြစ်ကင်းသော စိတ်၏ထွက်ပေါက်ဟု နက်ရှိုင်းယူဆသည်။ က,ခုန်ပြီးသောအခါ ချွေးဒီးဒီးကျလျက် မောပန်းနေပေမဲ့ လေထဲမှာ လွင့်နေသလို သူ ပေါ့ပါးလန်းဆန်းသွား၏။

နက်ရှိုင်းအနီးသို့ လူငယ်တွေ စုအုံလာသည်။ ချီးကျူးသံများနှင့် အားကျသောအကြည့်တွေကို အပြုံးဖြင့်ရင်ဆိုင်၍ ဒစ်စကိုစက်ကွင်းမှ နက်ရှိုင်း ထွက်လာခဲ့သည်။ နိဒါန်းပျိုးပြီးသား က, ပွဲကတော့ ဆူညံစွာ ဆက်လက် အသက်ဝင်လျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကရုတာမောသွားပြီလား. . . ရော့လေ အမောပြေလေး သောက်လိုက်ပါဦး. . ."

နှလုံးအိမ်ထဲမှာ တဖျပ်ဖျပ်ခုန်သွားသည်။ သူ့အား ဘီယာဘူး ကမ်းပေးနေသော မိန်းမပျိုကိုကြည့်၍ နက်ရှိုင်း အံ့သြ မင်သက်နေပါ သည်။

"ရှင်က တကယ် အကကောင်းတာပဲ. . . ဒီလောက်က,ရုတာ မောနေမှာပေါ့. . . သောက်လိုက်ပါဦးဆို. . . ရော့. . ."

"သင့်ခ်ယူ. . ."

ဘီယာဘူးကို နက်ရှိုင်း ယူလိုက်သည်။ ခရမ်းရောင်မိန်းမပျိုသည် အခုတော့ဖြင့် ကိုယ်လုံးအလှကို ပေါ်လွင်စေသော အနက်ရောင် ကိုယ် ကြပ်ဝတ်စုံအား ဝတ်ဆင်ထားသည်။ သူမကို ဒီလိုနေရာမျိုးမှာ တွေ့ရလိမ့် မည်ဟု သူ လုံးဝမထင်မိခဲ့ချေ။

"ကျွန်တော် ခင်ဗျားကို မျှော်လင့်နေတာကြာပြီ. . ."

"ဘာလဲ. . . ဟိုတစ်ခါ ကျွန်မလုပ်ရပ်က ထူးဆန်းနေလို့လား"

"ကျွန်တော်က ခင်ဗျားလုပ်ရပ်ထက် ခင်ဗျားကို ပိုပြီး စိတ်ဝင်စား တာပါ. . ."

သူမက ခပ်ဖွဖွလေးပြုံးသည်။ ထိုအပြုံးကို ဆန်းသစ်သော **DJ** တေးသွားတစ်ပုဒ်ထက်ပိုပြီး နက်ရှိုင်း စွဲမက်သွားသည်။ သူမသည် ညို့အားပြင်းသော နှစ်လိုဖွယ်သတို့သမီးဖြစ်၏။

ထိုအခိုက်. . .

"ဟာ. . ."

**Rapper** စတိုင်ဝတ်ဆင်ထားသော လူငယ်လေး တစ်ယောက် ဝင်တိုက်လိုက်သဖြင့် နက်ရှိုင်း၏လက်ထဲမှ ဘီယာဘူး လွတ်ကျသွား သည်။ သူမက ထိုလူငယ်လေးကို မကျေမနပ် ကြည့်၏။ ဟိုခမျာ ပြာသွား ရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးပါဗျာ. . . အသစ်တစ်ဘူး သွားဝယ်ပေးပါမယ်နော်"

"ရတယ် ညီလေး. . . မဝယ်နဲ့တော့. . . ကိုယ်လည်း မသောက်ချင်တော့ပါဘူး. . . က,မလို့မဟုတ်လား. . . သွားက,လေ"

"ဟုတ်ကဲ့. . ."

ထိုလူငယ်လေးသည် ကသုတ်ကယက်ထွက်သွား၏။ နက်ရှိုင်းသည် သူမနှင့် မျက်နှာချင်းပြန်ဆိုင်လိုက်သည်။ အလင်းရိပ်တွေ ဟပ်နေသော သူမမျက်နှာတွင် အလိုမကျဟန်က သိသာစွာ ကပ်ချိတ် သီဝေနေ၏။

"ကျွန်မတို့ အေးအေးဆေးဆေး စကားပြောရအောင်လေ"

ထိုဖိတ်ခေါ်မှုကို နက်ရှိုင်း သဘောကျသွားသည်။

"ကျွန်တော်က ဟိုခြံထဲမှာ ထိုင်တာ. . . ခင်ဗျား အဲဒီကို လိုက်နိုင်လား. . ."

"ဟင့်အင်း. . . ကျွန်မ ဒီအထဲမှာစကားမပြောချင်ဘူး. . . တီးလုံးသံတွေက ဆူညံလွန်းတယ်. . . အပြင်ထွက်ပြီး ညရှုခင်းကို ခံစားရင်း ပြောကြတာပေါ့. . . မကောင်းဘူးလား. . ."

"အင်း. . . ကောင်းသားပဲ. . ."

နက်ရှိုင်း မှိုင်းမိသွားလေပြီ။ ငြင်းဆန်နိုင်မှု ကွယ်ပျောက်ပြီး သူမခေါ်ဆောင်ရာနောက်သို့ တစ်သွေမတိမ်း လိုက်ပါသွား၏။ သူမသည် ညဉ့်ငှက်တေလေတစ်ဦးများလား. . . ။ ဒါ အထာဆို. . . သူ ရင်မောသွားပါသည်။ သူတို့နှစ်ယောက် ထွက်ပေါက်မှထွက်လိုက်ကြ၏။ မြေအောက်နှင့် လမ်းမဆီသွယ်ဆက်ထားသော ဆင်ခြေလျှောအတိုင်း အပေါ်သို့ တက်ကြသည်။ မြေအောက်မှာ ဆူညံရှုပ်ထွေးနေသလောက် မြေပေါ်မှာတော့ တိတ်ဆိတ် ငြိမ်သက်နေသည်။

ညဉ့်နက်နေပြီမို့ ပြင်ပသည် ကြောက်စရာကောင်းလောက်အောင် မှောင်မိုက်နေလေပြီ။ လူရိပ်လူယောင်ဟူ၍ မတွေ့မြင်ရတော့ချေ။ချောင်



www.burmeseclassic.com

www.burmeseclassic.com



ကျသော တစ်နေရာရောက်တော့ ရှေ့မှဦးဆောင်နေသော သူမ ရပ်တန့်သွားသဖြင့် နက်ရှိုင်းလည်း ရပ်လိုက်သည်။ သူ့အား သူမက စိမ်းစိမ်းကြီး စိုက်ကြည့်နေချေ၏။

"ကျွန်မ ဘယ်သူလဲဆိုတာ ရှင်သိလား. . ."

သူမအသံက တစ်မျိုးကြီးဖြစ်နေသည်။ သူမရပ်နေပုံကလည်း တောင့်တောင့်မတ်မတ်ကြီး ဖြစ်သည်။ ဆံနွယ်ပင်တွေကိုလည်း ဖားလျားချထားသေးသည်။

ညအမှောင်တွင် အနက်ရောင်ဝတ်စုံနှင့် သူမကိုကြည့်ရတာ သွေးဆာနေသော တစ္ဆေတစ်ကောင်နှင့်ပင်တူနေ၏။

လေပြည်တစ်ချက် အဝှေ့မှာ နက်ရှိုင်း ကျောရိုးတစ်လျှောက် အေးစိမ့်သွားသည်။

"ဒီ. . . ဒီနေရာက မှောင်လွန်းပါတယ်. . . ကျွန်တော်တို့ အထဲမှာပဲ ပြန်နေကြရင်ကောင်းမယ်ထင်တယ်. . ."

သူမက ဘာမှပြန်မပြောဘဲ နက်ရှိုင်းအနား တရွေ့ရွေ့ တိုးကပ်လာသည်။ နက်ရှိုင်း တုန်လှုပ်နေစဉ်မှာပင် သူမ၏ လျှပ်တစ်ပြက်သိုင်းဖက်ခြင်းကို ခံလိုက်ရ၏။

မမျှော်လင့်သော အပြုအမူကြောင့် နက်ရှိုင်း ရင်ဖိုသွားသည်။ အတွေ့အထိတွေက နူးညံ့လွန်း၏။

ကတုန်ကယင်ငေးကြောင်နေရာမှ မထိန်းချုပ်နိုင်တော့ဘဲ သူမ၏ ခါးသိမ်သိမ်ကို ပြန်လည်ပွေ့ဖက်လိုက်မိပါသည်။ အစိမ်းသက်သက်မို့ ဖိန်းရှိန်းသွားရ၏။ အတွေ့အထိဆန်းများတွင် ပျော်ဝင်လျက် အရာအားလုံးကို သူ မေ့လျော့သွားလေသည်။

သူမ. . . ကြမ်းတမ်းဖို့ ကြိုးစားလိုက်၏။

ထိုစဉ်. . .

"နက်ရှိုင်းရေ. . . နက်ရှိုင်း. . ."

www.burmeseclassic.com

www.burmeseclassic.com



အသံနှင့်အတူ မီးရောင်တဝင့်ဝင့်လွင့်လာသည်။ သူ့ကိုယ်မှ သူမ ခန္ဓာကွာသွားသည်။ ခါးကိုဖက်ထားသော သူ့လက်ကို ရုန်းဖယ်၍. . . သူ့ ရင်ဘတ်ကိုတွန်းကာ သူမ နောက်ဆုတ်သွားသည်။ သူ မဖယ်ခွာ ချင်ဘဲ ဖြစ်နေပါသည်။

သို့သော်. . . သူမသည် ပရလောကသားတစ်ဦးကဲ့သို့ အမှောင် ထုအတွင်းသို့ လျှင်မြန်စွာ တိုးဝင်ပျောက်ကွယ်သွားလေသည်။

"ဟော့. . . နေဦးလေ. . . နေပါဦး. . ."

နက်ရှိုင်းသည် သူမနောက်သို့ လိုက်ဖို့ပြင်သည်။ သို့ရာတွင် သူ့ ပခုံးအား ဖမ်းဆွဲခြင်းခံလိုက်ရ၏။

"ဟိတ်ကောင် နက်ရှိုင်း. . . မင်းတစ်ယောက်တည်း ဘာတွေ ဖြစ်နေတာလဲ . . ."

ဇေဖြိုးနှင့် မျိုးသီဟသည် ဓာတ်မီးတစ်လက်ဖြင့် ရောက်လာ ကြ၏။ နက်ရှိုင်း ရင်ဖိုနေတာတွေ မပျောက်သေးဘဲဖြစ်နေသည်။

"သူ. . . သူ. . ."

"ဘယ်သူလဲ. . . ဘာဖြစ်တာလဲ. . ."

"သူ. . . ငါ့ကို ပန်းပေးသွားတဲ့သူ. . ."

"ဘယ်မှာလဲ. . ."

"ခုနကပဲ ဒီနားမှာ ငါနဲ့အတူရှိနေတာလေ. . . မင်းတို့ မမြင်လိုက် ဘူးလား. . ."

ဇေဖြိုးနှင့် မျိုးသီဟ တစ်ယောက်ကိုတစ်ယောက် ကြည့်သည်။ ပြီးတော့ တူညီစွာ ခေါင်းကိုခါယမ်းလိုက်ကြသည်။

"ငါတို့တော့ ဘာမှမမြင်ဘူး. . . တစ်ခုခုတော့ မှားနေပြီ ထင်တယ်"

"မမှားဘူး. . . သူနဲ့ ငါ ဒီနေရာမှာ အတူတူရပ်နေတာ. . . ငါတို့နှစ်ယောက် ဖက်တောင်ဖက်နေကြသေးတယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟေ. . ."

ဇေဖြိုးနှင့် မျိုးသီဟ မျက်စိမျက်နှာပျက်သွားကြသည်။

မျိုးသီဟက အလန့်တကြားဖြင့် နက်ရှိုင်းတစ်ကိုယ်လုံးကို ဓာတ်မီးဖြင့် သိမ်းကျုံးထိုးရင်း. . .

"နက်ရှိုင်း. . . မင်း. . . မင်း. . . ဥစ္စာစောင့်တွေ ဖုတ်စုပ်သွေးကောင်တွေနဲ့များ တွေ့လာသလားကွာ. . ."

"ဖုတ်စုတ်သွေးကောင် မဟုတ်ပါဘူးကွာ။ မင်းကလဲ. . . သွေးစုတ်ဖုတ်ကောင်ပါ"

" ဘာပဲစုပ်စုပ်ကွာ. . . ဒီကိစ္စ သွေးရိုးသားရိုးမဖြစ်နိုင်ဘူး . . . ဟာ. . . ငါ. . . ငါ. . . ကြောက်လာပြီ. . . "

ဇေဖြိုးက နက်ရှိုင်းမမြင်အောင် မျိုးသီဟ၏ ပေါင်ကိုကုတ်၍ အချက်ပြလိုက်သည်။ ဒီတော့မှ မျိုးသီဟ ပါးစပ်ပိတ်သွား၏။ ဇေဖြိုးက ကျောချမ်းနေပေမဲ့ နက်ရှိုင်းပခုံးကိုအသာဖက်၍. . .

"ကဲပါကွာ. . . အဲ့ဒါတွေ ပြောမနေပါနဲ့တော့. . . ငါတို့က မင်း ငါတို့ကို စိတ်ဆိုးပြီးထွက်သွားတာမှတ်လို့ ဂိတ်စောင့်အဘိုးကြီးဆီက ဓာတ်မီးငှားပြီး လိုက်ရှာတာကွ. . . လာ. . . သူငယ်ချင်း. . . လာ. . . ဓာတ်မီးသွားပေးရအောင်. . . ပြီးရင်ပြန်ကြတာပေါ့ . . . စိတ်အေးအေးထားနော် သူငယ်ချင်း. . ."

သူတို့နှင့်အတူ နက်ရှိုင်း တွန့်ဆုတ်တွန့်ဆုတ်ဖြင့် ပါသွားသည်။ ဂိတ်ဝသို့ရောက်သောအခါ ဓာတ်မီးပေးပြီးတာနှင့် တန်းပြန်လာခဲ့ကြသည်။ ဇေဖြိုးနှင့် မျိုးသီဟက နက်ရှိုင်း၏လက်ကို တစ်ဖက်တစ်ချက်ဆွဲ၍ ကားဆီခေါ်လာ၏။ ကားပေါ်ရောက်တာတောင်မှ လက်ကို လွှတ်မပေးချေ။ မြဲမြဲမြံမြံ ချုပ်ကိုင်ထားလေသည်။

ဒီအချိန်ဆို ကလပ်မှာ ဖက်ရှင်ရှိုးစ,နေပြီ။ ပန်းကုံးစွပ်ရတာ ဝါသနာပါသည့် ဇေဖြိုးနှင့် မျိုးသီဟ စောစောစီးစီးပြန်ချလာသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်း နားမလည်နိုင်အောင်ဖြစ်နေသည်။ သို့သော် မလည်တဲ့နားကို ဒီအတိုင်းပင် ထားလိုက်သည်။

အခုလောလောဆယ်မှာ သူ့ကို မရှင်းမလင်း အဖြစ်စေဆုံးက အရသာအသစ်တွေ ပေးကျွေးပြီးမှ ချက်ချင်းလက်ငင်း ပြေးထွက်သွားသည့် ဆန်းကြယ်သော ညှို့ဓာတ်ပိုင်ရှင် သူမသာလျှင်ဖြစ်၏။

ဟူး. . . ဟူး. . . ဟူး. . .

အဟုတ်ပဲ. . . တကယ်စိတ်ရှုပ်တယ်. . .

ဒီမိန်းမကတော့ လုပ်ချလိုက်ပြန်ပါပြီ. . . !!!

www.burmeseclassic.com

www.burmeseclassic.com

## အခန်း – ၄

တီးလုံးသံတိတ်သွားသည်နှင့် လိပ်ပြာလေးများကဲ့သို့ လူးဝဲ က,ခုန်နေသူအားလုံး တိခနဲ ရပ်စဲသွားကြသည်။ အထူးတလည် ကြိုးစားကြသည့် သူ့သင်တန်းသားများကိုကြည့်၍ နက်ရှိုင်း အားရကျေနပ်နေ၏။

" ကဲ. . . အားလုံးပဲခဏနားမယ်. . . အမောဖြေကြဦးပေါ့"

နက်ရှိုင်းသည် အတွင်းပိုင်းရှိ သူ၏သီးသန့်ခန်း၌ ဝင်နားနေလိုက်သည်။ သူ့ရှေ့စားပွဲခုံပေါ်မှ ပန်းအိုးထဲတွင်တော့ ခရမ်းရောင်ပန်းပွင့်က မားမားစွင့်စွင့် ရပ်နေသည်။

သူငေးတ်နေသည်။ မနေ့ညက မေ့မရစရာတွေကို ပြန်မှန်းဆရင်း တမ်းတနေမိသည်။

သူမသည် ဘယ်လိုလူစားပါလိမ့်. . .

ဒီမိန်းမကို ကြိုက်ရခိုက်ရတာ စိတ်အိုက်လှသည်။ လိုက်လံရှာဖွေဖို့ဆိုတာကလည်း ခြေကျိုးနေသော မျက်ကန်းကို လေထဲမှာ ပျံသန်းနေသည့် ပိုးစုန်းကြူးဖမ်းခိုင်းတာထက်ပင် အကြောင်းဆိုးနိုင်သည်။

" ဆရာ. . . အပြင်မှာ ဆရာ့ကိုတွေ့ချင်လို့တဲ့. . . လူသုံးယောက် ရောက်နေတယ်. . . "

ကောင်လေးတစ်ယောက်၏ အကြောင်းကြားမှုကြောင့် နက်ရှိုင်းတွေးလက်စတွေ ပျောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူတွေလဲ. . ."

"မသိဘူး ခင်ဗျ. . . သုံးယောက်. . . အရေးကြီးတယ်လို့တော့ ပြောတာပဲ. . . မတွေ့ရတာလည်းကြာလို့တဲ့. . ."

"အေး. . . ဒါဆို လွှတ်လိုက်လေ. . ."

လျှော့တိလျှော့ရဲထိုင်နေရာမှ ခန္ဓာကိုယ်ကို မတ်မတ်ပြင်ထိုင်လိုက်သည်။ ဘယ်သူတွေများပါလိမ့်ဆိုပြီး စိတ်ဝင်စားသွားမိ၏။

ခဏကြာတော့ အခန်းတံခါးပွင့်ပြီး လူသုံးယောက်ဝင်လာသည်။

"အဟီး. . . မတွေ့ရတာကြာလို့ပါကွာ. . ."

"ဟာ. . . ခွေးသူတောင်းစားတွေ. . ."

ဇေဖြိုးနှင့် မျိုးသီဟကို စပ်ဖြီးဖြီးရုပ်တွေနှင့် တွေ့လိုက်ရသဖြင့် နက်ရှိုင်း စိတ်ညစ်သွားသည်။ သင်တန်းသူများအား ငမ်းမှာစိုးသောကြောင့် မျက်နှာမပျက်ချင်၍ ဇေဖြိုးနှင့် မျိုးသီဟကို သင်တန်းမလာဖို့ သူ မှာထားတာဖြစ်သည်။

"မင်းတို့ ငါ့ဆီကို ဘာလာလုပ်ကြတာလဲကွာ. . . ငါ့အလုပ်ချိန်မှာ လာမနှောင့်ယှက်ပါနဲ့လို့ ပြောထားလိုက်သားနဲ့"

"လာနှောင့်ယှက်တာ မဟုတ်ပါဘူးကွာ. . . မင်းအကြောင်း တွေ ပြောပြလိုက်တော့ ဒီအစ်ကိုကြီးက အရမ်းစိတ်ဝင်စားသွားတယ် . . . အဲ့ဒါ မင်းကိုတွေ့ပြီး အနည်းအပါး မေးမြန်းချင်တယ်ဆိုလို့ ခေါ်လာတာ. . . ဒီ အစ်ကိုကြီးနာမည်က သက်နိုင်ဦးတဲ့. . . အစ်ကို . . . ဒါက ကျွန်တော်တို့ပြောတဲ့ နက်ရှိုင်းဆိုတာပေါ့ . . ."

ဇေဖြိုးက သူတို့နှင့်အတူပါလာသူနှင့် မိတ်ဆက်ပေးသည်။ သက်နိုင်ဦးဆိုသူသည် သားနားသပ်ရပ်သည့် လူရည်သန့်တစ်ဦး ဖြစ်၏။ နက်ရှိုင်းက အားနာစွာဖြင့် . . .

"ဆောရီးနော် အစ်ကို. . . ဒီကောင်တွေက ရှုပ်လွန်းအားကြီးလို့ ပြောလိုက်မိတာပါ. . . အစ်ကိုက ဘာသိချင်တာလဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



သက်နိုင်ဦးက မျိုးသီဟနှင့် ဇေဖြိုးကိုကြည့်သည်။ မျိုးသီဟက ခရမ်းရောင်ပန်းပွင့်ကို လက်ညှိုးထိုး၍. . .

"ဒီအစ်ကိုက ဒီပန်းနဲ့ပတ်သက်ပြီး သိချင်တာပါ. . ."

"ဗျာ. . ."

နက်ရှိုင်း ကြောင်တက်သွားရသည်။ သူက သူ့အလုပ်ကိစ္စနှင့် ပတ်သက်ပြီး မေးလိမ့်မည်ဟု ထင်ထားတာ. . . အခုတော့ အလွဲကြီး လွဲသွား၏။ မျိုးသီဟက -

"သူငယ်ချင်း. . . မင်း သူမေးတာတွေကို စိတ်အေးအေးထားပြီး ဖြေပေးလိုက်ပါကွာ. . ."

"အေးပါ. . . ငါနားလည်ပါတယ်. . . အစ်ကိုကြီး. . . မေးလေ . . . ဘာမေးမလဲ. . . အေးဆေးပေါ့. . . ထိုင်ပါဦး. . ."

သူငယ်ချင်းတွေ မျက်နှာမပျက်ရအောင် နက်ရှိုင်း လောကွတ် လုပ်လိုက်သည်။ သက်နိုင်ဦးက ခုံတစ်ခုံကို နက်ရှိုင်းရှေ့တည့်တည့်သို့ ရွှေ့၍ထိုင်၏။ ထို့နောက် နက်ရှိုင်း မျက်နှာကိုစိုက်ကြည့်၍ -

"ဒီပန်းကို ညီလေး ဘယ်ကနေ အလစ်သုတ်လာတာလဲ"

"ဟာ. . . အလစ်သုတ်လာတာ မဟုတ်ပါဘူးဗျာ. . . မိန်းကလေး တစ်ယောက် ပေးသွားတာပါ. . ."

နက်ရှိုင်း အောင့်သက်သက်ဖြစ်သွားသည်။ သက်နိုင်ဦးက -

"ဒါဆိုရင် ညီလေးကို ဒီပန်းပေးသွားတာကစ,ပြီး ညကအထိ ဖြစ်ပျက်သမျှအားလုံး အစ်ကို့ကိုပြန်ပြောပြပါဦး"

တရားခံစစ်,စစ်နေတာကို အားနာမှု ဝတ္တရားလိုက်လျောမှုဖြင့် နက်ရှိုင်း အကြောင်းစုံ ပြန်ပြောပြလိုက်သည်။

သူမ၏လုပ်ဆောင်ချက်များကို ပြောနေရင်းမှပင် မော်ဆန်သော သူမအား ပြင်းပြင်းထန်ထန် လွမ်းဆွတ်လာသည်။ ဒီနွယ်က ခုံထဲမှာ နက်နက်နဲနဲ အမြစ်တွယ်နေပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်း၏ စကားဆုံးသွားသောအခါ သက်နိုင်ဦး သက်ပြင်းချကာ. . .

"အင်း. . . ဒါ ဟယ်လူစီနေးရှင်းပဲ. . ."

"ဗျာ. . . ဘာ. . . ဘာပြောတာလဲ. . ."

"သြော်. . . ညီလေး ညဘက်တွေ အိပ်ပျော်လားလို့ မေးတာပါ"

"ဟုတ်ကဲ့. . . အိပ်ပျော်ပါတယ်. . . ဘာဖြစ်လို့လဲ. . ."

"ဘာမှမဖြစ်ပါဘူး . . ."

အမှန်တော့ သက်နိုင်ဦးသည် ဆရာဝန်ပေါက်စတစ်ဦး ဖြစ်သည်။ ဖေဖြိုးနှင့် မျိုးသီဟက နက်ရှိုင်း မူမမှန်ပုံကိုကြည့်၍ စိတ်ဝေဒနာဖြစ်နေပြီဟုယူဆကာ အကျိုးအကြောင်းပြောပြပြီး ခေါ်လာတာဖြစ်၏။

သက်နိုင်ဦးသည် နက်ရှိုင်းအား ဟယ်လူစီနေရှင်း(**Hallucination**)ဟူသော ထင်ယောင်မြင်မှားဖြစ်တတ်သည့် ရောဂါရပြီး စိတ်ကယောင်ချောက်ချားဖြစ်နေတာဟု ထင်သွားသည်။ နက်ရှိုင်းကတော့ ဘာမှမသိဘဲ ပြုံးပြုံးကြီးလုပ်နေ၏။

အခန်းပတ်ပတ်လည်မှာကပ်ထားသည့် ကမ္ဘာကျော် **Dancer** ပညာရှင်များ၏ ဖောက်ထိုးမိုးမျှော် ပိုစတာရုပ်ပုံတွေကို သက်နိုင်ဦးက အံ့သြစွာကြည့်၍ . . .

"ညီလေးက အကသင်တန်းဖွင့်ထားတာဆိုတော့ ဒီလိုမျိုးတွေတော့ က,လား. . ."

"ဟာ. . . က,တာပေါ့. . . ညတုန်းကတောင် ကလပ်မှာ"သူ အဲ့လိုတွေ ခြေထောက်မိုးပေါ်ထောင်ပြီးက,သေးတယ်. . ."

မျိုးသီဟက ဝင်ပြောတော့ သက်နိုင်ဦးက ပိုမိုသေချာသွားဟန်ဖြင့် ခေါင်းတဆတ်ဆတ် ညိတ်သည်။ နှုတ်မှ တိုးဖွဖွဖြင့် -

"အင်း. . . ဟုတ်နေပါပြီ. . . ဒီလောက် ဖင်တစ်ပြန် ခေါင်းတစ်ပြန် ကမြင်းနေမှတော့ ဦးနှောက်တွေ ချောင်ကုန်ပြီပေါ့ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ . . . အစ်ကို ဘာပြောလိုက်တာလဲဟင်. . ."

"ဩော် . . . အကပညာရှင်တွေကို လေးစားတယ်လို့ ပြောတာပါ"

"ဟုတ်ကဲ့. . . ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျ. . ."

မကြားတကြားမို့ နက်ရှိုင်း ဖောရှောလုပ်နေရ၏။ စိတ်ထဲမှာတော့ မတင်မကျ ဖြစ်နေသည်။ သက်နိုင်ဦးက သူ့လက်ဆွဲအိတ်ထဲမှ ဆေးပြားတွေထုတ်၍ ဇေဖြိုးနှင့် မျိုးသီဟကို ပေးလိုက်သည်။ နောက်တော့ သူတို့သုံးယောက် တိုးစိတိုးစိတိုင်ပင်ကြ၏။

"အခုလောလောဆယ်မှာတော့ ဒီဆေးတွေကိုပဲ တိုက်ထားဦး . . . အခြေအနေ ဒီထက်ဆိုးဝါးလာရင်တော့ အစ်ကို့ဆီ အမြန်အကြောင်းကြား၊ ဟိုကိုပို့သင့်ရင်ပို့ပြီး ကြည့်လုပ်ကြတာပေါ့"

"ဘယ်လဲ. . . ရှာသာကြီးလား. . ."

"အင်း. . . ဟုတ်တယ်. . ."

အမူအရာတွေက သူ့ကိုကြည့်လိုက် နားထင်ကို လက်နှင့်ထောက်လိုက် စကားပြောလိုက်နှင့်. . . ဂေါက်နေပြီဆိုတဲ့သဘော။

ရိပ်ဖမ်း သံဖမ်း အကဲခတ်ရင်း သူ့အနေအထားသူ နက်ရှိုင်းသဘောပေါက်သွားသည်။ ထိုင်ရာမှ ဝုန်းခနဲထ,ရပ်လိုက်သည်။

"ဟိတ်ကောင်တွေ. . . မင်းတို့က ငါ့ကို အရူးလို့ သတ်မှတ်နေကြတာပေါ့လေဟုတ်လား. . . တွေ့မယ်. . . မင်းတို့နဲ့ ငါ တွေ့မယ်"

နက်ရှိုင်း ဒေါသထွက်ပြီး တရှူးရှူးနှင့် ဝုန်းဒိုင်းကျဲတော့သည်။ ဇေဖြိုးနှင့် မျိုးသီဟ မျက်လုံးပြူးသွားကြပါသည်။

"ဆရာ. . . ဆရာ. . . လုပ်ပါဦး. . . စိတ်ဖောက်သွားပြီ. . ."

"ချုပ်လိုက်. . . ချုပ်လိုက်. . . စိတ်ငြိမ်ဆေးထိုးပေးလိုက်မယ် ဒီရောဂါသည်တွေက ဒီလိုပဲကွ. . . ညီလေး. . . စိတ်ထိန်း. . . စိတ်ထိန်း"

www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်း. . . စိတ်ကိုလွှတ်မပေးလိုက်နဲ့လေ. . ."

ဇေဖြိုးနှင့် မျိုးသီဟက နက်ရှိုင်းကို ပြေးချုပ်သည်။ သက်နိုင်ဦးက ပုလင်းထဲမှဆေးရည်ကို ဆေးပိုက်ဖြင့် ကပျာကသီ စုပ်သည်။ ပြီးတာနှင့် အပ်ကြီးတရမ်းရမ်းဖြင့် နက်ရှိုင်းအနား ကပ်လာလေသည်။

ကြောက်လန့်တကြားဖြင့် နက်ရှိုင်း ရုန်းကန်နေသည်။ ဆူညံသော အသံများကြောင့် အပြင်မှသင်တန်းသားများ အထဲပြေးဝင်လာကြ၏။

"ဘာဖြစ်တာလဲ. . . ဘာဖြစ်တာလဲ. . ."

"ဒီလူတွေ ငါ့ကို ဆေးထိုးသတ်မလို့တဲ့. . . အရှုးတွေ. . . သုံးယောက်စလုံးကို အခန်းထဲက ဆွဲထုတ်ပစ်ကြစမ်း. . ."

နက်ရှိုင်း အမိန့်ပေးလိုက်တာနှင့် ကောင်လေးတွေက ဝေါခနဲရှေ့တက်လာပြီး ဇေဖြိုး၊ မျိုးသီဟ၊ သက်နိုင်ဦးတို့သုံးဦးစလုံးကို ဝိုင်းဝန်းဆွဲထုတ်သွားကြသည်။

"ငါတို့ဆရာကို နောက် လာမနှောင့်ယှက်နဲ့. . . အရှုးတွေနော် . . . သေသွားမယ်. . . နောက်တစ်ခါ ဒီအနားကပ်လာတာနဲ့ သတ်ပစ်မယ်"

ပါးစပ်နှင့် ခြိမ်းခြောက်ကြသလို ခြေစလက်စ ရှိသူတွေကလည်း ထိုးကြိတ် ကန်ကျောက်ကြ၏။ အရှုးကုရန်လာသူများသည် ဒဏ်ရာ ကိုယ်စီရပြီး ခွေးပြေးမြင်းပြေး ဆင်းပြေးသွားကြလေသည်။

တစ်ယောက်တစ်ပေါက် မေးမြန်းသံများကြားမှ နက်ရှိုင်းသာ စိတ်မောလူမောဖြင့် မူးဝေကျန်ခဲ့သည်။

ပြောပါဦး. . .

သူဟာ တကယ်ပဲ ရူးနေပြီလား. . . ???



www.burmeseclassic.com

www.burmeseclassic.com

## အခန်း – ၅

သင်တန်းပြီးတာနှင့် စိတ်ထဲမှ ချုပ်တွေကို ခုတ်ထွင် ရှင်းလင်း၍ နက်ရှိုင်း အိမ်ပြန်လာခဲ့သည်။ ခရမ်းရောင်ပန်းပွင့်လေးကိုတော့ အဖော်မဲ့စွာ မထားခဲ့ချင်၍ ယူဆောင်လာသည်။ ကျောပိုးအိတ်ထဲထည့်လျှင် မညှိုးပန်းလေး နွမ်းကြေသွားမှာ စိုးကြောက်သဖြင့် လက်မှာသာ ကိုင်လာခဲ့၏။

"ဟော. . . သား ပြန်လာပြီ၊ ဆရာဝိဇ္ဇာ. . . သူပါပဲရှင်"

နက်ရှိုင်း အိမ်ထဲဝင်ဝင်ချင်း မိခင်ဖြစ်သူ၏အသံကို ကြားလိုက်ရသည်။ ပြီးတော့ ဘိုးတော်လိုလို ရသေ့လိုလို ထွက်ရာပေါက် ပုဂ္ဂိုလ်လိုလိုနှင့် လိုလိုလိုလို လူတစ်ယောက်ကို မလိုလားစွာတွေ့လိုက်ရသည်။ လည်ပင်းမှာလည်း ဧရာမ ပုတီးကြီးတစ်ကုံးအား ဇက်ကျိုးမတတ် ဆွဲထားသေး၏။

နက်ရှိုင်း၏မိခင်က နက်ရှိုင်း၏လက်ထဲမှ ခရမ်းရောင်ပန်းပွင့်ကို ကြည့်ပြီး -

"အင်း. . . ဟုတ်နေပါပြီ၊ ဖေဖြိုးနဲ့ မျိုးသီဟ လာပြောသွားတာတွေက တကယ်အမှန်ပဲကိုး. . ."

နက်ရှိုင်း ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

"ဘာတွေလဲ မာမီ. . . အဲဒီကောင်တွေ မာမီ့ကို ဘာမဟုတ်တာတွေ လာပြောသွားလဲ. . . သူတို့ ကျွန်တော့်ကို သင်တန်းအသွားတောင် အရှက်လာခွဲတယ်. . . "



www.burmeseclassic.com

www.burmeseclassic.com



"တော်တော့ သား. . . ဘာမှ မပြောနဲ့တော့. . . မင်းလက်ထဲက ခန်းကို မြင်တာနဲ့တင် ဇေဖြိုးနဲ့ မျိုးသီဟပြောတာ အမှန်ဆိုတာ သေချာနေပြီ. . .။ စောစောစီးစီးသိလို့ တော်သေးတာပေါ့. . . ဒီဆရာကြီးက အပမှီတာတွေ အောက်လမ်းနဲ့ ပတ်သက်တာတွေဆိုရင် အရမ်းနိုင်တာ . . . သားဖြစ်နေတဲ့ ရောဂါဝေဒနာတွေကို ဒီဆရာကြီး ကုပေးလိမ့်မယ်. . . ဆရာကြီး နာမည်က ဝိဇ္ဇာတဲ့. . . ကဲ. . . သား ဆရာကြီးကို ကန်တော့လိုက်"

" ဟာ. . . ဘာဖြစ်လို့ ကန်တော့ရမှာလဲ၊ မကန်တော့နိုင်ပါဘူး"

"အလို. . . ဒီနာနာဘာဝ ဆောင့်ကြွားကြွား နိုင်လှချည်လား . . . ဝိဇ္ဇာတို့ကလည်း ဒါမျိုးကို တွေ့ချင်နေတာ. . ."

ဝိဇ္ဇာက သူ့လည်ပင်းမှ ကြက်ဥလုံးလောက်ရှိသည့် ပုတီးစေ့များဖြင့် ပုတီးကြီးကို ဖြုတ်ယူလိုက်သည်။

"အစ်မကြီး စိတ်သာချ. . . ခင်ဗျားသားမှာ ဝင်နေတဲ့ ဖုတ်ကို ထွက်အောင်လုပ်ပေးမယ်. . ."

"လုပ်ပါ ဆရာရယ် လုပ်ပါ. . . အားကိုးပါတယ်"

"ဘာဖုတ်လဲ. . . ကျွန်တော့်မှာ ဘာဖုတ်မှမရှိဘူး. . . "

နက်ရှိုင်း စိတ်ရှုပ်ရှုပ်နှင့် အော်ပစ်လိုက်သည်။ ဝိဇ္ဇာက ပုတီးကြီးကို တဝှီးဝှီး ဝှေ့ယမ်းပြီး . . .

"ငါ့ကို ပြန်မပြောနဲ့ . . . ဟဲ့ဖုတ် . . . နင့်လက်ထဲကပန်း ငါ့ပေးစမ်း"

"ဘာလို့ပေးရမှာလဲ . . . "

"အောင်မာ. . . ငါလိုဆရာကို အာခံတယ်ပေါ့လေ. . . ဟော့ ဒီးပေါ်မှာနဂါး. . . မြေပြင်မှာ ကျား. . . လူပြည့်မှာ ငါဆရာဝိဇ္ဇာဆိုတာ မကြားဖူးဘူးလား"

"ဟင့်အင်း. . . မကြားဖူးဘူး. . . "



www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . . တောက်၊ မကြားဘူးဦးဟာ. . . ကဲ"

"ဖြောင်း. . ."

"အား. . ."

နက်ရှိုင်းသည် ပုတီးနှင့် ဖြတ်ရိုက်တာ ခံလိုက်ရ၏။ ပြင်းရှစပ်ဖျင်းသော နာကျင်မှုကြောင့် နက်ရှိုင်း ဒေါသထွက်သွားသည်။

"ခင်ဗျားက ကျွန်တော့်ကို ရိုက်တယ်ပေါ့လေ. . . ဟုတ်လား၊ တွေ့မယ်. . . နက်ရှိုင်းတို့က ကိုယ့်အပေါ်မှာ မယဉ်ကျေးလို့ကတော့ လူမရွေးဘူး၊ ခပ်ရိုင်းရိုင်းပဲ ဆက်ဆံတတ်တယ်. . . ခင်ဗျားက ဝိဇ္ဇာ. . . ကျွန်တော်က သိပ္ပံနဲ့ ကျောင်းပြီးထားတဲ့ နက်ရှိုင်း၊ ကိုင်း. . . ဘယ်သူက သာမလဲဆိုတာ ကြည့်ကြသေးတာပေါ့ လာစမ်း . . . "

နက်ရှိုင်းသည် ပန်းပွင့်ကို အနီးမှ ဗီရိုခေါင်းပေါ်တင်၍ ကျောပိုးအိတ်ကိုချွတ်ကာ ဝိဇ္ဇာအား ပြန်ရိုက်လေသည်။

"ဖုန်း. . ."

"အဲ့ဒါ သိပ္ပံနက်ရှိုင်းကွ"

"ဟဲ့သား. . . ဆရာဝိဇ္ဇာကို မလုပ်နဲ့လေ"

နက်ရှိုင်း၏ မိခင်က တားရန်အတွက် ကြားဝင်လာသည်။ ဝိဇ္ဇာက တွန်းဖယ်ပစ်လိုက်၏။

"အစ်မကြီးဘေးဖယ်နေ. . . ဒီဖုတ်ကို ကျုပ် နှိမ်နင်းလိုက်မယ် . . . ဖုတ်ရေ. . . သေဖို့သာပြင်"

" ဘာဖုတ်လဲ. . . လာပြန်ပြီလား. . . အဲဒီဖုတ်. . . မကြီး မငယ်နဲ့ ယုတ်ပတ်ဦးဟာ"

"ဖုန်း. . ."

နက်ရှိုင်းကကျောပိုးအိတ်နှင့် အားကုန် လွှဲရိုက်ထည့်လိုက်ရာ ဝိဇ္ဇာ ယိုင်ထွက်သွားသည်။ သို့သော် ချက်ချင်းပဲ နက်ရှိုင်းအား ပုတီးဖြင့် ပြန်ရိုက်သည်။ နက်ရှိုင်းက ပုတီးကို ကျောပိုးအိတ်နှင့် ကာပြီး အရှိန်သတော့မှ

www.burmeseclassic.com

www.burmeseclassic.com



မ်းပြီး ဆောင့်ဆွဲလိုက်၏။ ထိုအခါ ပုတီးက နက်ရှိုင်းလက်ထဲ ပါသွားတော့သည်။

"ဟား. . . ဟား. . . ငါ့အလှည့်. . . ဒီတစ်ခါ ခင်ဗျား ဖုတ်ဖြစ်သွားပြီ. . . သေဖို့သာ ပြင်ပေတော့. . . "

နက်ရှိုင်းက ပုတီးကြီးကို ဗိုးခနဲ ဗိုးခနဲ ဝှေ့ရမ်းပြီး ဝိဇ္ဇာကို လိုက်ရိုက်လေသည်။ ဝိဇ္ဇာကြီးသည် ကြောက်လန့်တကြား အိမ်ထဲမှာ တိုရှောင်ဒီတိမ်းလုပ်နေသည်။

"အစ်မကြီးရေ. . . ဒီဖုတ်ကို ကျုပ်မနိုင်တော့ဘူး. . . ဒီဖုတ်က ကျုပ်ကိုပြန်လုပ်နေပြီဗျို့. . . "

"လုပ်မှာ လုပ်မှာ. . . စိတ်သာချ. . . ခင်ဗျားတို့လို ညာဝါစားနေတဲ့လူတွေကို လုပ်ချင်နေတာ. . . "

"ဟဲ့သား. . . မလုပ်နဲ့လေ. . . အို. . . ဒီကလေး ကယောင်ကတမ်းတွေ ဖြစ်နေပြီ ထင်ပါတယ် . . . "

နက်ရှိုင်း၏မိခင်က ဝင်ဆွဲသည်။ နက်ရှိုင်းက အတင်းလိုက်ရိုက်သည်။ ဝိဇ္ဇာက ပိုသီပတ်သီ ပတ်ပြေးသည်။ အခြေအနေက စိမ်ပြေးတမ်းကစားနေသလိုမျိုး လုံးချာလည် ရှုပ်ထွေးနေချေ၏။

"ဟော့. . . ဘာတွေဖြစ်နေကြတာလဲ. . . တစ်အိမ်လုံး ဆူညံနေတာပဲ"

ကျယ်လောင်သောအသံကြောင့် လှုပ်ရှားမှုများ အားလုံး ရပ်သွားကြ၏။ နက်ရှိုင်း၏ဖခင် ဦးဇော်မင်း ကုမ္ပဏီမှ ပြန်လာပြီ ဖြစ်သည်။

"ပြောစမ်း. . . ဘာတွေဖြစ်နေတာလဲ. . . ကစားနေကြတာလား"

"မဟုတ်ပါဘူး. . . ဖုတ်. . . ဖုတ်. . . ကျုပ်ကိုလုပ်နေလို့"

ဝိဇ္ဇာက ကာဘာယူသလို ဦးဇော်မင်းအနား ပြေးကပ်သွားသည်။ ဦးဇော်မင်းက အသွင်အပြင် ထူးခြားနေသော ဝိဇ္ဇာကို ကြည့်၍. . .

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက ဘယ်သူလဲ"

"ဝိဇ္ဇာပါ. . ."

"ဟာ. . . ဘာလဲဟ. . . စိတ်သိပ်မနှံ့ဘူးထင်တယ်. . . ဒီမှာ ဝိဇ္ဇာတွေ ဇော်ဂျီတွေလာလုပ်မနေနဲ့. . . ခင်ဗျား ဒီအိမ်ထဲ ဘာဝင်လုပ်တာလဲ၊ ပြောစမ်း. . ."

"ဟို. . . ဟို. . . ဒီအစ်မကြီးခေါ်လို့ လိုက်လာတာပါ. . ."

ဝိဇ္ဇာက နက်ရှိုင်း၏မိခင်ကို လက်ညှိုးထိုးပြီး တုန်တုန်ရီရီ ပြောရှာသည်။ မျက်နှာကြောတင်းသော ဦးဇော်မင်းကို ဝိဇ္ဇာလန့်နေ၏။ ဦးဇော်မင်းက သူ့မိန်းမဘက်လှည့်ကာ . . .

"မယ်ထား. . . မင်းက ဘာဖြစ်လို့ အရူးကို အိမ်ခေါ်လာရတာလဲ"

"ဟာ. . ."

ဝိဇ္ဇာခံနေရသည်။ သို့သော် သားအဖနှစ်ယောက် ဝိတ်ကြောင့် ပြန်မပြောဝံ့ချေ။

နက်ရှိုင်းကတော့ ကြိတ်ဝမ်းသာနေသည်။

" ငါမေးတာပြောလေ မယ်ထား. . . မင်းက အရူးကို ဘာကြောင့် အိမ်ပေါ်ခေါ်လာတာလဲ. . . သူက မင်းအစ်ကိုမို့လို့လား . . ."

"အို. . . မဟုတ်ပါဘူး. . ."

"ဒါဆို ဘာလို့ ခေါ်လာတာလဲ. . ."

"ရှင့်သားလေ. . . ရှင့်သားကို အပမှီနေလို့ ကုဖို့ခေါ်လာတာ . . . သူက အရူးမဟုတ်ပါဘူး. . . ဆေးဆရာပါ. . ."

ဝိဇ္ဇာက ရင်ကော့ပြီး ရှေ့တိုးလာသည်။

"ဟုတ်ပါတယ်. . . ကျုပ်က အရူးမဟုတ်ပါဘူး. . . ဆေးဆရာပါ"

"သွားစမ်းပါဗျာ. . . အထင်မကြီးပါဘူး. . ."

www.burmeseclassic.com

www.burmeseclassic.com



ဦးဇော်မင်းက ခပ်တင်းတင်းပြောလိုက်ရာ ဝိဇ္ဇာ၏မျက်နှာ မဲ့မဲ့ကြီး ဖြစ်သွားသည်။ ဦးဇော်မင်းသည် သူ့သား နက်ရှိုင်းအား ခြေဆုံး ခေါင်းဆုံး သေချာ အကဲခတ်၍ ကြည့်၏။ ပြီးမှ. . .

"သား. . . မင်းမာမီပြောတာ ဟုတ်လား"

"မဟုတ်ဘူး ဒက်ဒီ. . . သားကို အထင်လွဲနေကြတာပါ . . . ဘယ်အပမှ မမှီပါဘူး. . ."

လိပ်ပတ်လည်အောင် အခြေအနေကို လိုတိုးပိုလျှော့ အကျဉ်း ချုပ်၍ နက်ရှိုင်း ပြောပြလိုက်၏။

နှိုင်းချင့်စဉ်းစားတတ်သော ဦးဇော်မင်းက အမှန်တရားကို ရိပ်မိ သွားပြီး သူ့မိန်းမအား မန်မဲသည်။

"ဘယ်အရာမဆို သေချာ ဝေဖန်ပိုင်းခြားပြီးမှ လုပ်မှပေါ့ မယ်ထား ရယ်. . . မင်းတို့လိုလူမျိုးတွေရှိနေလို့ လူလိမ်လူညာတွေ အလုပ်ဖြစ်နေ တာ၊ ကံကောင်းလို့ ငါ့သား ဘာမှမဖြစ်တယ်. . . အပမှီတာဆိုပြီး အဲဒီလို ရိုက်နှက်ကုရင်း လက်လွန်ပြီး သေသွားတဲ့ လူတွေရှိတယ်ကွ. . . သေကာမှ သိုက်ကပဲ ပြန်ခေါ်သွားသလိုလိုတွေ လျှောက်ပြောကြရော . . . အလကား အဓိပ္ပာယ်မရှိတာတွေ. . . သွား . . . ခင်ဗျားလည်း ပြန်တော့"

ဦးဇော်မင်းက ဝိဇ္ဇာကို ပေါ်တင်မောင်းထုတ်လိုက်သည်။ သူသည် မမောက်မာပေမယ့် လိုအပ်လျှင် ခွဲခြား၍ ပြတ်သားတတ်သူဖြစ်သည်။ ဝိဇ္ဇာက မျက်လုံးလေး ကလယ်ကလယ်နှင့် လက်ကလေးဖြန့်ပြီး . . .

"ဟို. . . ဟို. . . ပ. . . ပုတီးလေးတော့ ပြန်ပေးပါဦး. . . ဒါလေးနဲ့ လုပ်စားနေရတာမို့လို့ပါ. . ."

" ရော့. . . "

ပုတီးကုံးကို နက်ရှိုင်းပစ်ပေးလိုက်သည်။ ဝိဇ္ဇာသည် ပုတီးရသည်နှင့် တပျာကယာ သုတ်ခြေတင် သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်း၏စိတ်ထဲမှာ ရယ်ချင်သလိုလို ငိုချင်သလိုလို ဖြစ်နေသည်။ ဒီပုံအတိုင်းသာ ဆက်စခန်းသွားရလျှင် သူ တကယ် ရူးတော့မည်ထင်ပါသည်။

ဒါမှမဟုတ်. . .

သူဟာ. . .

ရူးနှင့်နေပြီးသားလည်း ဖြစ်နိုင်၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း – ၆

ခရမ်းရောင်ပန်းပွင့်၏ ထိုးခွဲဝင်ရောက်မှုသည် ကွယ်ဝါးပျောက်ပျက်နေ၏။ နောက်ဆက်တွဲအကြောင်းအရာများ ဆက်လက် ဖြစ်ပေါ်လာလိမ့်မည်ဟု မျှော်လင့်ထားရာ ထင်သလို ဖြစ်မလာဘဲ ရပ်စဲငြိမ်ဝပ်လျက်သာရှိသည်။

နက်ရှိုင်း စိတ်ဓာတ်ကျနေသည်။ သူမကို တွေ့မြင်ချင်ပါလျက်နှင့် တွေ့မမြင်ရဘဲ ဖြစ်နေသည်။ သူမနှင့် ပလူးခွင့်ရခဲ့သည့် ကလပ်သွားပြီး စောင့်ကြည့်ပေမယ့် အစအနတောင်ရှာမရဘဲ အကျိုးမဲ့နေ၏။ ရေနွှောက်ရောမလိုဘဲ ခြေရာကပျောက်နေတာ ဖြစ်သည်။ မော်ဆန်သော သူမသည် ထူးဆန်းမှုများ ပြည့်နှက်နေသည့် ဝက်ဘာတောနက်တစ်ခုပင် ဖြစ်၏။

"ဟေး. . . ကိုကို. . . ဘာတွေ တွေးနေတာလဲ. . ."

ညနေတစောင်း နက်ရှိုင်းအိမ်ရှေ့မှာ လမ်းလျှောက်နေစဉ်တွင် ခြံထဲသို့ ကောင်မလေးနှစ်ယောက် ဝင်လာသည်။ သူတို့သည် နက်ရှိုင်း၏ ဝမ်းကွဲညီမတွေ ဖြစ်သည်။

"ရှုပနဲ့သဲအိ မှောင်ခါနီးကြီးမှာ ဘာလာလုပ်တာလဲ"

"မေးမနေနဲ့ကိုကို. . . သွား. . . အဝတ်အစားသွားလဲချေ"

ရှုပနှင့်သဲအိက နက်ရှိုင်းကို အိမ်ထဲ အတင်းတွန်းလွှတ်ကြသည်။ အစ်ကို(အရင်းအချာ) မရှိသော သူတို့နှစ်ယောက်သည် ညီမ(အရင်းအချာ) မရှိသော နက်ရှိုင်းကို ဂျီကျနေကျ ဖြစ်၏။ နက်ရှိုင်းက-



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦးဟ. . . ငါက ဘာဖြစ်လို့ အဝတ်အစားသွားလဲရမှာလဲ၊ အကျိုးအကြောင်းလေးလည်း ပြောပြကြပါဦး. . . "

"အကျိုးအကြောင်းက သဲအိတို့ ဆပ်ကပ်သွားကြည့်မလို့ . . . အဲဒါ အဖော်မရှိတာကြောင့် ကိုကို့ကို လာခေါ်တာ. . ."

"ဟာ. . . ငါမှ ဝါသနာမပါတာ. . . မလိုက်ချင်ပါဘူး"

ဆပ်ကပ်ဆိုသော အသံအားကြားတာနှင့်တင် မကြည့်ချင်၍ နက်ရှိုင်း ငြင်းလိုက်သည်။ သို့သော် မရ။ ဂျီကျနေကျတွေက အကျင့်ပါစွာ ဂျီကျပြန်သည်။

" မလိုက်လို့ မဖြစ်ဘူးနော်ကိုကို. . . ဒက်ဒီနဲ့မာမီက ကိုကို့ကို ခေါ်သွားလို့ပြောတာ. . . နှစ်ယောက်တည်းတော့ မသွားရဘူးတဲ့"

"ဟုတ်ပါတယ်ကိုကိုရာ. . . ရှုပတို့နဲ့ လိုက်ခဲ့ပါနော်"

နက်ရှိုင်း စိတ်ရှုပ်သွားသည်။ လူကြီးတွေက ကိုယ့်ကိုစိတ်ချပြီး လွှတ်လိုက်တာမို့ လိုက်မသွားလို့ မကောင်းတော့။ ဒါကြောင့် မိဘနှစ်ပါးကို ခွင့်ပြုချက်တောင်းပြီး အဝတ်လဲကာ မောင်နှမသုံးယောက် ထွက်လာခဲ့ကြ၏။

ဆပ်ကပ်သည် အံ့သြဖွယ်ကောင်းသော ပညာရပ်ဖြစ်သည်။ စနစ်တကျလေ့ကျင့်မှု၏ လူ့စွမ်းအားကို ဒီနေရာမှာ အသေအချာ တွေ့မြင်ရ၏။

ဆပ်ကပ်အဖွဲ့က အစီအစဉ်တွေ တစ်မျိုးပြီးတစ်မျိုး တင်ဆက်နေပါသည်။ ထူးခြားသော ပြကွက်များမို့ ပရိသတ်များ အထူးတလည် စိတ်ဝင်စားကြသည်။

"လူဟာ မျောက်က ဆင်းသက်လာတယ်ဆိုတာကို ဒီလူတွေက အပင်ပန်းခံပြီး သက်သေပြနေကြတာဟ"

ကောင်းကင်ဂျွမ်းဘား ကစားနေသူများကိုကြည့်၍ ပြောလိုက်သော နက်ရှိုင်းစကားကြောင့် သဲအိနှင့်ရှုပက ရယ်သည်။ သူတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရသည်မှာလည်း တကယ့်ကိုပဲ မျောက်လွှဲကျော်များနှင့် တူလှ၏။ ကောင်းကင်ဂွမ်းဘားပြကွက်များ ပြီးသွားသောအခါ. . .

"ယခုတစ်ဖန် တင်ဆက်မယ့် အစီအစဉ်ကတော့ ဓားပညာရှင် ထွန်းခေါင်ရဲ့ ဓားစွမ်းရည်ပြကွက်ပဲ ဖြစ်ပါတယ်ရှင်. . ."

အစီအစဉ်ကြေညာပြီးတော့ စင်မြင့်ပေါ်သို့ လူတစ်စုက ပျဉ်ကပ် တစ်ချပ် သယ်လာပြီး ထောင်သည်။ ထိုပျဉ်ချပ်မှာ မိန်းမတစ်ယောက်က လာရပ်သည်။ ပြီးတော့ ပေါက်ဓား အစင်းပေါင်းများစွာ ကိုင်ဆောင် ထားသော လူတစ်ယောက် ထွက်လာသည်။ ထိုလူ၏မျက်လုံးကို အခြား တစ်ယောက်က ပဝါဖြင့်စည်း၏။

နောက်တော့ ဘေးမှ လူတစ်ယောက်က ပျဉ်ချပ်မှာ ကပ်ရပ်နေ သော မိန်းမ၏ခန္ဓာကိုယ်နှင့် တစ်လက်မလောက် အကွာနေရာကို လက်ဖြင့် ဘုန်းခနဲပုတ်ပြသည်။ ထိုအခါ ထွန်းခေါင်၏လက်ထဲမှ ပေါက်ဓားက ဝှီးခနဲ ပြေးထွက်သွားသည်။ အားလုံး ဟာခနဲ ဖြစ်သွား ကြ၏။ ဟိုမိန်းမတော့ ဂန်းပြီဟု ထင်မိလိုက်ကြသည်။

သို့သော် ပေါက်ဓားက ပုတ်ပြသည့်နေရာမှာ ဒုတ်ခနဲပဲ စူးစိုက်၏။ လက်ခုပ်သံတွေ ကျယ်လောင်စွာ ဆူညံသွားပါသည်။

ဤနည်းဖြင့် ထွန်းခေါင်က ဓားတွေတစ်စင်းပြီး တစ်စင်း ပစ်လွှတ် ရာ အပြီးသပ်သွားသောအခါ ရပ်နေသော မိန်းမက ပျဉ်ချပ်မှ ခွာသည်။ ထိုအခါ ပျဉ်ချပ်ဘေးသားပေါ်မှ ဓားတွေက သူမခန္ဓာကိုယ် အချိုးအစားကို ဖော်ပြနေပါသည်။ မျက်လုံးကို ပဝါစည်းထားသည့် ကြားမှပင် ထက်မြက် နေသည့် ထွန်းခေါင်၏ ဓားပညာက ကျွမ်းကျင်တိကျလှပါပေ၏။

"ဓားပေါက်တဲ့အစ်ကိုကြီးက အရမ်းတော်တာပဲနော်. . . သူ အဲဒီလိုလုပ်ရတာ မကြောက်ဘူးလား. . . မသိဘူး"

"ကြောက်ရမှာက သူမဟုတ်ဘူးဟ. . . ရပ်နေတဲ့မိန်းမကမှ ကြောက်ရမှာ. . . သူ့အသက်ကို ထွန်းခေါင်ဆိုတဲ့ လူရဲ့လက်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ဝကွက် အပ်ထားရတာ. . . သူ့နေရာမှာ ငါသာဆို လန့်တာနဲ့တင် သေပြီ"

ရှုပနှင့်သဲအိက ဆန္ဒအလိုက် ကိုယ်စီဝေဖန်နေကြသည်။

"အဲ့ဒါ ယုံကြည်မှုနဲ့ဆိုင်တယ်. . . ထွဋ်ခေါင်ရဲ့အရည်အချင်းကို ယုံလို့ သူ့ဒီလိုရပ်ရဲတာပေါ့. . . မယုံရင် ဘယ်ရပ်ရဲပါ့မလဲ. . . အသက် တောင်ရင်းရဲတဲ့ ဒီအဖြစ်ကိုကြည့်ပြီး ကိုယ့်မှာသာ တကယ် အရည်အချင်း ရှိရင် ယုံကြည်အားကိုးတဲ့လူ မရှားဘူးဆိုတာ မှတ်ထားပေါ့"

နက်ရှိုင်းက ကြုံရာမြင်ရာမှာ အသိပညာ ယူတတ်ရန် ညီမ နှစ်ယောက်အား သွန်သင်ဆုံးမလိုက်၏။ ထွဋ်ခေါင်က ဓားစွမ်းရည်တွေ တစ်မျိုးပြီးတစ်မျိုး ဆက်လက်ပြသသည်။ အားလုံး သဲထိတ်ရင်ဖိုစရာတွေ ချည်းပါပဲ။ ထွဋ်ခေါင်၏ပြကွက်များ ပြီးဆုံးသွားသောအခါတွင်. . .

" ယခုတစ်ဖန် အလှည့်ကျတာကတော့ မော်ဘုရင်မလေး သုန္ဒရီရဲ့ ပညာစွမ်းကို ရှုစားရမှာပဲဖြစ်ပါတယ်ရှင်"

အစီအစဉ်ကြေညာပြီးတာနှင့် စင်မြင့်ပေါ်မှာ ရုတ်ချည်း မှောင်သွား လေသည်။ တဖြည်းဖြည်း မီးများ ပြန်လင်းလာသောအခါ စင်မြင့်ပေါ်၌ မှောင်သွားလေသည်။ မီးခိုးငွေ့တွေ ရိပ်ရိပ်လေး ပြေးနေသည်။ ထို မီးခိုးငွေ့များအကြားတွင် ပိတ်ဖြူခင်းထားသည့် ခုံတစ်လုံးကို နောက်ခံ ထားပြီး အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသော မိန်းကလေးသုံးယောက် တောင့်တောင့်မတ်မတ် ရပ်၍နေကြသည်။

မီးခိုးငွေ့များက တစ်စတစ်စ အင်အားကြီးမားလာပြီး အဖြူရောင် မိန်းကလေးများကိုပင် လွှမ်းခြုံကာ ဇာတ်စင်တစ်ခုလုံးကို ဖုံးအုပ်သွားပါ တော့သည်။ မြင်ရသည်မှာ ဒဏ္ဍာရီဆန်လှသည်။ တိမ်နွယ် တိမ်မျှင်တွေ ယှက်သန်းနေသည့် နတ်ဘုံနတ်နန်း တစ်ခုနှယ် အလားသဏ္ဍာန်တူလှ၏။

မီးခိုးငွေ့များ လွင့်ပါးပျောက်ပြယ်သွားသည့်အခါမှာတော့ စင်မြင့် အလယ်မှာ အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် မိန်းကလေးတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် ပေါ်လွင်လာ၏။ တဖြည်းဖြည်းနှင့် ထိုမိန်းကလေး၏သဏ္ဍာန် သွင်ပြင်က ထင်းလင်း ပြတ်သားလာသည်။

"ဟာ. . ."

နက်ရှိုင်းရင်ခုန်သံတွေ ဆူညံပူညံဖြစ်သွားသည်။ စင်မြင့်ပေါ်မှ အနက်ရောင်မိန်းမပျိုကို သီရိငွေးမောရင်း အံ့သြမှုတွေ ခန္ဓာကိုယ် သွေးကြောတစ်လျှောက် ယိုစိမ့်စီးပျံ့နေ၏။ ခရမ်းရောင်ပန်းပွင့်၏ သခင်မ ကို သူပြန်တွေ့ရပါပြီ။

နက်ရှိုင်း ထိုင်ခုံမှ ဆတ်ခနဲ ထလိုက်သည်။ ရှုပက. . .

"ကိုကို ဘယ်သွားမလို့လဲ. . . "

"ဟို. . . ဟို. . . ဟိုကို. . . "

နက်ရှိုင်း လက်ညှိုးထိုးပြရာကိုကြည့်ပြီး ရှုပတို့ညီအစ်မ မျက်လုံး ပြူးသွားကြသည်။

"ဘာ. . . ကိုကိုက ဇာတ်စင်ပေါ်သွားမလို့ ဟုတ်လား. . . ဘာသွားလုပ်မှာလဲ. . ."

"ဟို. . . ဟိုအမျိုးသမီးဆီ သွားမလို့. . ."

"ဟာ. . . ကိုကိုကလည်း. . . သူ့ဆီသွားရအောင်. . . သူနဲ့ ကိုကို သိလို့လား. . ."

"သိ. . . သိတယ်. . ."

"ဒါဆိုလည်း ပြီးမှသွားပါ ကိုကိုရာ. . . မျက်လှည့်ပြခါနီးကြီးမှာ သွားရင် နှောင့်ယှက်သလိုဖြစ်နေမှာပေါ့. . . အေးဆေးထိုင်ကြည့်ပါဦး"

ညီမနှစ်ယောက်၏ သြဝါဒကို တစ်လှည့်ခံယူပြီး နက်ရှိုင်း ထိုင်ခုံမှာ ပြန်ထိုင်လိုက်ရသည်။ စိတ်ကတော့ ဂနာမငြိမ်။ ရင်က တဒိတ်ဒိတ် ခုန်ပေါက်နေလေသည်။

သွေးအေးသော မျက်ဝန်းပိုင်ရှင် သူမသည် စင်မြင့်ထက်မှ မှော် ဆရာတစ်ယောက်လို တည်ငြိမ်ခန့်ညားစွာ ရွေ့လျားနေလေ၏ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



သုန္ဒရီက အဖြူရောင်ဝတ်စုံနှင့် မိန်းကလေးတစ်ယောက်အား ခေါင်ငင်ကာ ပိတ်ဖြူခင်းထားသည့် ခုံပေါ်၌ လဲလျောင်းစေလိုက်သည်။ ထို့နောက် သူမနှုတ်ဖျားမှ တတွတ်တွတ် ရွတ်ဆို မန်းမှုတ်လျက် သူမ လက်ချောင်းတွေက အဖြူရောင်မိန်းကလေး၏ ခန္ဓာကိုယ်ပေါ်မှာ လူးလား တုံ့ခေါက် လျှောက်ပျံလွင့်ဝဲလေသည်။

အဖြူရောင်မိန်းကလေးသည် ဝိဉာဉ် အနှုတ်ခံလိုက်ရသည့် အလား ငြိမ်သက်နေ၏။ လှပကော့ညွှတ်စွာ ယိမ်းထိုးလှုပ်ရှားနေသော သုန္ဒရီ၏ လက်ချောင်းတွေက ဝေ့ကာဝိုက်ကာဖြင့် မြှောက်သွားသည်။ ထိုအခါ အဖြူရောင်မိန်းကလေး၏ခန္ဓာကိုယ်က ကြွတက်လာသည်။

သုန္ဒရီက လက်နှစ်ဖက်ကို မြင့်သည်ထက်မြင့်အောင် မြှောက် လိုက်ပြန်သည်။ အဖြူရောင်မိန်းကလေး၏ ခန္ဓာကိုယ်ကလည်း ပက်လက် အိပ်လျှက် အနေအထားဖြင့် လေထဲ လွတ်လွတ်ကျွတ်ကျွတ် မြှောက်ပါ လာသည်။

နောက်ဆုံးမှာ ခုံ၏အပေါ်ဘက် လူတစ်ရပ်ခန့်အကွာ၌ လူသေ အလောင်းကောင်ကဲ့သို့ အထိန်းအကွပ်မဲ့စွာ ဆန့်ဆန့်ကြီး ရပ်တန့် နေလေတော့၏။ ရင်သပ်ရှုမောဖွယ်ပြကွက်က အားလုံး၏အာရုံကို အပြည့်အဝ ဖမ်းစားထားလေသည်။

သုန္ဒရီက အဖြူရောင်မိန်းကလေး၏ခန္ဓာကိုယ်ကို (ဘာအတွယ် အချိတ်မှ မရှိကြောင်းပြသည့်အနေနှင့်) ငွေရောင်ကွင်းကြီးဖြင့် တစ်ပတ် လည် စွပ်ပြသည်။ ရှင်းလင်းသော ပြကွက်က မြင်ရတာထင်းနေ၏။

မိနစ်အနည်းငယ်ကြာမှ သုန္ဒရီက လက်ချောင်းတွေကို လှုပ်ရှားကာ အဖြူရောင် မိန်းကလေးအား လေထဲမှ ညင်သာစွာ ပြန်ချလိုက်ပါသည်။

သူမ ပြကွက်ပြီးတော့မှ အချိုဆိုလျှင် မေ့လျော့နေသော အသံ ရှူဖို့ကို သတိရကြ၏။

"အဲ့ဒါ တကယ်လား မသိဘူးနော်. . . အံ့သြဖို့ကောင်းလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



"အေးဟယ်. . . မတော်တဆသာ ပြုတ်ကျလို့ကတော့ အသက်နဲ့ခန္ဓာ အိုးစားကွဲပြီပဲ. . . "

သဲအိနှင့် ရှုပ စုတ်တသပ်သပ် ဖြစ်နေကြသည်။ နက်ရှိုင်းကတော့ သုန္ဒရီ၏ပြကွက်ထက် သူမကိုသာ စိတ်ဝင်စားမှု ပိုကဲနေသည်။ ဒီလိုမိန်းမစားက သူ့အား ဘာကြောင့်များ လာနွယ်ယှက်ရတာပါလိမ့်. . .။

နက်ရှိုင်း ဦးနှောက်ထဲမှာ ပဟေဠိတွေပြည့်နေသည်။ လူမှားနေသလားဆိုပြီး သေချာကြည့်ပေမယ့် စွဲမက်ဖွယ်အယုအယတွေ ပေးခဲ့သည့်သူမမှ သူမအစစ်ဖြစ်၏။

သူမ၏ ပဥ္စလက်ပြကွက်များ ပြီးဆုံးတာနှင့် နက်ရှိုင်း ကသောကမျောထ၍ ဇာတ်စင်နောက်သို့ သွားလိုက်သည်။ တာဝန်ရှိသူများအား ပြေလည်အောင် ပြောပြပြီး အထဲသို့ဝင်လိုက်၏။

"ဘာကိစ္စရှိလို့လဲခင်ဗျာ. . . "

ထွန်းခေါင်ဆိုသူ နက်ရှိုင်းအနား ရောက်လာသည်။ နက်ရှိုင်းက ခပ်တည်တည်ဖြင့် . . .

"ကျွန်တော် သုန္ဒရီရဲ့မိတ်ဆွေပါ. . . သူနဲ့အရေးကြီးတဲ့ ကိစ္စတစ်ခု ဆွေးနွေးစရာရှိလို့. . . အဲ့ဒါ သုန္ဒရီကို ခေါ်ပေးစမ်းပါ"

"ဒါဆို ခဏစောင့်. . . "

ထွန်းခေါင်က နက်ရှိုင်းအား ခပ်စူးစူးတစ်ချက်ကြည့်ပြီး ထွက်သွားသည်။ သုန္ဒရီလာလျှင် ဆက်ဆံမည့်အရေးကို နက်ရှိုင်း တွေးပူနေသည်။ သူမကသာ သူ့ကို မသိဘူးဟု ငြင်းလိုက်လျှင်တော့ မောပြီ။

ခဏကြာတော့မှ ထွန်းခေါင်နှင့်အတူ သုန္ဒရီပါလာသည်။ နက်ရှိုင်းမြင်တော့ သူမမျက်ဝန်းနက်အစုံ ဝိုင်းစက်သွား၏။

"ဟင်. . . ရှင်. . . ရှင်"

"ဟုတ်ပါတယ်. . . ရှင်ဆိုတဲ့ ကျွန်တော်ပါ. . . မှတ်မိတယ်မဟုတ်လား . . . "



www.burmeseclassic.com

www.burmeseclassic.com



"ရှင်. . . ဒီကိုဘာလာလုပ်တာလဲ. . ."

"သုန္ဒရီဆိုတဲ့ ခင်ဗျားနဲ့ စကားပြောချင်လို့ပါ. . ."

သုန္ဒရီက ထွင့်ခေါင်ကိုကြည့်သည်။ ထွင့်ခေါင်က တစ်ဘက်လှည့်နေ၏။ သုန္ဒရီသည် ပင့်သက်ရှိုက်ရင်း နက်ရှိုင်းထံ အကြည့်ရွှေ့ကာ. . .

"ကျွန်မ အခုညမအားဘူးရှင့်. . . အဲဒါကြောင့် မနက်ဖြန်မှ ရှင်နဲ့ကျွန်မ အေးအေးဆေးဆေးတွေ့ကြတာပေါ့. . ."

"ခင်ဗျား ထွက်မပြေးဘူးလို့ ကတိပေးလား. . ."

"ပေးပါတယ်ရှင်. . . ပေးပါတယ်. . . တကယ် ကတိပေးပါတယ်"

နက်ရှိုင်း၏အမေးကို သုန္ဒရီက အပြုံးဖြင့် ဖြေလေသည်။ နက်ရှိုင်းကလည်း ပြန်ပြုံးပြရင်း. . .

"ကျွန်တော်က ခင်ဗျားဆို လန့်လို့ပါဗျာ. . . ဒါဆိုရင် မနက်ဖြန် ကျွန်တော် ဘယ်လာတွေ့ရမှာပဲ. . ."

သုန္ဒရီက စဉ်းစားပြီး အချိန်နာရီသတ်မှတ်ကာ ဆိုင်တစ်ဆိုင်မှာ ချိန်းဆိုသည်။ ပြီးတာနှင့် နှုတ်ဆက်၍ထွက်သွားသည်။ ယောင်ပေပေ နှင့်ပင် နက်ရှိုင်း သူ့နေရာသူ ပြန်လာခဲ့ရ၏။

ဆက်ကပ်ပွဲက အစီအစဉ်သစ်တစ်မျိုးဖြင့် ပရိသတ်များကို မရိုး အီအောင် ဖမ်းစားမြဲဖမ်းစားထားလေသည်။

"ကိုကို အဆင်ပြေလား"

"ပြေပါတယ်"

သဲအိကို တုံ့ပြန်ရင်း ထိုင်ခုံမှာ နက်ရှိုင်း ဝင်ထိုင်လိုက်သည်။ သိချင်တာကို မသိခဲ့ရ၍ အားမလိုအားမရဖြစ်နေသည်။ ကယောင် ကယက်နှင့် စိတ်တွေစောနေ၏။

"တောက်. . . ကြာလိုက်တာကွာ. . . ရောက်ကို မရောက် နိုင်တော့ဘူး. . ."

www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ."

ထိုင်နေရင်း အကောင်းသားမှ ထပြောလိုက်သော နက်ရှိုင်းစကားကြောင့် သဲအိနှင့်ရှုပ ကြောင်သွားကြသည်။ ရှုပက. . .

"ကိုကိုက ဘာအစီအစဉ်ကို ကြည့်ချင်နေတာလဲ"

"ဘာအစီအစဉ်မှ မကြည့်ချင်ဘူး"

"ဒါဆို ဘာဖြစ်လို့ ကြာလိုက်တာတွေ၊ ရောက်ကို မရောက်နိုင်တော့ဘူးတွေ ပြောနေတာလဲ"

"ငါက မနက်ဖြန်ကို အခုချက်ချင်း ရောက်ချင်နေလို့ပေါ့ . . . အဲ့ဒါ ဒီနေ့က ကုန်ခဲလို့ပြောနေတာ"

"အမ်"

သဲအိနှင့်ရှုပ ပါးစပ်ကလေးတွေ ပြဲသွားကြသည်။

"ကိုကိုတော့ မော်ဆရာမနဲ့ သွားတွေ့တာ အပြုစားခံရပြီး ဝေါက်သာပြီ ထင်တယ်ပေါ့"

"အေး. . . ဖြစ်နိုင်တယ်"

သဲအိနှင့်ရှုပက အစ်ကိုဖြစ်သူကို စလိုက်ကြသည်။ နက်ရှိုင်းမှာတော့ မအီမလည်ကြီး ဖြစ်သွားရ၏။ သူ့နှုတ်ကိုပင် စိတ်ဆိုးချင်သွားသည်။

သူ့ခမျာ သူမနှင့် ပတ်သက်မှုတိုင်းမှာ အရူးဝေါက်ကြောင် ဟူ၍သာ အခိုင်းနှိုင်းခံနေရသည် မဟုတ်ပါလား. . . ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း – (၇)

မနက်ဖြန်အတွက် မနေ့ကဟူ၍ ဖြစ်သွားမည့် ဒီနေ့သည် မနေ့က သူရောက်ချင်နေသည့် မနက်ဖြန် ဖြစ်ပါသည်။ ချိန်းဆိုထားရာဆိုင်မှာ ထိုင်စောင့်မျှော်ရင်း နက်ရှိုင်း လည်ပင်းရှည်နေပြီ။ သူမ ရောက်မလာမှာကို စိုးရိမ်ကြောင့်ကြနေရသည်။ သို့သော် လည်ပင်းရှည်ရကျိုး နပ်ပါသည်။ သူမက ကတိစကား မှန်ကန်စွာ ရောက်ရှိလာ၏။

"ဘယ်လိုလဲ စောင့်ရတာ မကြာသေးဘူး မဟုတ်လား. . ."

"ဟင့်အင်း. . . ကြာပြီ. . ."

သုန္ဒရီက နက်ရှိုင်းနှင့်မျက်နှာချင်းဆိုင် ထိုင်ခုံမှာဝင်ထိုင်သည်။ နက်ရှိုင်းက သူမကိုကြည့်၍. . .

"ခင်ဗျားက ဒီလိုကျတော့လည်း လူလိုသူလို ဝတ်တတ်သားပဲ"

"ဘာရှင့်. . . ရှင် ဘာစကားပြောတာလဲ. . ."

သုန္ဒရီ၏ခန္ဓာကိုယ်သည် (မတ်ထားသည်ထက်) မတ်သွားသည်။ နက်ရှိုင်းက အပြုံးဖြင့်. . .

"သြော်. . . ခင်ဗျားက ညတုန်းကဆိုရင် မှော်ဆရာလိုလို သရဲမလိုလိုနဲ့မို့ပါ. . . အခုလိုဝတ်ထားတော့လည်း လူနဲ့ တူပါတယ်"

"အောင်မာ. . ."

သုန္ဒရီက ဘာမှမတုံ့ပြန်တော့ဘဲ ဝိတ်တာကိုခေါ်ကာ လိုချင်တာမှာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရိုးရှင်းသော ဆင်ယင်မှုနှင့် အကြွအရွ အပီအပြင် လှနေသည့် သူမကိုကြည့်ကာ နက်ရှိုင်းဆန္ဒတွေ အခဲလိုက် မျိုချနေရသည်။

မှာထားတာတွေ ရောက်လာတော့မှ သုန္ဒရီက စားသောက်ရင်း. . .

"ဆိုစမ်းပါဦး. . . ရှင်က ကျွန်မနဲ့ စကားပြောချင်တယ် ဆိုတော့ ဘာပြောချင်တာလဲ. . ."

"ပြောချင်တယ်ဆိုတာထက် သိချင်တာဆိုရင် ပိုမှန်လိမ့်မယ် ထင်တယ်. . ."

"ဒါဆို ပြောလေ. . . ဘာသိချင်တာလဲ. . ."

သူမအမူအရာသည် သူမမျက်ဝန်းတွေကဲ့သို့ သွေးအေးလျက်ရှိသည်။ အတွေ့အထိချင်း ခလုတ်တိုက်ဖူးသည့် ယောက်ျားသားတစ်ယောက်ကို ဒီလိုမျိုးဆက်ဆံတာ သူမ တဆိတ်လွန်လွန်းနေပြီထင်၏။

"သုန္ဒရီ. . . ကျွန်တော်တို့ မကွယ်မဝှက်ဘဲ ပြောကြရအောင်"

"ဘာကိုလဲ. . ."

"ကျွန်တော့်ကို လာပတ်သက်တဲ့ ခင်ဗျားရဲ့ဆက်ဆံရေး အခြေအနေကိုပေါ့"

"ဩော်. . . ဒါလား. . ."

သုန္ဒရီက အေးစက်စွာဖြင့် တစ်ချက်ရယ်သည်။ ရယ်နေသော ဆိုမိန်းမကို 'ကဲဟယ်. . . ကဲဟယ်' ဆိုပြီး ပယ်ပယ်နယ်နယ် ခါယမ်းပစ်လိုက်ချင်သည်။ သူမ၏ မထီတရီပုံစံက အဲဒီလောက်အထိ အသည်းယားစရာကောင်းနေပါ၏။

သုန္ဒရီက မျက်နှာထားကို တည်ပစ်လိုက်ပြီး . . .

"အေးပေါ့လေ. . . အဲဒီကိစ္စကို ရှင့်စိတ်ထဲမှာ မရှင်းမလင်းဖြစ်မယ်ဆိုရင်လည်း ဖြစ်လောက်ပါတယ်. . . အဲ့ဒါက ဒီလိုပါ. . . ကျွန်မကို ကျွန်မ သူငယ်ချင်းတစ်ယောက်က ကိရိယာအကူအညီတွေ



www.burmeseclassic.com

www.burmeseclassic.com



ပါတဲ့ ဇာတ်ခုံပေါ်မှာ မဟုတ်ဘဲနဲ့ အပြင်ဘက်မှာ လူတစ်ယောက်ကို မျက်လှည့်ပညာနဲ့ ချောက်ချားအောင် လုပ်နိုင်ပါ့မလားလို့ စသလို နောက်သလို စိန်ခေါ်တယ်. . . အဲ့ဒါကို ကျွန်မက မခံချင်စိတ်နဲ့ ဖြစ်အောင်လုပ်ပြမယ်ဆိုပြီး ပြန်ပြောလိုက်တယ်. . . အဲဒီမှာ ရှင်ဟာ မထင်မှတ်ဘဲ ကျွန်မရဲ့ပစ်မှတ်ဖြစ်သွားတာပါ"

"ဒါဆို ကျွန်တော့်ကို ပန်းပေးတုန်းက ဓားဖြစ်လိုက် ပန်းဖြစ်လိုက် လုပ်တာ ခင်ဗျားရဲ့ပညာကို ပြတာပေါ့ ဟုတ်လား. . . "

"ဟုတ်တယ်. . . အဲ့ဒါ လက်လှည့်ပညာကို သုံးလိုက်တာပါ"

"ဒါဆို. . . ကလပ်မှာတွေ့တဲ့ညကသုံးတာ ဘာပညာလဲ. . . အဲဒီပညာကို ကျွန်တော် အရမ်းကြိုက်သွားတာဗျ. . . "

သူမ၏ စတင်ပွေ့ဖက်မှုကို ရည်ညွှန်းလိုက်တာဖြစ်သည်။ သူမ ရှက်သွားလိမ့်မည်ဟု နက်ရှိုင်းထင်လိုက်သည်။ သို့သော် သုန္ဒရီက ရှက်ရွံ့ တွန့်ဆုတ်သွားခြင်းလုံးဝမရှိဘဲ အမူအရာမပျက် ဆက်လက်တည်ရှိ နေ၏။

"အဲဒီညက ကျွန်မ ရှင့်ကို မထင်မှတ်ဘဲတွေ့လိုက်တာပါ. . . အဲဒီမှာ ရှင့်ကိုချောက်လှန့်ချင်လို့ အပြင်ခေါ်ထုတ်လာတာ. . . ဒါပေမဲ့ မမျှော်လင့်ဘဲ ရှင့်နာမည်ခေါ်သံတွေကြားလို့ ကျွန်မ ထွက်သွားလိုက် တာပါ"

ဘယ်လိုမိန်းမပါလိမ့်. . . အခွက်ပြောင်လိုက်တာ. . .။

တကယ့်မိန်းမပွိုင့်ကိုကျတော့ ကျော်လွှားပြီး ပြောသွားသော စကားတွေကြောင့် နက်ရှိုင်း မကျေမနပ်ဖြစ်နေသည်။ ငါ့မျှော်လင့်ချက် တွေကို မသတ်ပါနဲ့ မိန်းကလေးရယ်. . .။

"ဒါဆို ကျွန်တော်က ခင်ဗျားရဲ့ အသုံးချခံကြီးပေါ့နော် ဟုတ်လား"

"အဲဒီလို မယူဆပါနဲ့ရှင်. . . ကျွန်မက ရှင့်ကို အတွေ့အကြုံထူး တွေ ပေးခဲ့တာလို့ အကောင်းဘက်ကတွေးပြီး ဂုဏ်ယူလိုက်စမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



အောင်မာ. . . အပြောကောင်းလိုက်တာ. . .။

ဟိုတစ်ညက သူမ သဘောကောင်းခဲ့တာတွေကို နက်ရှိုင်း မေ့မရဘဲ တသသဖြစ်နေတော့ ခက်သည်။

"ခင်ဗျားကတော့ စိန်ခေါ်မှုတစ်ခုအတွက် မကျေနပ်လို့ မထင်မှတ်ဘဲ လုပ်လိုက်တာပါ. . . ဒါပေမဲ့ ခုတုံးလုပ်ခံလိုက်ရတဲ့ ကျွန်တော့်မှာတော့ တော်တော် အထိနာသွားတယ်"

"ဒီလိုပါပဲရှင်. . . ဒါမျိုးက ဖြစ်တတ်ပါတယ်. . . လူတစ်ယောက်ရဲ့ မထင်မှတ်တဲ့အသေးအမွှား အပြုအမူတစ်ခုက တစ်ဖက်မှာ အကြီးမားဆုံး ထိခိုက်နစ်နာမှုတောင် ဖြစ်သွားနိုင်တာပဲလေ"

"ခင်ဗျားက ဒဿနတွေလည်း ပြောတတ်သားပဲ. . ."

"ဒါဟာ ဒဿနပါလို့ ရှင်သတ်မှတ်ရင်တောင် ကျွန်မဘဝနဲ့ ရင်းထားရတဲ့ အသိတရားတစ်ခုပါရှင်. . . "

သူမမျက်နှာသည် တည်ငြိမ်မှုထက် ညှိုနွမ်းမှုဘက် ရတ်တရက် ရောက်သွားသည်။ နက်ရှိုင်း မရိုးမရွဖြစ်သွားရ၏။

"ခင်ဗျားဟာလေ. . . တစ်ဘက်လူ စိတ်ဝင်စားအောင် အရမ်းလုပ်တတ်တာပဲ. . . ကဲ. . . ပြောစမ်းပါဦး. . . အဲဒီအသိကို ရခဲ့တဲ့ ခင်ဗျားရဲ့ဘဝအကြောင်းကို. . ."

"ပျင်းစရာကောင်းတဲ့ ကျွန်မဘဝအကြောင်းကို ထားလိုက်ပါ. . . ရှင် စိတ်ဝင်စားမယ်ဆိုရင် အဲဒီအသိကို မှန်ကန်မှုလို့ သက်သေထူနိုင်တဲ့ သာဓကတစ်ခု ကျွန်မပြောပြမယ်. . . နားထောင်မလား. . ."

နက်ရှိုင်း ခေါင်းညိတ်ပြလိုက်သည်။ သူန္ဒရီက. . .

"ကျွန်မ အခုပြောမယ့်ဖြစ်ရပ်က ရယ်စရာကောင်းသလို သနားစရာကောင်းတဲ့ အကြီးအကျယ်မှားယွင်းမှုတစ်ခုပဲ. . . ၁၈၅၁ ခုနှစ် ပြင်သစ်တိယမြောက်နပိုလီယံ အာဏာသိမ်းနေတဲ့ကာလတုန်းကပေါ့. . . ကောင်ဒီစိန့်အာနေ့ဆိုတဲ့ အမတ်ကြီးဟာ ချောင်းဆိုးတဲ့ဝေဒနာကို



www.burmeseclassic.com

www.burmeseclassic.com



အပြင်းအထန် ခံစားနေရတယ်. . . အမတ်ကြီး ချောင်းအရမ်းဆိုးနေချိန်မှာ သူ့ရဲ့လက်ထောက်အရာရှိက 'လူထုလူအုပ်ကြီး ဘုရင့်အစောင့်တပ်ဖွဲ့နဲ့ မျက်နှာချင်းဆိုင် တွေ့နေပြီ' လို့ သတင်းပို့ လျှောက်ထားတယ်. . . အဲဒီမှာ ချောင်းဆိုးလွန်းလို့ စိတ်ညစ်နေတဲ့ အမတ်ကြီးက **Ma Sacree toux** (သေခြင်းဆိုးချောင်း) လို့ ကိုယ့်ဟာကိုယ် ပြောလိုက်မိတယ်. . .

အဲဒီလိုပြောတာကို သူ့ရဲ့လက်ထောက်အရာရှိက **Massacrez Tous** (လူတိုင်းကို သတ်ပစ်လိုက်. . . အစုလိုက် သတ်ပစ်လိုက်) လို့ ကြားပြီး ဘုရင့်အစောင့်တပ်ကို ပစ်မိန့်ပေးလိုက်တယ်. . . အဲဒီမှာ လူထောင်ပေါင်း မြောက်မြားစွာရဲ့အသက်တွေ သေကြေ ပျက်စီးခဲ့ရတယ်. . . အသံထွက်ချင်းဆင်တဲ့ နားကြားလွဲမှုလေးတစ်ခုကြောင့် ပေးဆပ်လိုက်ရတဲ့ ဆုံးရှုံးမှုက ရင်နင့်စရာပဲ. . .

ကဲ. . . အဲဒီအဖြစ်အပျက်ကိုကြည့်ပြီး စောစောက ကျွန်မပြောတဲ့ လူတစ်ယောက်ရဲ့မထင်မှတ်တဲ့ အသေးအမွှား အပြုအမူတစ်ခုက တစ်ဖက်မှာ အကြီးမားဆုံး ထိခိုက်နစ်နာမှု ဖြစ်သွားနိုင်တယ်ဆိုတဲ့စကားကို အမှန်တရားအဖြစ် ရှင်လက်ခံလား. . ."

"အင်းပါ. . လက်ခံပါတယ်. . ."

"လက်မခံလို့လည်း မရဘူးလေ. . ."

ဟာ. . . တော်တော် ထော်လော်ကန့်လန့်နိုင်တဲ့ မိန်းမပဲ. . . လက်ခံပါတယ်ဆိုတာတောင်မှ ရန်လုပ်နေသေးသည်။ သူမသာ စာကလေးတစ်ကောင်ဆိုလျှင် အမြင်ကတ်တာနှင့် အမွေးနှုတ်ပြီး ကြော်စားတာ ခံနေရလောက်ပြီ။ ထိုစဉ် -

"ဟိတ်ကောင် မှတ်ကြီး. . . မင်း တယ်ကောင်းစားနေပါလား"

ပခုံးကိုပုတ်ပြီး ပြောလိုက်သောအသံကြောင့် နက်ရှိုင်း လှည့်ကြည့်လိုက်သည်။ ထိုအခါ ငယ်သူငယ်ချင်းတစ်ဦးအား တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ကျော်စွာမြင့်. . . လာထိုင်လေကွာ"

"မထိုင်တော့ဘူး. . . မင်းကိုမြင်လို့ လာနှုတ်ဆက်တာ. . . ငါ ပြန်တော့မှာ. . . မှတ်ကြီး . . . မင်းက ကြင်ဖော်သက်လျာတွေ ဘာတွေနဲ့ဆိုတော့ ဟိုဘက်ဝိုင်းမှာထိုင်နေတဲ့ ငါ့ကိုတောင် မမြင်ဘူးပေါ့လေ"

"ဟာ. . . မဟုတ်ဘူး. . . ဟိတ်ကောင်. . . ဒါ ငါ့မိတ်ဆွေကွ"

"ဟုတ်လား. . . ဆောရီးနော်. . . ကျွန်တော် တောင်းပန်ပါတယ်၊ မသိလို့ပြောမိတာပါ. . . မှတ်ကြီး. . . ငါသွားလိုက်ဦးမယ်ကွာ"

ကျော်စွာမြင့်က သုန္ဒရီအားတောင်းပန်ပြီး နက်ရှိုင်းကို နှုတ်ဆက်တာ ထွက်သွားသည်။ နက်ရှိုင်းသည် သုန္ဒရီနှင့်သူအား တစ်မျိုးတစ်မည် အထင်ခံ လိုက်ရတာကိုပင် ပီတိဖြစ်နေ၏။ သံယောဇဉ်ကြိုးမျှင်ချင်း ထိုသို့ တကယ်အဟုတ် ငြိချင်နေမိသည်။ သုန္ဒရီက နက်ရှိုင်းအားကြည့်၍. . .

"ရှင့်နာမည်က မှတ်ကြီးတဲ့လား. . ."

" ဟာ. . . မဟုတ်ပါဘူးဗျာ. . . ကျွန်တော့်နာမည်က နက်ရှိုင်း ပါ"

"ဒါဆို ခုနကလူက ဘာဖြစ်လို့မှတ်ကြီးလို့ခေါ်တာလဲ"

"အဲ. . . အဲ့ဒါက ဒီလိုပါ. . . ကျွန်တော့်မှာ စာနီအမှတ်တစ်ခု ရှိတယ်၊ အဲ့ဒါကိုသိတဲ့ သူငယ်ချင်းတချို့က မှတ်ကြီးလို့ခေါ်ကြတာ ပါ. . . ကျွန်တော့် အမှတ်ကိုပြမယ်. . . ခင်ဗျားကြည့်မလား. . ."

"အို. . . မကြည့်ချင်ပါဘူး. . . လာမပြနဲ့"

သုန္ဒရီ တစ်ဖက်လှည့်သွားသည်။ နက်ရှိုင်းကလည်း ပြချင်နေသည်။

"ကြည့်ပါ. . ."

"မကြည့်ချင်ပါဘူး. . ."

"ကြည့်ပါဗျာ. . ."

"မကြည့်ချင်ပါဘူးဆို. . ."

www.burmeseclassic.com

www.burmeseclassic.com



"နည်းနည်းလောက်တော့ ကြည့်လိုက်ပါ. . . ဒီမှာ လှန်ထားရ ကျိုးလေးနပ်သွားအောင်လို့. . ."

"ဟင်. . . ရှင်. . . ရှင်ဘယ်လိုဖြစ်နေတာလဲ. . . ဒီလောက် တောင်ပြချင်နေရင်လည်း တခြားလူတွေကိုသွားပြ . . . ကျွန်မကတော့ ရှင့်ဟာကြီးကို မကြည့်ချင်ဘူး . . . အရေးကြီးတဲ့ကိစ္စတစ်ခုလည်း ရှိသေးလို့ ကျွန်မ ပြန်လိုက်ပါဦးမယ် ကိုမှတ်ကြီး"

သုန္ဒရီက နှုတ်ဆက်တာတောင်မှ နက်ရှိုင်းကိုမကြည့်ဘဲ နှုတ်ဆက် ပြီး ထထွက်သွားသည်။ ထိုအခါ လည်ပင်းမှအမှတ်ကိုပြဖို့ အင်္ကျီကော်လံ အား လှန်ချထားသည့် နက်ရှိုင်း အူကြောင်ကြောင်ဖြင့်ကျန်ခဲ့ရသည်။

ဒီမိန်းမ မူတာများသွားပြီဟုသာ သူ ယူဆလိုက်တော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း – (၀)

တိမ်ကင်းစင်သော မိုးသားများပမာ နက်ရှိုင်း၏စိတ်တွေ ရှင်းပြာနေသည်။ ဇေဖြိုးနှင့်မျိုးသီဟကို သုန္ဒရီ၏ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်လေရာ သူ မရူးကြောင်းလက်ခံသွားကြ၏။ သူတို့၏ အမှားအယွင်းအတွက်လည်း တိတိလင်းလင်း တောင်းပန်ကြသည်။

"ဒီလိုဆိုရင်တော့ ဆောရီးပါပဲကွာ. . . ငါတို့က မင်းကို တကယ်ဖေါက်သွားပြီလို့ ထင်နေတာကွ. . ."

"ဟုတ်တယ်. . . အဲ့ဒါကြောင့် နှစ်ယောက်တိုင်ပင်ပြီးတော့ အခြေအနေ မဆိုးဝါးခင် ကြိုတ်ကုမယ်ဆိုပြီး ရင်းနှီးတဲ့ဆရာဝန်ကို ခေါ်လာတာကွ၊ စိတ်ပူတာနဲ့ပဲ မဖြစ်သင့်တာ မဖြစ်ရအောင် မင်း ဆေးသားကြီးကိုလည်း ပြောပြလိုက်တာ. . ."

"အေး. . . မင်းတို့လုပ်မှ မဖြစ်သင့်တာတွေဖြစ်ကုန်တာကွ. . . ဒီမှာ အကောင်းသားကြီးနဲ့ စိတ်ငြိမ်ဆေးအထိုးခံရတော့မလို. . . အရှူးချောက်ဆေးသောက်ရတော့မလိုနဲ့ အပမှီတာဆိုပြီး ပုတီးကြီးနဲ့ တောင်အတီးခံလိုက်ရသေးတယ်. . . ခွီးတဲ့မှပဲ. . ."

နက်ရှိုင်းက ရှုံ့မဲ့မဲ့ပြောတော့ မျိုးသီဟနှင့်ဇေဖြိုး ရယ်ကြသည်။ မျိုးသီဟက. . .

"မင်းကြောင့် ငါတို့တွေလည်း အန္တရာယ်ခံရတာပါပဲကွာ. . . ယိုးဆရာ ဒီ ဗုဖိန့်သွားတာပဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ. . . မင်းကိုကုဖို့လာရင်း သူ့ကိုယ်သူ ပြန်ကုလိုက်ရတယ်"

"အဲဒီအတွက် ငါက မင်းတို့ကို တလဲတောင်းပန်ပါတယ်ကွာ. . . အဲဒီတုန်းက ငါ့သင်တန်းသားတွေ ရှေ့မှာဆိုတော့ ရှက်လည်းရှက် ဒေါသလည်းထွက်ပြီး ပြောမိ ပြောရာ ပြောလိုက်မိတာပါ"

တောင်းပန်သံက အပြန်အလှန် လုံးချာလည်နေသည်။ ဘာပဲပြောပြော သူတို့ချင်းအဆင်ပြေ သင့်မြတ်သွားကြ၏။ ထို့နောက် ဇေဖြိုးနှင့်မျိုးသီဟက မရောက်တာကြာပြီဆိုပြီး နက်ရှိုင်းအိမ်သို့ လိုက်လာခဲ့သည်။

အိမ်ရောက်သောအခါ ညှော့ခန်းထဲမှာ နက်ရှိုင်း၏မိဘနှစ်ပါး စလုံးထိုင်နေကြသည်။ နက်ရှိုင်းတို့ အိမ်ပေါ်တက်ရန်ပြင်တော့. . .

"သားတို့ ခဏလာကြဦး. . ."

နက်ရှိုင်းမိခင်၏ခေါ်သံကြောင့် သူတို့သုံးယောက် သွားထိုင်လိုက်ကြသည်။ မျိုးသီဟနှင့် ဇေဖြိုးက အမှားကျူးလွန်ထားတာမို့ မလုံမလဲဖြစ်နေသည်။ သူတို့ကို ဆူမှာကြောက်လန့်နေ၏။

"ဟိုလေ. . . ဟိုတစ်ခါကိစ္စမှာ နက်ရှိုင်းကို ကျွန်တော်တို့ အထင်လွဲပြီး ပြောလိုက်မိပါတယ်. . . အဲဒီအတွက် တောင်းပန်ပါတယ်ခင်ဗျ"

"ဟုတ်ပါတယ်ခင်ဗျာ. . . ကျွန်တော်တို့ မှားသွားပါတယ် ခင်ဗျ. . . ကျွန်တော်တို့ကို ခွင့်လွှတ်ပါ. . ."

ဇေဖြိုးနှင့် မျိုးသီဟသည် ပါးစပ်ကလေးတွေဖြဲပြီး ညောင်နာနာအသံလေးတွေဖြင့် တောင်းပန်နေကြ၏။ ဦးဇော်မင်းက. . .

"အေးပါကွာ. . . ခွင့်လွှတ်ပါတယ်. . . နောက်ဆိုရင် ဘယ်ကိစ္စမဆို သေချာစဉ်းစားဆုံးဖြတ်ပြီးမှ လုပ်ပေါ့ကွာ. . ."

"ဟုတ်ကဲ့ပါ ခင်ဗျ. . ."

"ဟုတ်ကဲ့ပါ ခင်ဗျ. . ."

www.burmeseclassic.com

www.burmeseclassic.com



အလွန်ယဉ်ကျေးနေကြသော သူငယ်ချင်းနှစ်ယောက်ကိုကြည့်ပြီး နက်ရှိုင်း ရယ်ချင်နေသည်။ နက်ရှိုင်း၏မိခင်က. . .

" သားတို့ လူစုံနေတာနဲ့အတော်ပဲ. . . ဒီမှာ မာမီတို့ ကိစ္စ တစ်ခု တိုင်ပင်နေတာ. . . သားတို့ပါ ကူစဉ်းစားပေးကြပါဦး. . . "

"ပြောပါခင်ဗျ. . . ကျွန်တော်တို့ အကောင်းဆုံးဖြစ်အောင် စဉ်းစားပေးပါမယ်"

"စိတ်ချပါခင်ဗျ . . . "

"ငါကတော့ မင်းတို့နှစ်ယောက်ကို သိပ်စိတ်မချဘူး. . . ဟိုတစ်ခါလို ပေါက်ကရ တလွဲစဉ်းစားပေးလိုက်ရင် ဘယ့်နှယ့်လုပ်မလဲ. . ."

"အဲ. . ."

ဦးဇော်မင်းအပြောကြောင့် ဇေဖြိုးနှင့်မျိုးသီဟ ငုပ်သွားကြသည်။ နက်ရှိုင်းက ရယ်ရင်း. . .

"ပြောလေ ဒက်ဒီ. . . ဘာကိစ္စလဲ"

"တခြားတော့ မဟုတ်ပါဘူး. . . ဒက်ဒီ့ကုမ္ပဏီကိစ္စပါ. . . ဒီနှစ် ကုမ္ပဏီ နှစ်ပတ်လည်နေ့မှာ ဝန်ထမ်းတွေ ကျေနပ်သွားအောင် ပျော်ပွဲရွှင်ပွဲ တစ်ခုခု စီစဉ်ပေးရင်ကောင်းမယ်လို့ ဒါရိုက်တာအဖွဲ့ဝင်တွေက ဒက်ဒီ့ကို ပြောကြတယ်. . . အဲ့ဒါ ဘာပွဲစီစဉ်ပေးရင် ကောင်းမလဲဆိုတာ စဉ်းစား နေတာ"

"ဟာ. . . ဟုတ်ပြီအန်ကယ်. . . ကျွန်တော် အကြံရပြီ"

"ဘာများလဲကွ. . . "

"အဲဒီနေ့မှာ အားလုံး ကုသိုလ်ရသွားအောင် ဘုန်းကြီး တစ်ပါး ပင့်ပြီး တရားပွဲ စီစဉ်ပေးလိုက်ပါလား . . ."

"ဟေ. . . "

မျိုးသီဟစကားကြောင့် ဦးဇော်မင်း တွေတွေကြီးဖြစ်သွားသည်။ ဦးဇော် မျက်ထောင့်နီကြီးနှင့်. . .

www.burmeseclassic.com

www.burmeseclassic.com



"နင့်အမေကလွှားတဲ့မှပဲ. . . ပျော်ပွဲရွှင်ပွဲပါဆိုမှ တရားပွဲ လာလုပ်ခိုင်းနေတယ်. . . တော်. . . တော်. . . မင်း ပါးစပ်ပိတ်နေတော့. ."

ဦးဇော်မင်းက ဟောက်လိုက်ရာ မျိုးသီဟ မျက်နှာမဲ့မဲ့ကြီး ဖြစ်သွားသည်။ သူ့ကိုကြည့်ပြီး အားလုံးရယ်ကြ၏။ ထိုအခိုက် နက်ရှိုင်းခေါင်းထဲမှာ စိတ်ကူးတစ်ခု ဝင်းဖိတ်ပြီးပြက်လာသည်။

" ဒက်ဒီ. . . အဲဒီနေ့မှာ မျက်လှည့်ပြပါလား. . . ကျွန်တော့်မှာ အရမ်းတော်တဲ့ မျက်လှည့်ဆရာမ အသိတစ်ယောက်ရှိတယ်. . . သူ့ကို အကူအညီ တောင်းလိုက်ရင် ဖြစ်နိုင်တယ်. . . မျက်လှည့် ဆိုတော့ ဆန်းတာကြောင့် အားလုံးကြိုက်ကြမှာပါ. . ."

"သားပြောတာ ကောင်းသားပဲရှင့်. . ."

နက်ရှိုင်း၏မိခင်က သူ့သားအဆိုကို ထောက်ခံပေးနေသည်။ ဦးဇော်မင်းက ခဏစဉ်းစားပြီး . . .

"မျက်လှည့်ပြတာကတော့ မဆိုးပါဘူး. . . ဒါပေမဲ့ မျက်လှည့်သက်သက်ဆိုတော့ ပွဲက အေးနေလိမ့်မယ်ထင်တယ်"

"ဒါဆို ကျွန်တော် တစ်ခုပြောပါရစေခင်ဗျာ"

မျိုးသီဟ အသံထွက်လာပြန်သဖြင့် ဦးဇော်မင်းက. . .

"မင်း ဘာဝင်ရှုပ်ဦးမလို့လဲ. . ."

"မရှုပ်ပါဘူးခင်ဗျ. . . ဒီတစ်ခါတော့ အကောင်းပြောမှာပါ. . မျက်လှည့်ပွဲသက်သက်က အေးမယ်ထင်ရင် နက်ရှိုင်းရဲ့ အကအဖွဲ့နဲ့ မြူးမြူးကြွကြွ အရင်ဖွင့်လိုက်ပါလား. . . အကအဖွဲ့အလှည့်ပြီးမှ မျက်လှည့်ပွဲကို စလိုက်ပေါ့. . ."

မျိုးသီဟစကားကြောင့် ဦးဇော်မင်းမျက်နှာ ပြုံးသွားသည်။

"ဒီလိုကျတော့လည်း မင်းက ဘယ်ဆိုးလို့လဲကွ"

"ဟဲ. . . ဟဲ. . . ခုနက တမင်လျှို့ထားတာပါ အန်ကယ်ရယ်. . . ကျွန်တော်က ချက်ဆို နားခွက်က မီးတောက်ပြီးသားပါ. . ."



www.burmeseclassic.com

www.burmeseclassic.com



အချိုးကျူး ခံလိုက်ရသဖြင့် မျိုးသီဟ မြောက်ကြွမြောက်ကြွ ဖြစ်သွားသည်။ ဖေဖြိုးက . . .

"မျိုးသီဟ. . . မီးပြတ်တဲ့ညတွေဆိုရင် မင်း ငါ့အိမ် လာအိပ်စမ်း ကွာ"

"ဟမ်. . . ဘာ ဘာပြုမလို့လဲ. . ."

"မင်းက နားခွက်က မီးတောက်တယ်လို့ ခဏခဏ ပြောလို့ပါ. . . အဲဒါကြောင့် မင်းရှိရင် ဖယောင်းတိုင်ဖိုးအကုန် သက်သာတာပေါ့ကွာ. . . မင်းနားနှစ်ဖက်နဲ့ဆို ငါတို့အိမ် တော်တော်လင်းပြီကွ. . ."

"ဟင်. . . တိရစ္ဆာန်ကောင်. . ."

အခြားနေရာမှာဆိုလျှင် ရန်ဖြစ်ကောင်းမည့်အပေါက် ဖြစ်သည်။ အခုတော့ လူကြီးတွေရှေ့မှာမို့ ဒီလောက်နှင့် ပြီးစီးသွားသည်။ ဦးဇော်မင်း က နက်ရှိုင်းအားကြည့်၍. . .

"ကဲ. . . ဒီလိုဆိုရင် ပွဲကိစ္စကို နားခွက်က မီးတောက်တဲ့ ကောင်လေးပြောတဲ့အတိုင်းပဲ လုပ်ကြတာပေါ့. . . သားရေ. . . အဲဒီ ကိစ္စအားလုံးကို မင်းပဲ ကြည့်စီစဉ်လိုက်ကွာ. . ."

"စိတ်ချပါ ဒက်ဒီ. . ."

နက်ရှိုင်း တက်ကြွသွားလေသည်။ သူမနှင့်တွေ့ရဦးမှာမို့ ရင်တွေ ခုန်တာ လူကရွှင်မြူးသည်။ သူ့အတွက်တော့ သူမသည် အယ်လ်ကိုဟော ပါတဲ့ ရွှင်မြူးစေတတ်သော ဆေးရည် တစ်မျိုးဖြစ်၏။

ထိုဆေးရည်ကို အစို့ပါမကျန်အောင် နက်ရှိုင်းပုလင်းလိုက် မျိုချပစ် ချင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း – (၉)

မွေးခါနီးဖွားခါနီးမှာ လက်သည်ရှာမရ ဖြစ်နေပါသည်။ ဒီတော့ ချောချောချူချူဖြစ်ဖို့ အားစိုက်၍ညှစ်ရ၏။ နည်းနည်းတော့ ချွေးထွက်သွားပါသည်။

သုန္ဒရီ၏ နေရပ်လိပ်စာကို မသိသဖြင့် သူမတို့ဆပ်ကပ်အဖွဲ့ ကပြခဲ့သည့် ဇာတ်ရုံမှာ သွားစုံစမ်းသည်။

ထိုအခါ 'ကောင်းကင်ကြယ်' ဟူသော သူမတို့အဖွဲ့၏ တည်နေရာကို သိရသည်။ ထိုကိုသွားရာ သုန္ဒရီက အဲဒီမှာ မရှိ။ သို့သော် သူမ အိမ်လိပ်စာတော့ရခဲ့၏။

လိပ်စာအတိုင်းလာခဲ့ရာ လိပ်စာညွှန်းရာ ခြံရှေ့ရောက်တော့ သူတို့ သုံးယောက်စလုံး ဖတ်ဖတ်မောနေပြီ။

"ဟူး. . . ပင်ပန်းလိုက်တာကွာ. . . နေပူရတဲ့အထဲ လျှောက်သွားနေရတာ. . . ဗိုက်တွေလည်း ဆာလှပြီ"

"အေးကွာ. . . ကိုလံဘတ်တောင် နယ်မြေသစ်ရှာတုန်းက. . . ဒီလောက် ချွေးထွက်မှာမဟုတ်ဘူး. . . "

"ငါတို့လည်း ငါတို့ရှာဖွေနေတဲ့ နယ်မြေသစ်ကိုတွေ့ပြီပဲကွာ. . . နယ်မြေသစ်ထဲကျမှ ဧည့်ခံကျွေးမွေးတာတွေကို တဝကြီး စားသောက်ရင်း အေးအေးဆေးဆေး အနားယူကြတာပေါ့. . . လာကြ သူငယ်ချင်းတို့"



www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်းသည် ဇေဖြိုးနှင့် မျိုးသီဟကို ချော့နေရ၏။ သူတို့ ခြံ ဝင်းဝမှာ ဟိုမျှော်ဒီငေးနှင့် ရပ်နေတုန်း အိမ်ထဲမှ အမျိုးသမီးကြီး တစ်ဦးထွက်လာသည်။

"ဘာကိစ္စရှိလို့လဲကွဲ့. . . "

" ကျွန်တော်တို့ မျက်လှည့်ဆရာမ သုန္ဒရီနဲ့တွေ့ချင်လို့ပါခင်ဗျာ"

"ဩော်. . . သမီး ဧည့်သည်တွေကိုး. . . အိမ်ထဲကို လာကြ လေကွယ်. . ."

"ဟုတ်ကဲ့. . ."

"ဟုတ်ကဲ့. . ."

"ဟုတ်ကဲ့. . ."

ဒါမျိုးကျတော့ သုံးယောက်စလုံး သွက်သည်။ အပြင်မှာ နေပူ သွန်းသဖြင့် အိမ်ထဲသို့ သုတ်ခနဲဝင်၏။ ပြီးတော့ ထိုင်ခုံမှာ ထိုင်ကာ သက်သောင့်သက်သာ အမောဖြေကြသည်။

"သမီးရေ. . . ဒီမှာ သမီးဧည့်သည်တွေ ရောက်နေတယ် လာဦး"

ခေါ်သံအဆုံး စက္ကန့်ပိုင်းလောက် ဖြုန်းတီးအပြီးမှာ ခန်းစီးစ သပ်ခတ်မှုနှင့်အတူ သုန္ဒရီ ထွက်လာသည်။ မပြင်မဆင်ဘဲနှင့် သူမ နဂို အလှက ပေါ်လွင်ပီပြင်နေသည်။ အပေါ်ယံကြောကတော့ တင်း၏။

"ဘယ်သူများလဲလို့ ရှင်ကိုး"

"ဟုတ်တယ်. . . ကျွန်တော်ပါပဲ. . ."

"ရှင် ဘာလာလုပ်တာလဲ. . . ရှင့်အမှတ်ကိုပြဖို့ တကူးတက ထိုက်လာတာလား. . ."

"ဟာ. . . မဟုတ်ပါဘူးဗျာ. . . သုန္ဒရီကို အကူအညီတစ်ခု တောင်းချင်လို့လာတာပါ. . ."

"ဘာကိစ္စလဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



သုန္ဒရီ၏ဆက်ဆံရေးက အဆီအနှစ်ကင်းမဲ့ကာ အရေကျဲလှသည်။ သူမစိတ်ကို နက်ရှိုင်းအကဲခတ်ရခက်နေ၏။

" ကျွန်တော့်အဖေရဲ့ ကုမ္ပဏီနှစ်ပတ်လည်နေ့မှာ ဝန်ထမ်း တွေကို ဖျော်ဖြေမှုအနေနဲ့ မျက်လှည့်ပြပွဲတစ်ခုလုပ်ချင်လို့ အဲ့ဒါ သုန္ဒရီကို အကူအညီ လာတောင်းတာပါ . . . "

"ဘာလဲ. . . ဆပ်ကပ်တစ်ဖွဲ့လုံးကို ငှားချင်တာလား. . . "

"မဟုတ်ပါဘူး. . . သုန္ဒရီတစ်ယောက်တည်းကိုပဲ ကျွန်တော် လိုချင်တာပါ. . . "

"ဘာရှင့်. . . ဘာပြောတယ်"

သုန္ဒရီက လေသံမာမာနှင့်အော်တော့ နက်ရှိုင်း မျက်ကလူး ဆန်ပြာ ဖြစ်သွားရသည်။

"ဒီ. . . ဒီလိုပါ. . . ကျွန်တော်က မျက်လှည့်တစ်ခုတည်းကိုပဲ ငှားချင်တာလေ. . . အဲ့ဒါကြောင့် သုန္ဒရီတစ်ယောက်တည်းကိုပဲ လိုချင်တာလို့ ပြောတာပါ. . . "

"မျက်လှည့်ကို ငှားမှဖြင့်တော့ ကျွန်မတစ်ယောက်တည်း လာလို့ ရမလားရှင့်. . . ကျွန်မအဖွဲ့လည်းပါမှာပေါ့. . . "

"ဟုတ်ကဲ့. . . ပါ. . . ပါခင်ဗျ. . . ပါ. . . ပါ"

နက်ရှိုင်းသည် ဆရာနှင့်တွေ့နေသည့် ကျောင်းသားပမာ သူမ အပြုအမူမှာ နာခံနေရသည်။ သုန္ဒရီက . . .

" ပွဲရက်တွေ တိုက်နေရင်တော့ ကျွန်မ လိုက်လို့ရမှာ မဟုတ် ဘူး. . . ရှင်တို့ပွဲက ဘယ်နေ့လုပ်ချင်တာလဲ. . . "

နက်ရှိုင်းက ကုမ္ပဏီနှစ်ပတ်လည်နေ့ကို ပြောပြလိုက်သည်။ သုန္ဒရီက ထိုင်ခုံတစ်လုံးမှာဝင်ထိုင်ပြီး စဉ်းစားလိုက်သေးသည်။

ပြီးမှ. . .

"အဲဒီနေ့ဆိုရင်တော့ ကျွန်မ အားပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူမအဖြေစကားကြောင့် နက်ရှိုင်းဝမ်းသာသွားသည်။ ဒီအတိုင်းဆို သူမနှင့် ရင်းနှီးခွင့်တွေ အများကြီးရလာနိုင်၏။ စိတ်ကူးထဲမှာ လိုရာပုံစံဖော်ရင်း သူကြိတ်ဟုတ်နေသည်။

အလုပ်သဘောအရ အဖိုးအခကိစ္စတွေကိုလည်း ညှိနှိုင်းလိုက်ကြပါသည်။ ထိုအခိုက်မှာပင် သုန္ဒရီ၏မိခင်က စားစရာ သောက်စရာတွေနှင့် ရောက်လာသည်။ မုန့်ပန်းကန်တွေကို စားပွဲပေါ် ချပြီး. . .

"စားလိုက်ကြပါဦးကွယ်. . ."

"ဟုတ်. . ."

"ဟုတ်. . ."

ဗိုက်အရမ်းဆာနေသော ဇေဖြိုးနှင့်မျိုးသီဟ ဂွင်တည့်သွားကြသည်။ နှစ်ယောက်သား မုန့်ပန်းကန်ဆီ ပြိုင်တူ လက်လှမ်းလိုက်စဉ်မှာပင် သုန္ဒရီက. . .

"ဘာဖြစ်လို့ မုန့်တွေယူလာတာလဲအမေရယ်. . . ဒီခေတ် ယောကျ်ားလေးတွေက သရေစာကို အပြင်မှာပဲစားတတ်ကြတာ. . . အမေကျွေးလည်း အပိုပဲ. . . သူတို့က စားမှာမဟုတ်ပါဘူး. . ."

"အင်. . ."

ဇေဖြိုးနှင့်မျိုးသီဟ ရှက်ရှက်နှင့် လက်ကလေးတွေကို ကပျာကသီ ပြန်ရုပ်လိုက်ကြရသည်။

သုန္ဒရီ၏မိခင်က. . .

"ဟုတ်လို့လား သမီးရယ်. . . ဧည့်သည်တွေကို အားနာစရာ"

"ဟုတ်ပါတယ် အမေရယ်. . . အမေမယုံရင် သူတို့ကို မေးကြည့်ပါလား"

"ငါ့တူတို့ သမီးပြောတာ ဟုတ်လားကွဲ့. . ."

"ဟုတ်. . . ဟုတ်ပါတယ်"

"သူပြောသလိုပါပဲ. . . အဟဲ"



www.burmeseclassic.com

www.burmeseclassic.com



ဇေဖြိုးနှင့် မျိုးသီဟသည် တအားစားချင်နေပေမယ့် သိက္ခာကို ထိန်းပြီး မဟုတ်ဘဲနှင့် ဟုတ်လိုက်ရ၏။ စိတ်ထဲမှာတော့ အားခဲထားသမျှ ပျက်သွားသဖြင့် သုန္ဒရီကို မျက်မုန်းကျိုးသွားကြသည်။

အားလုံးသိသည့် နက်ရှိုင်းမှာ ရယ်ချင်စိတ်ကို မျိုသိပ်ထားရသည်။ သူ မပြန်ချင်သေးသဖြင့် သုန္ဒရီကို ခိုးခိုးကြည့်ရင်း သူမမိခင်အား စကား ရောဖောရော လုပ်နေလိုက်၏။

"ဒီအိမ်မှာ အန်တီတို့ သားအမိနှစ်ယောက်တည်း နေကြတာလား ဟင်"

"ဟုတ်တယ်ကွဲ့. . ."

"ဟို. . . အန်တီ့အမျိုးသားကရော"

"မရှိရှာတော့ပါဘူးကွယ်. . ."

"ပျောက်သွားတာလား. . ."

"အို. . . မဟုတ်ပါဘူး. . . ဆုံးသွားတာပါ"

"ဩော်. . . မရွေးနိုင်လို့ကိုး. . ."

"ဘာကွဲ့. . . မင်း ဘယ်လိုပြောလိုက်တယ်"

ဘွားတော် လေသံပြောင်းလဲသွားသည်။ ဒီတော့မှ သုန္ဒရီကို ခိုးကြည့်ရင်း သတိလက်လွတ် ပြောနေမိသည့် နက်ရှိုင်း သတိဝင်လာသည်။

"ဟိုလေ. . . ဒီလိုပါခင်ဗျာ . . . မရွေးနိုင်လို့ဆိုတာ သေမင်းလက်က မရွေးနိုင်လို့ သေဆုံးသွားရတာကို တရားသဘောနဲ့ ပြောတာပါ. . . ဩော် အနိစ္စ. . . ဒုက္ခ. . . အနတ္တ. . . မမြဲတဲ့သင်္ခါရတွေပါလား အန်တီရယ်"

" အေးပါကွယ်. . . ဟုတ်ပါတယ်"

အလျှောက်ကောင်းသဖြင့် နက်ရှိုင်း အထောင်းသက်သာသွားသည်။ မျိုးသီဟနှင့် ဇေဖြိုးကတော့ အချင်းချင်း အထာနှစ်တာမို့ ပြုံး



www.burmeseclassic.com

www.burmeseclassic.com



နေ၏။ သုန္ဒရီကလည်း သူမကို နက်ရှိုင်း ရှိုးနေတာ ရိပ်မိသဖြင့် ထိုင်ရာမှထပြီး. . .

"ဒီမှာ ကိုမှတ်ကြီး. . ."

"ဟာဗျာ. . . ကျွန်တော့်နာမည် မှတ်ကြီးမဟုတ်ပါဘူး ဆို. . . နက်ရှိုင်း ဗျ. . . နက်ရှိုင်း. . ."

"အို. . . နက်ရှိုင်းပဲဖြစ်ဖြစ် ဖြူရှိုင်းပဲဖြစ်ဖြစ်. . . ကျွန်မကတော့ မှတ်ကြီးလို့ပဲခေါ်မယ်. . . ဒီမှာ ကိုမှတ်ကြီး. . . ရှင် ယောကျ်ားကြီး တန်မဲ့နဲ့ သူများအိမ်တွင်းရေးကို မစပ်စုပါနဲ့. . ."

"ပါးစပ်ပါလို့ မေးတာပဲဗျာ . . . စပ်စုတာမှာ ယောကျ်ားမိန်းမ ခွဲခြားသတ်မှတ်ထားလို့လား. . ."

"ဘာပဲဖြစ်ဖြစ် ရှင် လာရင်းကိစ္စလည်းပြီးပြီပဲ. . . ရှင် ပြန်တော့ ကိုမှတ်ကြီး. . ."

"အေးပေါ့ဗျာ. . . အိမ်ရှင်က ဒီလောက်နှင်နေမှတော့ မပြန်ချင် လည်း ပြန်ရတော့မှာပေါ့. . . ဟိတ်ကောင်တွေ. . . ထ. . . ပြန်ကြ မယ်. . ."

နက်ရှိုင်းခေါ်သဖြင့် ထိုင်ရတာ အမောပင်မပြေသေးသော ဖေဖြိုး နှင့် မျိုးသီဟ ထလိုက်ရသည်။

အိမ်ပေါက်ဝရောက်တော့မှ နက်ရှိုင်းက သုန္ဒရီအား နောက်ပြန် လှည့်ကြည့်ပြီး. . .

"ဩော်. . . နှုတ်ဆက်ဖို့ မေ့သွားလို့. . . ကျွန်တော်တို့ ပြန်လိုက် ဦးမယ် မသရဲမ. . ."

"ဟင်. . . ရှင်"

သူမ ဘာမှမပြောခင် နက်ရှိုင်း သုတ်ခြေတင်လာခဲ့သည်။ ဖေဖြိုးနှင့် မျိုးသီဟကလည်း ခြေညီသည်။ ဘာမှမစားမသောက် ရသည့်အပြင် အေးအေးဆေးဆေးတောင် မနားရသဖြင့် သူတို့ စိတ်တိုနေ၏။

www.burmeseclassic.com

www.burmeseclassic.com



" နက်ရှိုင်းရာ. . . မင်း ဘယ်လိုမိန်းမမျိုးနဲ့မှ သွားတွေ့ရတာ လဲကွာ"

"အေးကွာ. . . ပန်းစားဘီလူးမ မယ်ဝဏ္ဏကမှ ဆက်ဆံရေးမှာ သူ့ထက် ဖော်ရွေဦးမယ်. . ."

ဇေဖြိုးနှင့်မျိုးသီဟသည် သုန္ဒရီကို ပျစ်ပျစ်နစ်နစ် ကဲ့ရဲ့နေကြ၏။ နက်ရှိုင်းက. . .

"သူ့ကို မင်းတို့ဘယ်လိုမြင်လဲ. . ."

"အပင်ကထွားပေမယ့် အပွေးက ရင့်လွန်းတယ်ကွာ"

"ရင့်တဲ့အပွေးကို ငါ ခွာပစ်လိုက်ရင်တော့ အသွင်က နုသွားနိုင် ပါတယ်. . ."

"မထင်နဲ့ဟိတ်ကောင်. . . မင်းက ခွာမရဘဲနဲ့ ဟိုက ရင့်တဲ့ အပွေးနဲ့ ပွတ်လွတ်လိုက်လို့ မင်းအကြီးအကျယ် ဒုက္ခ ရောက်သွား နိုင်တယ်နော်"

သူတို့စကားတွေကြောင့် နက်ရှိုင်းယားကျိကျိပင် ဖြစ်သွားသည်။ သူ့အာရုံထဲမှာ ခန္ဓာကိုယ်ချင်း တပူးတကပ် ထိစပ်ခဲ့သည့် ညတုန်းက ပေးကမ်းသော သုန္ဒရီ၏နွေးထွေးမှုကိုသာ ပြန်မြင်ယောင်နေမိသည်။

သူမသည် ယောကျ်ားသားတစ်ယောက်အား အကြောင်းမဲ့သက် သက် ထိုသို့ဆက်ဆံမည့် မိန်းမစားမျိုးမဟုတ်ချေ။

ဒီလိုဆိုလျှင်. . .

သူမ၏တင်းမာမှုသည် ဖုံးကွယ်မှုရှိသည့် မိန်းမသားတစ်ယောက် ၏အတတ်ပညာသာ ဖြစ်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း – (၁၀)

ကုမ္ပဏီနှစ်ပတ်လည်နေ့ အခမ်းအနားသည် ပျော်ရွှင်စရာများဖုံးလွှမ်းပေါက်ရောက်နေပါသည်။ မကြာမီ ဖျော်ဖြေမှု အစီအစဉ်တွေစတင်တော့မှာမို့ မျက်လုံးအတော်များများက စင်မြင့်ထက်မှာ နေရာယူရောက်ရှိနေကြလေသည်။

ပထမဦးဆုံး စတင်မှာက နက်ရှိုင်းတို့၏ Butterfly အကအဖွဲ့ဖြစ်သည်။ ပြီးမှ သုန္ဒရီ၏မျက်လှည့်ပြပွဲအလှည့်ဖြစ်၏။ ဒီရက်ပိုင်းအတွင်းမှာ နက်ရှိုင်းသည် သူမျှော်လင့်ထားသည့်အတိုင်း ပွဲကိစ္စအကြောင်းပြကာ ပရောပရီလုပ်ရင်း သုန္ဒရီနှင့် ရင်းနှီးမှုများ ရရှိခဲ့သည်။ အရင်ကထက်စာလျှင် အခြေအနေအများကြီး ကောင်းလာသဖြင့် သူပျော်နေပါသည်။

ခဏကြာတော့ ဖျော်ဖြေမှုအစီအစဉ် စတင်လေသည်။ Butterfly အကအဖွဲ့မှ လူငယ်မောင်မယ်များက ဆန်းသစ်သော ကကြိုးကကွက်များအား မြူးကြွသောဂီတနှင့်တွဲဖက်၍ ညီညီညာညာ ကခုန်ကြလေသည်။ နက်ရှိုင်းက သူလူများအတွက် သူကိုယ်တိုင် DJ ဖွင့်ပေးနေ၏။

သူ့အဖေပွဲမို့ သူ မကဲရဲဘဲဖြစ်နေသည်။ DJ ဖွင့်ရင်း သံစဉ်ချိတ်ခတ်မှု တွေမှာတော့ သူ့ခြေလက်တွေက စည်းချက်လိုက်ပါ လှုပ်ရှားနေသည်။ ဒါကိုကြည့်ပြီး ခတ်သိသည့် ဖေဖြိုးနှင့် မျိုးသီဟက အောက်မှ အော်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"နက်ရှိုင်း. . . ကပါဗျို့. . . **Butterfly** နက်ရှိုင်း ကပါ"

"ဟုတ်ပါတယ်. . . ကိုနက်ရှိုင်းကတာ ကြည့်ချင်လို့ပါ"

"ဟုတ်တယ်ဗျို့. . . နက်ရှိုင်း ကပါ"

"ကိုနက်ရှိုင်း ဝင်ကပါ"

အစရှိတာနှင့် နက်ရှိုင်းကို သိသူတွေကလည်း လိုက်အော်ကြသည်။ မသိသူတွေကလည်း ရောတိရောယောင် အော်ကြသည်။ ထိုအခါ နဂိုကမှ ပိုးထပြီး ကချင်နေသော နက်ရှိုင်းပိုရူးသွားသည်။ နက်ရှိုင်းကို ပွဲတောင်းနေကြသဖြင့် သူ့အဖွဲ့သူ အဖွဲ့သားတွေ ကလည်း **DJ** ဖွင့်နေသော နက်ရှိုင်းကို လာဆွဲခေါ်ကြသည်။

နက်ရှိုင်း မနေနိုင်တော့ဘဲ စိတ်ကြိုက်တေးသွားကိုဖွင့်၍ သူ့အဖွဲ့သားတွေနှင့် ဝင်ရောက် ရောနှောလိုက်လေသည်။ သူ့အဖွဲ့သားတွေ ကလည်း ပါးနပ်စွာ နေရာရှဲပေးကြ၏။ ထိုအခါ နက်ရှိုင်းက သူ **Crazy** ဖြစ်သည့် **Under Ground** အကွက်ဆန်းများကို တရကြမ်း ခုန်ပေါက် ကဆင်ပါလေတော့သည်။ သူ့အဖွဲ့သားများကလည်း နက်ရှိုင်းကို အလယ် ခေါင်မှာထားပြီး ဘေးပတ်လည်မှ ခြံရံကခုန်ရင်း ကပွဲကို ပိုကြွလာအောင် ဖော်ဆောင်ပေးကြသည်။

ပရိသတ်တွေ တဟေးဟေးတဟားဟားဖြစ်သွားပြီး လူငယ်တွေ ထကကြ၏။ နောက်တော့ လူကြီးအချို့ပါ,ပါလာသည်။ **DJ** ၏ဖမ်းစားမှု စက်ကွင်းကြောင့် စင်ပေါ်မှာရော စင်အောက်မှာပါ ကပွဲတွေ ဖြစ်ပွားသွားကြသည်။

တီးလုံးသံတွေက ဆူညံနေသည်။ ကကြိုးကကွက်တွေကလည်း ပလူပျံနေသည်။ ပွဲက အရမ်းမြူးသွားလေသည်။ နက်ရှိုင်းသည် က နေရာမှရပ်၍ အခြေအနေ အကဲခတ်လိုက်သည်။ သူ့မှာ တာဝန်ရှိသေး DJ ဆီပြန်သွားကာ ပွဲကိုထိန်းလိုက်၏။ လူအများကို အကနှင့်ပျော်မြူး အောင် သူ လုပ်ဆောင်နိုင်ခဲ့ပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်းတို့ **Butterfly** အကအဖွဲ့၏ ဖျော်ဖြေမှုပြီးဆုံးတော့ တန့်လန့်ကာချ၍ အစီအစဉ်ကို ခဏရပ်နားသည်။ သိမ်းဆည်းစရာ ရှိတာတွေ သိမ်းဆည်းပြီး နောက်ပွဲအတွက် ပြင်ဆင်စရာရှိတာတွေ ပြင်ဆင်ကြသည်။

သုန္ဒရီက နက်ရှိုင်းကိုတွေ့တော့ ယောင်ယောင်လေးပြုံးလျက် -

"ရှင်တို့ရဲ့ဖျော်ဖြေမှုကို ပရိသတ်တွေ ကျေနပ်ကြတယ်. . . ရှင်က တကယ်တော်တယ်. . ."

"ခင်ဗျားက ကျွန်တော့်ထက် ပိုတော်ပါတယ်. . . ခင်ဗျားရဲ့ ဖျော်ဖြေမှုကို ပရိသတ်တွေ ပိုစိတ်ဝင်စားမှာသေချာပါတယ်. . ."

"အခုလိုပြောတဲ့အတွက် ကျေးဇူးပါပဲ. . ."

သုန္ဒရီက သူ့လူတွေဆီ ထွက်သွားသည်။ နက်ရှိုင်းသည် သူ့အဖွဲ့သားတွေကို အနားယူဖို့ နေရာချထားပေးပြီး သူငယ်ချင်းတွေ ဝိုင်းမှာ သွားထိုင်နေလိုက်၏။ ဒီပွဲမှာ အစစအရာရာ စီစဉ်ညွှန်ကြားပေးနေရတာမို့ သူ အရမ်းပင်ပန်းနေလေပြီ။

အစီအစဉ်ပြန်စသဖြင့် စင်မြင့်ပေါ်မှ ကန့်လန့်ကာ ပွင့်သွားသည်။ ထိုအခါ အနက်ရောင်မှော်ဝတ်ရုံဖြင့် သုန္ဒရီနှင့် အနီရောင် ကိုယ်စီ ဝတ်ဆင်ထားသည့် မိန်းကလေးသုံးယောက် ရပ်နေသည်။ သူတို့ရှေ့၌ လူသေထည့်သော ခေါင်းတလားကဲ့သို့သော အလယ်မှာ ထက်ပိုင်းပြတ် နေသည့် အညိုရောင် သေတ္တာရှည်ဝစ်လုံးရှိ၏။

အနီရောင်ဝတ်စုံနှင့် မိန်းကလေးနှစ်ယောက်က ထက်ပိုင်းပြတ် နေသည့် သေတ္တာ၏ အဖုံးနှစ်ဖက်ကိုဆွဲဖွင့်လိုက်ပြီး (ပရိသတ်တွေ မြင်ရ အောင်) ပတ္တာဖြင့် ပြုလုပ်ထားသည့် သေတ္တာ၏ဘေးအကာတွေကို လှဲချ လိုက်သည်။

နောက်တော့ ကျန်ရှိသည့် အနီရောင် မိန်းကလေးတစ်ယောက် ကို ဖမ်းချုပ်ပြီး သေတ္တာထဲ ထည့်လိုက်သည်။ လှုပ်မရအောင် ခြေတွေ



www.burmeseclassic.com

www.burmeseclassic.com



လက်တွေကိုလည်း သေတ္တာကြမ်းခင်းဖြင့်တွဲ၍ ကြိုးနှင့် ချည်နှောင်လိုက်သေးသည်။ ပြီးတာနှင့် အဖုံးအကာတွေ ပိတ်ပစ်လိုက်၏။

ထို့နောက် -

သုန္ဒရီက အစွယ်အသွားတွေ ချွန်မြဖွေးအိနေသော လွှကြီးဖြင့် အနီရောင်မိန်းကလေးရှိသည့် သေတ္တာ၏အလယ်ဗဟိုအက်ကြောင်းမှ သွေးအေးစွာ တရိရိ လှီးဖြတ်ချလိုက်သည်။

"ဟာ. . . သွားပြီ"

"အထဲက မိန်းမ ထက်ပိုင်းပြတ်ပြီ"

"ကြိုးတွေနဲ့လည်း တုတ်ထားတာဆိုတော့ သေရောပေါ့"

အာမေဋိတ်သံတွေ ပေါ်ထွက်လာကြသည်။ သုန္ဒရီက လွှသွားကို သေတ္တာအောက်ခြေအထိ ခပ်ကြမ်းကြမ်း ဆွဲချပစ်လိုက်၏။

အနီရောင် မိန်းကလေးနှစ်ယောက်က သုန္ဒရီကို သံပြားနှစ်ချပ် ကမ်းပေးသည်။ သုန္ဒရီက လွှကိုဆွဲနှုတ်လိုက်ပြီး ထိုနေရာမှ သံပြားနှစ်ချပ်ကို ထိုးထည့်လိုက်သည်။

အနီရောင် မိန်းကလေးနှစ်ယောက်က သေတ္တာကို တစ်ယောက် တစ်ဖက်စီမှ ဆွဲလိုက်ကြသည်။ ထိုအခါ တစ်ဖက် တစ်ချက် အဝတွေမှာ သံပြားပိတ်လျက်ဖြင့် သေတ္တာက နှစ်ပိုင်းပြတ် သွားလေသည်။ အလယ်မှာလည်း ဘာမှ မရှိချေ။

"ကျွတ်. . . ကျွတ်. . . အထဲကလူတော့ တကယ် ထက်ပိုင်းပြတ်သွားပြီ"

"ဒါ အောက်လမ်းပညာပဲဖြစ်ရမယ်. . . အဲဒီမိန်းမတွေကလည်း တစ္ဆေသရဲတွေ ထင်တယ်"

အတွေးအခေါ် အသိပညာအရ အမျိုးမျိုးတွေ ထင်ကြေးပေးနေကြသည်။ အနီရောင်မိန်းကလေးနှစ်ယောက်က တကွဲတပြား ဖြစ်နေသော သေတ္တာနှစ်ခုကို ပြန်ကပ်လိုက်သည်။ သုန္ဒရီက သံပြားနှစ်ချပ်ကို ဆွဲထုတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး ပါးစပ်မှ တတွတ်တွတ် ရွတ်ဆို မန်းမှုတ်၏။ ပြီးမှ သေတ္တာ၏ အဖုံးအကာတွေကို ဖွင့်လှန်ချလိုက်သည်။

ထိုအခါ ကြိုးဖြင့်တုတ်ထားသည့်အတိုင်းပင် ပုံစံမပျက် လဲလျောင်းနေသည့် အနီရောင်မိန်းကလေးကို အကောင်းပကတိပင် တွေ့မြင်ရ၏။

"နက်ရှိုင်းရေ. . . မင်းသာ ဒီမိန်းမနဲ့ရရင်တော့ မချောင်ဘူးဟေ့. . . သူသာအလုပ်မရှိရင် လေ့ကျင့်တာဆိုပြီး မင်းခန္ဓာကိုယ်ကို ဖြတ်လိုက် ဆက်လိုက်လုပ်နေမှာနော်. . ."

"ဖြတ်ပြီးကာမှ ပြန်ဆက်မရရင်တော့ မင်းတော့ငုံးပြီ"

ဇေဖြိုးနှင့် မျိုးသီဟက နက်ရှိုင်းကို စ,နေကြသည်။ နက်ရှိုင်းကဘာမှပြန်မပြောဘဲ အပြုံးဖြင့်သာ နှုတ်ဆိတ်နေ၏။ သူသည် သုန္ဒရီ၏လှုပ်ရှားမှုမှန်သမျှကို တရှိုက်မက်မက် ငေးမောနေတာဖြစ်သည်။

သုန္ဒရီက အခြားပြကွက်တစ်ခုကို တင်ဆက်နေပြန်သည်။ လူတစ်ဖက်စာသာသာလောက်ရှိမည့် စဉ့်အိုးငယ်ပုံသဏ္ဌာန် ဖော့အိုးထဲသို့ မိန်းကလေးတစ်ယောက်ကို ထည့်လိုက်သည်။ ပြီးတော့ အပေါ်မှ အပေါက်ငယ်တစ်ခုပါသောအဖုံးဖြင့် ပိတ်ပစ်လိုက်၏။

မိန်းကလေးတစ်ယောက်က ဓားရှည်လေးလက်ကို ဆုပ်ကိုင်တာအနားမှာ ရပ်နေသည်။ သုန္ဒရီက ဓားတွေကို တစ်လက်ပြီး တစ်လက်ယူ၍ ဖော့အိုး၏အဖုံးရှိ အပေါက်မှ အတွင်းထဲသို့ အနေအထားအမျိုးမျိုးဖြင့် ထိုးစိုက်ချ၏။ ဓားဖျားတွေက ဖော့အိုးကို ဖောက်ပြီး အောက်ခြေမှ ပြန်ထွက်၍လာကြသည်။

လူတစ်ယောက်ဆန့်အောင်ပင် မနည်းဝင်နေရမည့် ဖော့အိုးထဲမှ မိန်းကလေး၏အသက်သည် ဓားလေးလက်မှာ ပါသွားပြီဟု အားလုံးထင်လိုက်သည်။

သုန္ဒရီက ဓားတွေကို တစ်လက်ပြီးတစ်လက် ပြန်ဆွဲနှုတ်၏။ ပြီးတော့ အဖုံးကို ဖွင့်လိုက်သည်။ ထိုအခါ ဖော့အိုးထဲမှ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



သည် သွက်လက်စွာ ခုန်ထွက်လာလေသည်။ သူမခန္ဓာကိုယ်မှာ ဘာ ဒဏ်ရာဒဏ်ချက်မှမရှိချေ။

နက်ရှိုင်းသည် သုန္ဒရီ၏အစွမ်းအစကိုကြည့်၍ ဖျားချင်သွား သည်။ ဒီမိန်းမသည် အရာရာမှာ အတော်မလွယ်တဲ့အစားထဲက ဖြစ်သည်။ သူမ၏ ထူးခြားမှုများအားလုံးတွင် သူ အလိုအလျောက် ပျော်ဝင်မူးယစ်ပြီးသားဖြစ်နေ၏။

သူသည် သူမကို အကြီးအကျယ်ငြိတွယ်စွဲလမ်းနေမိလေပြီ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း – (၁၁)

ဖျော်ဖြေမှုအစီအစဉ်များ ပြီးဆုံးသွားသောအခါ ညဉ့်သည် အတော်နက်နေချေပြီ။ အပျော်တွေလည်း ကျဲပါးသွားသည်။ လူစုတွေလည်း ကွဲပြားသွားသည်။ တက်ကြွ လန်းဆန်းမှုများအားလုံးသည် ပင်ပန်းနွမ်းနယ်မှုအသွင်သို့ ကူးပြောင်းကုန်ကြပြီဖြစ်သည်။

"နက်ရှိုင်း. . . ငါတို့လည်း ဒေါင်းချင်နေပြီ. . . လစ်တော့မယ်"

"အိုကေ. . ."

ဇေဖြိုးနှင့် မျိုးသီဟက နက်ရှိုင်းကိုနှုတ်ဆက်ပြီး ပြန်သွားကြသည်။ နက်ရှိုင်းက ပစ္စည်းပစ္စယာများကို သေချာသိမ်းဆည်းဖို့ စီစဉ်ညွှန်ကြားနေသော သုန္ဒရီ၏ထံပါးသို့ သွားလိုက်သည်။

"သုန္ဒရီ. . . ပင်ပန်းနေပြီလား. . ."

"ကိစ္စမရှိပါဘူး. . . ကျွန်မအတွက် ဒါမျိုးတွေက အကျင့်ဖြစ်နေပါပြီ"

"ပြန်ဖို့အတွက် ကျွန်တော် ဘယ်လိုစီစဉ်ပေးရမလဲ. . ."

"ပစ္စည်းတွေနဲ့ ကျွန်မလူတွေအတွက်ကတော့ ကားတစ်စီး အဆင်သင့် လုပ်ထားပါတယ်. . ."

"ဒါဆို သုန္ဒရီကကော. . . ဘယ်လိုပြန်ဖို့ စဉ်းစားထားလဲ"

သုန္ဒရီက အပြုံးရိပ်ရိပ်ကလေးဖြင့် နက်ရှိုင်းအား ကြည့်သည်။ ပြီးမှ ချိုအီစွာပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကျွန်မကို ပြန်လိုက်ပို့ချင်စိတ် မရှိဘူးလား. . ."

နက်ရှိုင်းရင်သည် ခုန်သထက်ခုန်သွားလေသည်။

"ဘယ်လိုများပြောလိုက်တာလဲဗျာ. . . သုန္ဒရီသာ လက်ခံမယ် ဆိုရင် ကျွန်တော်က ကမ္ဘာ့အဆုံးထိတောင်ပို့ပေးချင်တာပါ. . ."

"နည်းနည်းတော့ပိုသွားပြီထင်တယ်. . ."

"မပိုပါဘူးဗျာ. . . လာလေ. . . တကယ်သွားကြမယ်. . ."

နက်ရှိုင်းက သုန္ဒရီ၏လက်ကို ဖမ်းဆွဲလိုက်တော့ သုန္ဒရီက မြွေမလေးတစ်ကောင်ကဲ့သို့ ကျင်လည်စွာ ရုန်းထွက်သွားပါသည်။

"ခဏလေး. . . ကျွန်မ အဝတ်လဲလိုက်ဦးမယ်. . ."

နက်ရှိုင်း ကားနားမှာ သွားစောင့်နေလိုက်သည်။ သုန္ဒရီ၏ ကမ်းလှမ်းမှုကြောင့် သူ ပီတိဖြစ်နေ၏။ သူမသည် တဖြည်းဖြည်းနှင့် အပေါ်ယံအလွှာတွေ ကွာကျလာပြီဟု သူယူဆလိုက်သည်။

ခဏကြာတော့ သုန္ဒရီသည် လှသွေးကြွယ်စွာ ပြန်ရောက်လာပါသည်။ နက်ရှိုင်းက သူမကိုကြည့်၍ -

"ခင်ဗျား အခုလိုဝတ်ထားလို့ တော်သေးတာပေါ့. . . ခုနကလို ဆိုရင် ကျွန်တော် လိုက်ပို့ရဲမှာ မဟုတ်ဘူး. . ."

"ဘာဖြစ်လို့လဲ. . ."

"သရဲမနဲ့တူလို့လေ. . ."

"ရှင်နော်. . ."

သုန္ဒရီက နှုတ်ခမ်းကိုကိုက်ပြီး မျက်စောင်းထိုးသည်။ ဒီမိန်းမ ဒီလို တွေလည်း လုပ်တတ်သေးသားပဲဟု နက်ရှိုင်း တွေးဖြစ်သည်။ သုန္ဒရီက သူ့မလက်ကလေးကို ဖြန့်သည်။ နက်ရှိုင်း ကြောင်အ,သွား၏။

"ဘာလဲ. . ."

"ကားသော့. . . ကားကို ကျွန်မမောင်းမယ်. . . ရှင်မောင်းတာ ကိုတော့ ကျွန်မ မစီးချင်ဘူး. . ."

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ရော့ပါဗျာ..."

နက်ရှိုင်း ကားသော့ကို သူမလက်ဖဝါးလေးထဲသို့ ထည့်ပေးလိုက်ပါသည်။ သုန္ဒရီက ကားတံခါးကိုဖွင့်ပြီး ကားထဲဝင်သည်။ သူမဘေးမှာ နက်ရှိုင်းထိုင်ပြီးတာနှင့် ကားကိုညင်သာစွာ မောင်းနှင်လေသည်။

ညလမ်းမပေါ်တွင် ကားလေးက တွားသွားသတ္တဝါတစ်ကောင်တဲ့သို့ ရွေးလျားနေ၏။ နက်ရှိုင်းက...

"သုန္ဒရီရဲ့မျက်လှည့်ပြကွက်တွေက ထူးဆန်းတယ်နော်... အဲ့ဒါဘယ်လိုတွေလုပ်တာလဲ... ကျွန်တော့်ကိုပြောပြပါလား..."

"ဘာလို့ပြောပြရမှာလဲ... ကိုမှတ်ကြီး... ရှင်ဟာလေယောကျ်ားကြီးဖြစ်ပြီး အရမ်းစပ်စုတာပဲ..."

"ဟာဗျာ... လုပ်ပြန်ပြီ... ကျွန်တော့်နာမည် မှတ်ကြီး မဟုတ်ဘူး၊ နက်ရှိုင်းပါဆိုနေမှပဲ..."

နက်ရှိုင်းက မကျေမချမ်းပြောတော့ သုန္ဒရီ တခစ်ခစ် ရယ်လေသည်။ ဒီည ဒီအခါမှာ ဒီမိန်းမကိုကြည့်ရတာ နူးညံ့ပျော့ပျောင်းနေသည်ဟု နက်ရှိုင်း ထင်မိသည်။ ဒါသည် ရှင်းငြိမ်တိတ်ဆိတ်နေသည့် ည၏အကူအညီလည်း ပါဝင်ပေလိမ့်မည်။ ည၌ လှုံ့ဆော်မှု စွမ်းအားတွေရှိ၏။

"သုန္ဒရီ..."

"ဘာလဲ... ပြောလေ..."

" ကလပ်မှာတွေ့ခဲ့တဲ့ ညကို ကျွန်တော် ဘယ်လိုမှ မေ့မရဘူးဗျာ"

သုန္ဒရီ၏ခန္ဓာကိုယ်လေး တောင့်တင်းသွားသည်။ ကားမောင်းနေသော လက်ချောင်းလေးတွေ ဂနာမငြိမ် ဖြစ်သွားသည်။ သူမစိတ်တွေ သိဝေလှဲ့ပြာသွား၏။

"ကျွန်မလည်း အဲဒီညကို မေ့လို့မရပါဘူးရှင်..."

နက်ရှိုင်းရင်သည် ဒိန်းခနဲဖြစ်သွား၏။ သုန္ဒရီကိုကြည့်လိုက်တော့ သူမသည်လည်း မျက်တောင်များ မေးစင်းလျက် သူ့ကို လှည့်ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



မပွင့်တပွင့် သူမနှုတ်ခမ်းလွှာတွေက တဆတ်ဆတ်တုန်ယင်နေသည်။ နက်ရှိုင်း စိတ်တွေ လှုပ်ရှားသွားသည်။ အသိတရားတွေ ဣန္ဒြေမရ ဖြစ်ကုန်၏။ သုန္ဒရီ၏လက်ချောင်းလေးများကို နက်ရှိုင်း ဖမ်းအုပ်ဆုပ်ကိုင်လိုက်သည်။ သုန္ဒရီကလည်း ငြင်းပယ်တွန့်ဆုတ်ခြင်း မရှိပါ။

အရာရာသည် အတားအဆီးကင်းမဲ့နေလေပြီ။

ကားလေးက တဖြည်းဖြည်းနှေးကွေးသွားသည်။

ထိုစဉ် -

"ဟာ. . ."

"ရှေ့မှာ. . . လူ. . . လူ. . ."

"ကျွီ. . ."

အခြေအနေက ရုတ်တရက် ပြောင်းလဲသွားသည်။ နူးညံ့စွာ ဆူညံနေသော ရင်ခုန်သံတွေက ထိတ်လန့်သော ဆူညံမှုအဖြစ်သို့ ရောက်ရှိသွားလေသည်။ သူတို့နှစ်ဦး ကပျာကယာ ကားပေါ်မှဆင်းလိုက်ကြသည်။ ကားရှေ့၌ လူတစ်ယောက် လဲကျနေ၏။ နက်ရှိုင်းက ထိုလူကို ဆွဲထူလိုက်သည်။

"ဦးလေး. . . ဘာဖြစ်သွားသေးလဲ. . ."

"မူးတယ်. . ."

"ဗျာ. . . မူးတယ် ဟုတ်လား. . . ဘယ်ကိုထိသွားလို့လဲဟင်"

"ဘယ်မှမထိဘူး. . . ငါ့ဘာသာငါ အရက်သောက်ထားလို့ မူးနေတာ"

"ဟင်. . . ဒါဆို ဘာဖြစ်လို့ လဲသွားရတာလဲ. . ."

"လေဟပ်ပြီးလဲသွားတာ. . ."

"ဩော်. . ."

ဒီတော့မှ စိတ်အေးသွားသည်။ သူတို့က သူတို့ဖီလင်နှင့် သူတို့ ကားကိုမောင်းနှင်လာခဲ့ရာ ဒီနေရာရောက်တော့ ထိုလူက လမ်းပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



တူန်းကူန်းကွကွ လုပ်နေတာဖြစ်သည်။ ကားအရှိန် နှေးခိုက်ဖြစ်၍ တော်သွားသေး၏။

အရက်နံ့တွေ ကြိုင်လှိုင်နေသော ထိုလူကို နက်ရှိုင်းက လမ်းဘေး တွဲခေါ်လာကာ. . .

"ဦးလေးက ကားလမ်းပေါ်မှာ ကုန်းကုန်းကွကွနဲ့ ဘာလုပ်နေတာလဲ. . ."

"ပိုက်ဆံကျပျောက်သွားလို့ရှာနေတာ. . ."

"ဘာလဲ. . . ပိုက်ဆံက အဲဒီလမ်းပေါ်မှာ ထွက်ကျတာလား. . ."

"မဟုတ်ဘူးကွ. . . ပိုက်ဆံက ဟိုမြက်ခင်းပေါ်မှာ ထွက်ကျတာ"

မူးနေသူက ခပ်လှမ်းလှမ်း မှောင်ရိပ်ထဲကို လက်ညှိုးထိုးပြီး ပြော၏။ နက်ရှိုင်း ခေါင်းစားသွားသည်။

"ဦးလေးဟာကလည်း. . . ပိုက်ဆံက ဟိုနေရာမှာထွက်ကျတယ်ဆိုပြီး ဘာဖြစ်လို့ ဒီလမ်းမပေါ်မှာ လာရှာနေတာလဲ. . ."

"ဟာ. . . မင်း တော်တော်ဦးနှောက်မဲ့တဲ့ကောင်ပဲ. . . ဟိုနေရာက ဒီလောက်မှောင်နေတာ. . . ငါ့ကို မြွေထွက်ကိုက်ရင် ဘယ်လိုလုပ်မလဲ. . . သွားရှာရင်လည်း တွေ့ဖို့မလွယ်ဘူး. . . အဲ့ဒါကြောင့် အန္တရာယ်ကင်းပြီး လင်းလင်းရှင်းရှင်းရှိတဲ့ ဒီနေရာမှာ လာရှာနေတာ. . ."

"ဗျာ. . ."

နက်ရှိုင်း ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ဒီလူ တော်တော် မူးနေပြီဟုလည်း သိလိုက်၏။ ဒါကြောင့်. . .

"ဦးလေး. . . ဦးလေးကို ကျွန်တော် အိမ်ပြန် လိုက်ပို့ပေးမယ်. . . ဦးလေးက ဘယ်မှာနေတာလဲ. . ."

"အေး. . . ငါလည်း အဲ့ဒါကိုပဲ စဉ်းစားနေတာကွ. . ."

"ဟာ. . ."

www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်း တော်တော် စိတ်လေသွားသည်။ ဒီအတိုင်းဆို ရစ်ချာလည်နေမှာ သေချာသဖြင့် ကားနားမှ သုန္ဒရီဆီသာ သူပြန်သွားလိုက်သည်။ ကားထဲဝင်၍ -

"သုန္ဒရီ. . . ကားကို ကျွန်တော်ပဲမောင်းတော့မယ်နော်. . ."

သုန္ဒရီက ခေါင်းညိတ်ပြပြီး ကားပေါ်တက်သည်။ နက်ရှိုင်းလည်း ကားကိုမောင်းထွက်လိုက်တော့သည်။ သုန္ဒရီက နှုတ်ခမ်းကို တင်းတင်းစေ့ထား၏။ နက်ရှိုင်းမှာ သူ့နှုတ်ခမ်းသူသာ ကိုက်ထား၏။ ပြတ်တောက်သွားသော ရန့်ချင်း ပြန်ပေါင်းစပ်ဖို့ရာ အနေအထားသည် ခက်ခဲလို့နေပါသည်။

ဆန့်ကျင်ဘက်ခံစားမှုများ ယိုစီးနေကြသော သူတို့နှစ်ဦးသားသည် လမ်းတစ်လျှောက်လုံးတွင် ဘာသာစကားမဲ့ခြင်း၌ ကျွံဝင်နေ၏။ ကိုယ်စီကိုယ်ငှ အလိုမပြည့်မှုတွေ ဝေနေကြသည်။ အိမ်ရောက်သွားသောအခါ သုန္ဒရီ၏မိခင်က အဆင်သင့် စောင့်ကြိုနေပါသည်။

"ပြန်လာနိုး ပြန်လာနိုးနဲ့ အိပ်မပျော်ပါဘူးကွယ်. . . နောက်ဆိုရင် သမီး ဘယ်ပွဲသွားသွား အမေပါလိုက်ခဲ့တော့မယ်. . ."

"အခုညက နှစ်ပွဲထပ်သွားလို့ပါ အန်တီရယ်. . . ပြီးတော့ လမ်းမှာ လူတစ်ယောက်ကို ကားနဲ့တိုက်မိမလိုဖြစ်လို့ ကြာသွားတာ. . ."

"ဟင်. . . ဟုတ်လား. . . ဘယ်လိုဖြစ်တာလဲ. . ."

နက်ရှိုင်းက အကျိုးအကြောင်း အနည်းအပါး ပြောပြလိုက်သည်။ သုန္ဒရီ၏မိခင်မျက်နှာမှာ စိုးရိမ်မှုတွေက အထင်းသား ပေါ်လွင်လာသည်။

"ဘာမှမဖြစ်လို့ တော်သေးတာပေါ့ကွယ်. . . အင်း. . . မတော်တဆမှုဆိုတာ အရမ်းကြောက်ဖို့ကောင်းတယ်. . . သမီးရဲ့အဖေ ဦးလေးတွေတုန်းကလည်း မတော်တဆမှုတစ်ခုကြောင့်. . ."

"အဲ့ဒါတွေ ပြောမနေပါနဲ့တော့ အမေရယ်. . . အချိန်လည်း မစောတော့ဘူး. . . ရှင်လည်း ပြန်တော့နော်. . ."



www.burmeseclassic.com

www.burmeseclassic.com



သူန္ဒရီက စကားစကိုဖြတ်ပစ်သည်။ အချိန်လင့်နေပြီမို့ နက်ရှိုင်းလည်း ပြန်လာခဲ့ပါသည်။ သူ့ရင်တွင်းမှာတော့ ပေါက်ကွဲခါနီး မီးတောင်တစ်လုံး၏ မြည်သွားမှုအတွက် မချင့်မရဲဖြစ်နေမိ၏။

သူမသည် မိုးလေဝသအခြေအနေ ခန့်မှန်းရခက်သည့် အပြောင်းအလဲမြန်သော ရာသီဥတုတစ်ခုဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း – (၁၂)

ဆန္ဒတွေက ရှင်ပျစွာ သည်းထန်နေသည်။ စိတ်ကူးတွေက စနစ်တကျ ရွှဲနစ်နေ၏။

မိုးရွာတုန်း ရေခံ၊ လသာတုန်း ဗိုင်းငင် ဆိုသလို နူးညံ့ကိုင်းညွတ်စွာ အခါပေးတုန်းမှာ သုန္ဒရီ၏အချစ်ကို ခူးဆွတ်ရန် နက်ရှိုင်း ကြံရွယ်လိုက်ပါသည်။

မနေ့ညကဆိုလျှင် အခြေအနေက ပြေလည်နေသည်။ သုန္ဒရီ၏လိုက်လျောညီထွေမှုတစ်မျိုးက သူ့အပေါ်မှာ သွန်းဖြိုးနေ၏။ အလားအလာကောင်းတာမို့ ရင်တွင်းခံစားချက်များ ထုတ်လွှတ်ရန်အတွက် နက်ရှိုင်း အိမ်မှထွက်လာခဲ့သည်။

သုန္ဒရီတို့အိမ်သို့ ရောက်သောအခါ. . . သူ့ကိုမြင်တော့ သူမ မဆိုသလောက် အံ့သြသွားပုံရသည်။

"ကိုမှတ်ကြီး. . . ရှင် ဘာလာလုပ်တာလဲ"

"ဟာဗျာ. . . ခေါ်ပြန်ပြီ၊ နက်ရှိုင်းဗျ နက်ရှိုင်း. . ."

ထိုအခေါ်အဝေါ်ကြောင့် သူ အတော် စိတ်ဆင်းရဲရပါသည်။ သုန္ဒရီက. . .

"အဲဒါကိုထားပါ. . . ရှင်က အခု ဘာလာလုပ်တာလဲ"

" မနေ့ညက ပွဲကိစ္စ အကူအညီပေးတဲ့အတွက် သုန္ဒရီ့ကို တစ်ခုလိုက်ကျွေးချင်လို့ပါ. . . "



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူးရှင်၊ ကျွန်မက အလကားကူညီတာမှ မဟုတ်တာ . . . ဒါ အလုပ်ပဲလေ. . ."

"ဘယ်ဟုတ်ပါ့မလဲဗျာ. . . ကျွန်တော်က စေတနာကို အသိအမှတ်ပြုတဲ့အနေနဲ့ ပြုစုချင်လို့ပါ"

အိမ်ထဲမှာဆိုလျှင် ဘွားတော်ရှိနေသဖြင့် နက်ရှိုင်းက သူ့အစီအစဉ် အထမြောက်အောင် အပြင်ပ,ထုတ်နေတာဖြစ်သည်။ ဒါကို သုန္ဒရီတလည်း ခေတ်ကာလသားသမီး ပီသစွာ ရိပ်မိ၏။

" ရှင် ကျွန်မကို အရမ်း ပြုစုကျွေးမွေးချင်နေတယ်ပေါ့ ဟုတ်လား"

"ဒါပေါ့ဗျာ. . . အဲဒါကြောင့်မို့လည်း တကူးတက လာခေါ်တာပေါ့. . ."

"အဲဒါများရှင်. . . ဒီလောက် ကျွေးချင်နေရင်လည်း အိမ်ကိုဘယ်လာခဲ့ပါလား. . ."

"အဲ. . ."

နက်ရှိုင်း ဘာပြန်ပြောရမှန်းမသိဘဲ ဖြစ်သွားသည်။ ပြီးမှ လျှပ်တစ်ပြက် စဉ်းစား၍. . .

"ဟိုလေ. . . ကျွန်တော်က သုန္ဒရီကို အင်မတိ အင်မတန် အရေးကြီးတဲ့ကိစ္စတစ်ခုလည်း တိုင်ပင်စရာရှိတယ်. . . အဲဒါကိုလည်း စားရင်းသောက်ရင်း အေးအေးဆေးဆေး ဆွေးနွေးချင်လို့ပါ. . ."

"ဒီအိမ်မှာလည်း စားရင်းသောက်ရင်း အေးအေးဆေးဆေး ဆွေးနွေးလို့ရပါတယ်ရှင်. . . "

"အဲဒါတော့ မဖြစ်ဘူးဗျ. . . အခုခေတ် ယောကျ်ားလေးတွေက သွားရေစာကို အပြင်မှာပဲ စားတတ်ကြတာလေ. . . ဒါတွေ ခင်ဗျားသိပါတယ်၊ ဟဲ ဟဲ. . ."

"အမယ်မယ်. . . ဟွန်း. . ."



www.burmeseclassic.com

www.burmeseclassic.com



သုန္ဒရီက ပြုံးလဲ့လဲ့နှင့် မျက်စောင်းထိုးသည်။ နက်ရှိုင်းက သုန္ဒရီ့ကို သူ့ရှုးနှင့် သူ့ပတ်ထည့်လိုက်တာဖြစ်သည်။ ဒီမိန်းမက ဒီလိုလုပ်မှရ၏။

"ဒါဆို ခဏစောင့်. . . ကျွန်မ လိုက်ခဲ့မယ်"

သုန္ဒရီ အထဲဝင်သွားသည်။ နက်ရှိုင်းလည်း ထိုင်ခုံမှာ ဝင်ထိုင်ပြီး စောင့်နေလိုက်၏။ ခဏကြာတော့ အဝတ်လဲပြီး သုန္ဒရီ ပြန်ထွက်လာသည်။ သူမ မိခင်က အိမ်ရှေ့အထိ လိုက်လာပြီး. . .

"မောင်မှတ်ကြီး. . . ကားကို မင်း မောင်းနော်၊ သမီးကို မမောင်းခိုင်းနဲ့. . ."

နက်ရှိုင်း ညစ်သွားသည်။

"အန်တီရယ်. . . ကျွန်တော့်နာမည် မှတ်ကြီး မဟုတ်ပါဘူးဗျာ . . . နက်ရှိုင်းပါ"

"အိုကွယ်. . . ဘာပဲဖြစ်ဖြစ် မှတ်ကြီးဆိုတာက ခေါ်လို့ ကောင်းပါတယ်. . . မှတ်ရလည်း လွယ်တယ်၊ အဲဒါကြောင့် မှတ်ကြီးလို့ပဲ ခေါ်မယ်"

"အင်. . . အဲ. . . ဟုတ် ဟုတ်ကဲ့. . . ကြိုက်သလိုသာ ခေါ်ပါ တော့ဗျာ. . ."

ဒီသားအမိနှစ်ယောက်ကြောင့်တော့ ခက်နေပါပြီ။ သို့သော် သုန္ဒရီ ပါလာသဖြင့် မှတ်ကြီး အခေါ်ခံရကျိုး နပ်သွားသည်။

နက်ရှိုင်းက ရှင်းငြိမ်သပ်ရပ်သော ဆိုင်တစ်ဆိုင်ကို ရွေးချယ် လိုက်သည်။ သူ့ရင်ဘတ်သည် ဆတ်တောက်ဆတ်တောက် ဖြစ်နေသည်။ အလာတုန်းက အားခဲထားပေမဲ့ တကယ့်တကယ်ကျတော့ လိုရာရောက် စကားကို ဘယ်ကစပြောရမှန်း မသိဘဲ ဖြစ်နေ၏။

သုန္ဒရီ၏ ညို့မျက်ဝန်းအကြည့်စူးစူးတွေမှာ သူ့စိတ်တွေ ပုံပျက် ပန်းပျက် ဖြစ်နေလေသည်။ ရည်မှန်းချက် ဖြစ်မြောက်ဖို့ အတွက် အတော် အားတင်းလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"သုန္ဒရီ. . . သုန္ဒရီ့ကို ကျွန်တော် ပြောစရာရှိလို့. . ."

"ပြောလေ. . . ပြောစရာရှိရင် ပြောပေါ့. . ."

သုန္ဒရီကတော့ အေးအေးဆေးဆေးပါပဲ။ နက်ရှိုင်းသာ ပျာပျာ ယာယာ ဖြစ်နေသည်။

"ဟိုလေ. . . ကျွန်တော်က ရည်းစားစကားပြောမှာ"

"သိပါတယ်. . . ရှင့်ရုပ် မအီမလည်ကြီး ကြည့်ရုံနဲ့ရှင် ဒီလို စကားမျိုး ပြောမယ်ဆိုတာ သိသာပါတယ်. . . ပြောပါ. . . ပြောစရာ ရှိတာ ဆက်ပြော. . ."

"အဲ. . ."

ပေါ်တင်ကျလွန်းနေပြန်သဖြင့် နက်ရှိုင်း အိုးတိုးအမ်းတမ်း ဖြစ်သွားသည်။ ဒီမိန်းမ ပွင့်လင်းလှချည်လား. . .။ သူကလည်း လမ်းဖွင့် ပေးကာမှ ဆက်သွားဖို့ မဝံ့မရဲဖြစ်နေသည်။ သို့သော် အစရှိနေသဖြင့် ထေးဇာတ်ခင်းပစ်လိုက်၏။

"သုန္ဒရီရယ်. . . သုန္ဒရီကို ကျွန်တော် အရမ်းစွဲလမ်းနေပြီ. . . သုန္ဒရီမရှိဘဲနဲ့ ဘဝခရီးမှာ ကျွန်တော် လျှောက်လှမ်းဖို့ဆိုတာ ဘယ်လိုမှ ဖြစ်နိုင်ပါဘူး. . ."

"ဘာလဲ. . . ရှင်က ကျွန်မကို ဂျိုင်းထောက်မှတ်နေလို့လား"

"ဟာ. . ."

ဖီးလ်အပြည့်နှင့်ပြောနေသော နက်ရှိုင်း ဘူသွားသည်။

"ကျွန်တော်က အဲဒီသဘောနဲ့ပြောတာ မဟုတ်ပါဘူးဗျာ. . ."

"ဒါဆို ဘာသဘောနဲ့ ပြောတာလဲ. . ."

"သုန္ဒရီ့ကို ကျွန်တော် အရမ်းချစ်တယ်ဆိုတဲ့သဘောနဲ့ ပြောတာပါ"

"သြော်. . . ဒီလိုလား. . . အင်း အင်း. . . သဘောပေါက်ပြီ၊ ဆက်ပြော. . ."



www.burmeseclassic.com

www.burmeseclassic.com



"အဲ. . . ဒါ. . . ဒါပဲလေ. . ."

"ရှင့်ရည်းစားစကားက ပြီးသွားပြီလား. . ."

"အင်း. . . ပြီးသွားပြီ. . ."

နက်ရှိုင်း တုန်တုန်ရီရီ ဖြစ်နေသည်။ သုန္ဒရီကတော့ တည်ငြိမ်သွေးအေးလွန်းနေသည်။ သူမကို ကြည့်ရတာ ဒီလိုကိစ္စရပ်တွေမှာ အတွေ့အကြုံ များပြားနေသယောင်ပင် ထင်ရ၏။

"ရှင်ပြောချင်တာ ပြီးပြီဆိုရင် ကျွန်မတို့ ပြန်ကြရအောင်လေ. . ."

"ဟာ. . . အဲလိုတော့ မလုပ်နဲ့လေဗျာ. . ."

"ဘာကိုလဲ. . ."

"ခင်ဗျားကို ကျွန်တော် ရည်းစားစကားပြောထားပြီလေ. . . အဲဒါ ကျွန်တော့်ကို အဖြေပြန်ပေးဦးမှပေါ့. . ."

"သြော်. . . ရှင်ကလည်း ကျွန်မ စဉ်းစားလိုက်ဦးမယ်လေ"

"ဒါဆိုလည်း အခုချက်ချင်း စဉ်းစားဗျာ. . . ကျွန်တော် စောင့်နေမယ်. . ."

နက်ရှိုင်းစကားကြောင့် သုန္ဒရီက ဖွဖွလေးရယ်သည်။

"ရှင်ကလည်း အခုချက်ချင်းတော့ စဉ်းစားလို့ ဘယ်ရမလဲရှင့်"

"ဒါဆို ဘယ်တော့ရမှာလဲ. . ."

" တစ်နေ့နေ့ပေါ့ရှင်. . . အဲဒီအဖြေကို စဉ်းစားလို့ရတဲ့နေ့ကျရင် ကျွန်မကိုယ်တိုင် ရှင့်ဆီလာပြီး အဖြေပေးပါ့မယ်. . ."

"တကယ်. . ."

"အင်းပါဆို. . ."

သုန္ဒရီက မခို့တရို့အပြုံးလေးဖြင့် ခေါင်းညိတ်ပြသည်။ ထို အမူအရာလေးမှာ နက်ရှိုင်း သွက်သွက်ခါအောင် ကြွေသွားလေသည်။

သူမသည် သူ့အား ခိုင်လုံစွာ ရူးစေလောက်၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း – (၁၃)

လောကတစ်ခွင်သည် ပြပြစင်အောင် မှောင်နေသည်။ ညဥ့်ယံသည် တိတ်ဆိတ်မနေဘဲ ပွဲတော်မှ အသံများဖြင့် ဆူညံနေ၏။

ကောင်းကင်မှ ကြယ်စင်များနှင့်အပြိုင် ကောင်းကင်ကြယ်ဆက်ကပ်အဖွဲ့ကြီးက ပရိသတ်များကို တင်ဆက်မှုအမျိုးမျိုးဖြင့် ဖျော်ဖြေနေလေသည်။

"ယခုတစ်ဖန် အလှည့်ကျတာကတော့ ကမ္ဘာလုံးထဲမှာ ဆိုင်ကယ်အပြိုင်စီးကြမဲ့ ညီနောင်သုံးဖော်ရဲ့အစွမ်းကို ရှုစားရမှာပဲ ဖြစ်ပါတယ်"

ပရိသတ်တို့၏ စိတ်ဝင်စားမှုများ ပိုသွားသည်။ ငိုက်မြည်းနေသူအချို့ပင် မျက်လုံးတွေ ပြူးကျယ်ကုန်ကြသည်။ ကောင်းကင်ကြယ်ဆက်ကပ်အဖွဲ့ကြီး၏ နာမည်ကြီးသော ပြကွက်ကို တွေ့မြင်ရတော့မည် ဖြစ်သည်။

မှောင်နေသော ဇာတ်ရုံတစ်ခုလုံး လင်းထိန်သွားသည်။ မှိတ်ထားသော မီးများကို ပြန်ဖွင့်လိုက်ခြင်းဖြစ်၏။ ဇာတ်စင်ဘက် မျက်နှာမူနေသည့် ခန္ဓာကိုယ်တွေ ပြောင်းပြန်လှည့်သွားသည်။ မျက်လုံးများက ဇာတ်ရုံနောက်ဘက်သို့ ရောက်သွားကြ၏။

ဇာတ်ရုံနောက်ဘက်၌ သံဇကာများဖြင့် အခိုင်အမာ ဆက်စပ်ပြုလုပ်ထားသည့် ကမ္ဘာလုံးပုံစံ ဧရာမသံဇကာလုံးကြီး ရှိသည်။ ထိုပစ္စည်းကြီး၏ ခါးလည်မှစတင်ကာ အတွင်းသားနံရံ တစ်လျှောက်တွင် ရှေ့ဆင်စုံ...ဖောင်းများကို ခပ်ကျဲကျဲ ချိတ်ဆွဲထားသည်။



www.burmeseclassic.com

www.burmeseclassic.com



" ယခုဆိုရင် ဆိုင်ကယ်အပြိုင်စီးကြမဲ့ ချစ်စမ်းမောင်၊ သိန်းထွဋ် နိုင်လင်းအောင်တို့ ညီနောင်သုံးဖော်ဟာ ကမ္ဘာလုံးဆီကို သွားနေကြပါပြီ"

ကမ္ဘာလုံးရှိရာသို့ လူသုံးယောက် ရောက်လာသည်။ တစ်ယောက်က အောက်ခြေမှ သံဇကာတစ်ချပ်ကို ဆွဲဖွင့်လိုက်သည်။ ထိုအခါ အပေါက်တစ်ခု ဖြစ်သွား၏။

ထိုအပေါက်မှ ဆိုင်ကယ်တစ်စီးနှင့် လူသုံးယောက် ကမ္ဘာလုံး အတွင်းသို့ ဝင်သွားကြသည်။ သူတို့အထဲရောက်တာနှင့် အပြင်မှ ဆက်ကပ်အဖွဲ့သားတစ်ယောက်က သံဇကာချပ်ကို ပြန်ပိတ်လိုက်သည်။

"ပရိသတ်များ ခင်ဗျာ. . . မကြာမီ စတင်ပြီး ဆိုင်ကယ်စီးတော့ မှာ ဖြစ်ပါတယ်. . . အခုလို ကမ္ဘာလုံးထဲမှာ ဆိုင်ကယ်စီးရတာဟာ အင်မတန် အန္တရာယ်များပါတယ်၊ ဒါကြောင့် ယခုအချိန်က စပြီး ကမ္ဘာလုံး ဆီကို ဓာတ်မီးများနဲ့မထိုးကြဖို့ အနူးအညွတ် မေတ္တာရပ်ခံပါတယ်. . ."

ကမ္ဘာလုံးထဲမှ လူတစ်ယောက်က ဆိုင်ကယ်ပေါ်တက်ပြီး စက်နှိုး သည်။ လီဗာကို တဗြီးဗြီးပုတ်၍ စက်စမ်း၏။ အခြားနှစ်ယောက်က ဘေးမှ ထိန်းပေးနေလေသည်။

"ယခု ပထမဦးဆုံး စတင်အစွမ်းပြစီးနင်းမှာကတော့ ဆိုင်ကယ် စတန့်မင်းသား သိန်းထွဋ်ပဲ ဖြစ်ပါတယ်. . ."

ဆိုင်ကယ်ပေါ်မှလူက လီဗာကို မျှင်းဆွဲပြီး ဆိုင်ကယ်ကို စ,လွှတ် သည်။ ပထမ အောက်ခြေမှာပတ်မောင်းသည်။ အရှိန်ရလာတာနှင့် ဝိုက်ကာစောင်းကာဖြင့် ကမ္ဘာလုံး၏ ထိပ်ဖျားပိုင်းကို ပန်းတက်သည်။ ပြီးတော့ ချိတ်ဆွဲထားသည့် ပူဖောင်းများကို ဆိုင်ကယ်ဘီးဖြင့် ကြိတ်၍ တဖောင်းဖောင်း ဖောက်ခွဲပစ်၏။

"အဲဒါ သိန်းထွဋ်ပါ ခင်ဗျာ. . . ဆိုင်ကယ်စတန့်မင်းသား သိန်းထွဋ်ပါ. . . အရမ်းအဖောက်ကောင်းတဲ့ မောင်ပေါ့ ခင်ဗျာ. . . ကဲ. . . သိန်းထွဋ်ရေ ဖောက်ကောင်းတိုင်း စွတ်ဖောက်မနေနဲ့. . .

www.burmeseclassic.com

www.burmeseclassic.com



စိတ်လျှော့လိုက်ဦး. . . နောက်မှာ ချစ်စမ်းမောင်နဲ့ နိုင်လင်းအောင် ကျန်သေးတယ်"

သိန်းထွဋ်က ကမ္ဘာလုံးအဖျားပိုင်းမှာ ပတ်မောင်းနေရာမှ တစ်ရစ်ချင်း အောက်ပြန်ဆင်းလာသည်။ အောက်ခြေမှာ အရှိန်သေအောင် မောင်းပြီးမှ စက်သပ်ကာ ရပ်လိုက်၏။

"ယခုတစ်ဖန် အစွမ်းပြမှာကတော့ ဆိုင်ကယ်စတန့်မင်းသား နိုင်လင်းအောင် ဖြစ်ပါတယ်. . ."

နိုင်လင်းအောင်ကလည်း ကမ္ဘာလုံး အဖျားပိုင်းအထိတက်ပြီး မှဖောင်းတွေကို တဖောင်းဖောင်းဖောက်ပါသည်။ ဖောက်၍ အားရမှ ပြန်ဆင်းလာသည်။

" ဒီတစ်ခါ အလှည့်ကျတာကတော့ ချစ်စမ်းမောင်ပါ ခင်ဗျာ. . . သူဟာ အသက်လည်းကြီးနေပါပြီ . . . မျက်လုံးလည်း သိပ်မကောင်းပါဘူး၊ ဒါပေမဲ့ ဆိုင်ကယ်စီးကတော့ အရမ်းဝါသနာ ကြီးပါတယ် ခင်ဗျာ. . . "

ချစ်စမ်းမောင်က ကမ္ဘာလုံး အဖျားပိုင်းအထိ တက်သည်။ သို့သော် ရှေ့မှလူတွေ စွတ်ရွတ်ဖောက်သွားသဖြင့် သူ့အတွက် ဖောက်စရာမကျန်တော့ဘဲ ဖြစ်နေသည်။ ဒါကြောင့် သူများဖောက်ပြီးသား အကတ်အသတ် အကြွင်းအကျန်အစအနလေးတွေပေါ်မှာ လျှောက်မောင်းပြီး ပြန်ဆင်းလာခဲ့ရ၏။

ချစ်စမ်းမောင် အောက်ခြေပြန်ရောက်တာနှင့် အပြင်မှလူက တံခါးချပ်ကို ဖွင့်လိုက်သည်။ ပြီးတော့ ထိုအပေါက်မှ ဆိုင်ကယ် နှစ်စီးကို အထဲသွင်းပေးသည်။

ကမ္ဘာလုံးထဲ၌ ဆိုင်ကယ်သုံးစီး ဖြစ်သွားကြလေပြီ။

"အခုဆိုရင် ကမ္ဘာလုံးထဲမှာ ဆိုင်ကယ်သုံးစီး အပြိုင်စီးတော့မှာ ဖြစ်ပါတယ် ခင်ဗျာ. . . "



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်စလုံး ဆိုင်ကယ်ပေါ်တက်ပြီး စက်နှိုးကြသည်။ ပြီးတာနှင့် နိုင်လင်းအောင်က ပထမဦးဆုံး စ,ထွက်သည်။ အောက်ခြေမှာ သူ လေးငါးပတ်လောက် ပတ်ပြီးတော့ သူ့နောက်က ချစ်စမ်းမောင် လိုက်သည်။ ချစ်စမ်းမောင်နှင့် နိုင်လင်းအောင် အရှိန်မှန်တော့မှ သိန်းထွဋ် ကပါ မောင်းဝင်လိုက်သည်။

ကမ္ဘာလုံးထဲတွင် ဆိုင်ကယ်သုံးစီး အပြိုင်အဆိုင် မောင်းနှင်နေကြ လေပြီ။

" အခုလို ကမ္ဘာလုံးထဲမှာ ဆိုင်ကယ်သုံးစီး တစ်ပြိုင်နက်တည်း မောင်းဖို့ဆိုတာ အင်မတန် ခဲယဉ်းပါတယ် ခင်ဗျာ. . . ဒီလိုမျိုး မောင်း နိုင်ဖို့အတွက် အချိန်တွေအများကြီး လေ့ကျင့်ရပါတယ်၊ အချိန်အဆ နည်းနည်းတိမ်းစောင်းသွားတာနဲ့ တစ်စီးနဲ့တစ်စီး တိုက်မိသွားနိုင်ပါ တယ်. . . ဒါကြောင့် အသက်နဲ့ရင်းပြီး ပရိသတ်ကို ဖျော်ဖြေနေတဲ့ ဒီမောင်တွေကို လက်ခုပ်ဩဘာများ ချီးမြှင့်လိုက်ကြပါဦး ခင်ဗျာ. . . "

လက်ခုပ်သံတွေ တဖြောင်းဖြောင်း ပေါ်ထွက်လာသည်။ လက်ခုပ် တီးရကျိုးနပ်ပါသည်။ ဆိုင်ကယ်သုံးစီးက စလွယ်ခုတ် စီးလိုက်၊ ထောင့် ဖြတ်စီးလိုက်၊ ကန့်လန့်စီးလိုက်နှင့် ကမ္ဘာလုံးထဲမှာ မွှေချင်တိုင်း မွှေနေ လေသည်။ စက်သံတွေကလည်း ကမ္ဘာလုံးကြီး ကွဲပျက်ထွက်မတတ် ဆူညံနေ၏။ ကြည့်ရှုနေသည့် ပရိသတ်များ အသည်းတအေးအေး ဖြစ်နေကြရသည်။

ထိုအခိုက်. . .

မီးပွင့်လေးတစ်ပွင့်က ကမ္ဘာလုံးအတွင်းသို့ လျှပ်တစ်ပြက် တိုးဝင် သွားသည်။

ထို့နောက်. . .

ဆိုင်ကယ်သမားတစ်ဦး၏ မျက်လုံးတစ်ဖက်ကို လက်ခနဲ လင်း ထိခတ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ. . . ဆိုင်ကယ်သမား ပြာဝေလင်းဝါးသွားသည်။

ထို့ကြောင့် သတိလွတ်သွား၏။

ထို့အတွက် လီဗာကိုင်ထားသော လက်အချိန်အဆ ပြောင်းလဲ ရွေ့လျားသွားသည်။

ထိုသို့ဖြင့်. . .

"ဝုန်း. . ."

"ဝုန်း. . ."

"ဝုန်း. . ."

ဆင့်ကာဆင့်ကာ တိုက်ခိုက်တိမ်းမှောက်သွားကြ၏။

တစ်စစီ ပြန့်ကျဲသွားသော စက်ပစ္စည်းအကျိုးအပဲ့များနှင့် အသားစ အကြေအမွမ်းများတွင် အနီရောင်အရည်များက ရွဲရွဲနစ်နစ် စွန်းထင်းပေကျံ နေလေသည်။

ဤသို့ဖြင့်. . .

" **အား. . .** "

အိပ်မက်ဆိုးမှ မွန်းကြပ်စွာ လန့်နိုးသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း – (၁၄)

တိုးတက်မှု အသစ်အသစ်တွေ ဖြစ်ပေါ်လာဖို့အတွက် တီထွင် ဆန်းသစ်မှုဆိုတာ လိုအပ်သည်။ သို့သော် မိမိ၏ တီထွင်ဆန်းသစ်မှု အနုမြူပုံးကဲ့သို့ ကြောက်စရာကောင်းဖို့ သင့်မသင့် ဆိုတာလည်း ဆန်းစ တတ်ရန် အရေးကြီးပါသည်။

နက်ရှိုင်းသည် သူ ဆန်းသစ်တီထွင်ထားသော အကတစ်ကွက် သူ့သင်တန်းသားများအား သင်ကြားပေးနေသည်။ ထိုအက၏ အားနည် ချက် အားသာချက်နှင့် အဓိကသော့ချက်များကို သူကိုယ်တိုင် အနေ လျက် သေချာရှင်းလင်းပြသနေ၏။

ထိုစဉ်မှာပင်. . . အခန်းတံခါး ပွင့်သွားသည်။

"ဟင်. . . သုန္ဒရီ. . ."

နက်ရှိုင်း ရင်ခုန်စွာ အံ့အားသင့်သွားသည်။ အားလုံး၏ မျက်လုံ များကလည်း သူမထံ ပြေးကပ်သွားကြသည်။ သူမက ရှိုးတိုးရှန်းတန်း မသွားဘဲ ပကတိအေးဆေးတည်ငြိမ်နေ၏။

"သုန္ဒရီ. . . လာလေ၊ ဘာကိစ္စရှိလို့လဲ. . ."

"ကျွန်မ ပြောစရာရှိလို့ပါ. . ."

နက်ရှိုင်း ကိုယ့်ကိုယ်ကိုယ် ဒေါသထွက်သွားသည်။ ဟုတ်သ အဖြေကို စဉ်းစားလို့ရရင် ကိုယ်တိုင်လာပြီး ပြောပါမယ် လို့ ပြော တာပဲဥစ္စာ. . . မေ့တတ်လိုက်တာ။ အင်းဟာ အင်းဟာ. . . ဆို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ပါးကိုယ် ဖွဖွလေး ရိုက်ပစ်လိုက်ချင်စိတ် ပေါက်သွားသည်။ သို့သော် မရိုက်ပါ။ လူပါးပဲ ဥစ္စာ။

"ကဲ. . . အားလုံးပဲ ခုနက ပြထားတဲ့ကကွက်ကို လေ့ကျင့်နေကြဦး၊ ညည့်သည်လာလို့ အစ်ကို စကားပြောလိုက်ဦးမယ်. . . လာ သုန္ဒရီ"

နက်ရှိုင်းက သူ့သင်တန်းသားများနှင့် မျက်ခြည်ဖြတ်ပြီး သုန္ဒရီ့ကို နားနေခန်းထဲသို့ ခေါ်ဆောင်လာခဲ့သည်။

"သုန္ဒရီက ကျွန်တော့်သင်တန်းကို သိနေတယ်နော်. . . ကျွန်တော်လည်း မပြောမိပါဘူး"

"ဩော်. . . နာမည်ကြီး Dancer တစ်ယောက်ရဲ့လိပ်စာကို စုံစမ်းရတာ ဘယ်လောက်မှ မခဲယဉ်းပါဘူးရှင်. . ."

"ကျွန်တော်က ခင်ဗျားလောက် နာမည်မကြီးပါဘူး. . ."

"အမယ်. . . ရှင်က ပိုပြီး နာမည်ကြီးပါတယ်"

အကြီးအသေးကိစ္စကို ငြင်းခုံရင်း အခန်းထဲသို့ ဝင်လိုက်ကြသည်။ ထိုအခါ သုန္ဒရီ၏ မျက်ဝန်းများ တစ်နေရာမှာ ရပ်တန့်သွားလေသည်။

ထိုနေရာ၌ ဖန်ပန်းအိုးလေးထဲတွင် သပ်သပ်ရပ်ရပ် စိုက်ထူထားသည့် ခရမ်းရောင်ပန်းပွင့်လေးရှိနေ၏။

"ရှင်က ဒီပန်းပွင့်ကို အခုထိ သိမ်းထားတုန်းပဲကိုး. . ."

"သုန္ဒရီက ဒီပန်းပွင့်ကိုပဲ မြင်တာပါ. . . ကျွန်တော့်ရင်ထဲမှာက သုန္ဒရီနဲ့ ပတ်သက်သမျှတိုင်းကို စနစ်တကျ သိမ်းဆည်းထားတာပါဗျာ. . ."

နက်ရှိုင်းက ထိုင်ခုံတစ်လုံးမှာ ဝင်ထိုင်ရင်း ဆွတ်ပျံ့စွာ ပြောလိုက်လေသည်။ သုန္ဒရီ၏မျက်နှာ တစ်မျိုးတစ်မည် ဖြစ်သွားသည်။ သူမက နက်ရှိုင်းအနီးမှခုံတွင် ဝင်ထိုင်ကာ. . .

"ကျွန်မ ရှင့်ကို ပြောစရာရှိလို့လာတာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"သုန္ဒရီ ကျွန်တော့်ကို အဖြေပေးတော့မယ်ပေါ့နော်. . . ပျော် လိုက်တာဗျာ. . ."

"အိုး. . . နိုး. . . နိုး. . . ရှင်ထင်တာ မှားနေပြီ. . . ကျွန်မက အလုပ်ကိစ္စ ပြောချင်လို့လာတာ. . ."

သုန္ဒရီက လက်ကလေးခါကာ ပြောလိုက်တော့ နက်ရှိုင်း အပျော် တွေ လွင့်ဖွာထွက်သွားသည်။ ဒီမိန်းမနှင့် ဆက်ဆံရသည်မှာ ကိုရီးယား ကားကို ကြည့်မိသော ကုလားကြီးကဲ့သို့ ဘာသာပြန်လိုက်သမျှ တလွဲ ချည်းသာ ဖြစ်နေတော့၏။

"ကျွန်တော် ကြားချင်တာ မကြားရပေမဲ့ သုန္ဒရီ ပြောချင်တာကို ပြောပါ. . . ကျွန်တော် နားထောင်နေပါတယ်. . ."

နက်ရှိုင်းအသံက ပိုလီယိုစွဲနေသလိုမျိုး ပျော့ပျော့ဖတ်ဖတ် ဖြစ်သွားသည်။ သုန္ဒရီက ပြုံး၏။ ပြီးမှ -

"ရှင့်အဖေရဲ့ ကုမ္ပဏီနှစ်ပတ်လည်နေ့တုန်းက ရှင်တို့ အကအဖွဲ့နဲ့ ကျွန်မတို့ မျက်လှည့်အဖွဲ့တွဲပြီး ဖျော်ဖြေတာကိုကြည့်ပြီးတော့. . . လူ တစ်ယောက်က သဘောကျသွားတယ်. . . အဲဒါကြောင့် သူ့ရဲ့ပွဲတစ်ပွဲ မှာလည်း အဲဒီလို လုပ်ချင်တယ်ဆိုပြီး ကျွန်မကို လာကမ်းလှမ်းတယ်. . . အဲဒါကို ကျွန်မက ရှင်နဲ့ လာတိုင်ပင်တာ. . ."

"တိုင်ပင်စရာတောင် မလိုပါဘူး သုန္ဒရီရယ်. . . သုန္ဒရီနဲ့သာ ပူးပေါင်းရမယ်ဆိုရင် ကျွန်တော်က ဘာမဆို လက်ခံပြီးသားပါ. . . သုန္ဒရီရဲ့ဆန္ဒက ကျွန်တော့်ဆန္ဒပါပဲ. . . ကျွန်တော်က သုန္ဒရီကို ဘာ တစ်ခုလုံး. . ."

"ဟိုးဆရာ ဟိုး. . . အလုပ်ကိစ္စပြောနေချိန်မှာ တခြားကဏ္ဍ တွေကို ဘေးဖယ်ထားလေ"

နက်ရှိုင်းသည် ဘရိတ်အုပ်ခံလိုက်ရသော ကားကဲ့သို့ တုံ့ခနဲ ဖြစ်သွားသည်။ သုန္ဒရီက ဆက်လက်၍. . .

www.burmeseclassic.com

www.burmeseclassic.com



"အခုဆိုရင် ကျွန်မတို့အဖွဲ့နှစ်ဖွဲ့က နှစ်ကိုယ့်တစ်စိတ်လို ဖြစ်သွားပြီဆိုတော့. . . "

"ကျွန်တော်ကလည်း သုန္ဒရီနဲ့ အဲဒီလို အဲဒီလို နှစ်ကိုယ့်တစ်စိတ်လို အရမ်းဖြစ်ချင်နေတာပါဗျာ. . ."

နက်ရှိုင်းက လက်ညှိုးလေးနှစ်ချောင်းကို ပူးပြပြီး ပြောလိုက်ရာ သုန္ဒရီ စိတ်တိုသွား၏။

"အလုပ်ကိစ္စပြောနေချိန်မှာ ရှင့်ရဲ့ နှာခေါင်းကိစ္စကို ဘေးဖယ်ထားလိုက်စမ်းပါ. . ."

"နှာခေါင်းကိစ္စ မဟုတ်ပါဘူးဗျာ. . . မေတ္တာကိစ္စပါ. . ."

"မေတ္တာကိစ္စဆိုလည်း မပြောနဲ့ဦး"

"စိတ်လိုက်မာန်ပါ ဖြစ်သွားလို့ပါဗျာ. . ."

"အဲဒါဆိုလည်း အဲဒီစိတ်ကို ကြိုးနဲ့တုပ်ထားလိုက်. . . အလုပ်ကိစ္စပြီးမှ အဲဒါကိုပြော. . ."

"အင်းပါ အင်းပါ. . . သဘောအတိုင်းပါပဲဗျာ. . ."

သုန္ဒရီ၏ ပြတ်သားမှုမှာ နက်ရှိုင်း ဝပ်ဆင်းသွားရသည်။ သူသည် သူမ၏စေညွှန်ရာတိုင်းတွင် လေ့ကျင့်စရာမလိုဘဲ အသာတကြည် နာခံပြီးသား ဖြစ်နေတတ်၏။

ဒါသည် မလိမ်မိုးမလိမ်မာအချစ်၏ မြှောက်ထိုးပင့်ကော်လုပ်မှုသာ ဖြစ်ပေလိမ့်မည်။ သုန္ဒရီက. . .

"ကျွန်မ ရှင့်ကို အကူအညီတောင်းချင်တာလည်း ရှိသေးတယ်"

"ပြောပါ. . . ဘာလဲ"

"ကျွန်မတို့အဖွဲ့နှစ်ဖွဲ့ရဲ့ ပူးပေါင်းမှုကို ပီပီပြင်ပြင် ဖော်ကျူးတဲ့အနေနဲ့ ကျွန်မရဲ့ မျက်လှည့်ပြကွက်တစ်ခုမှာ ရှင်ကိုယ်တိုင် ဝင်ရောက်ကူညီပေးဖို့ မေတ္တာရပ်ခံချင်တာပါ. . ."

"မျက်လှည့်ပြကွက်က ဘာပြကွက်လဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်း မေးတော့ သုန္ဒရီ ခဏတွေသွားသည်။

ပြီးမှ. . .

"ရှင် ကြည့်ဖူးပါတယ်. . . လူကို အိုးထဲမှာထည့်ပြီး ဓားလေး လက်နဲ့ ထိုးတဲ့ပြကွက်လေ. . ."

"ဟုတ်ပါပြီ. . . အဲဒီပြကွက်မှာ ကျွန်တော်က ဘယ်နေရာက ကူညီပေးရမှာလဲ. . ."

"ဓားထိုးခံရတဲ့ လူနေရာက. . ."

"ဗျာ. . ."

နက်ရှိုင်း လန့်သွားသည်။ မျက်နှာလေးလည်း ငယ်သွား၏။

"သုန္ဒရီရယ်. . . ခင်ဗျား ကျွန်တော့်ကို ရက်စက်တော့မှာလား ဗျာ"

"ဘာကိုလဲ. . ."

"ဓားထိုးခံရမယ်ဆိုတော့ ကျွန်တော် သေပြီပေါ့ဗျာ. . ."

နက်ရှိုင်းက ညောင်နာနာလေသံဖြင့် ပြောတော့ သုန္ဒရီက ဟက်ခနဲ တစ်ချက်ရယ်သည်။

"အဲဒါတော့ စိတ်ချစမ်းပါရှင်. . ."

"ဘာလဲ. . . သေမှာကိုလား"

"မဟုတ်ပါဘူး. . . ရှင့်ကို ဘာမှ မထိခိုက်အောင် ကျွန်မ တာဝန်ယူပါတယ်. . . ကျွန်မက ရှင့်ကို ဒီအတိုင်းလည်း ဓားထိုးခံခိုင်းမှာ မဟုတ်ပါဘူး. . . အဲဒီပြကွက်ရဲ့ လျှို့ဝှက်ချက်ကို ပြောပြပြီးတော့ သေသေချာချာ လေ့ကျင့်ပေးဦးမှာပါ. . . ဘယ်လိုလဲ ကျွန်မ အကူအညီတောင်းတာကို ရှင်က မကူညီဘူးလား. . . "

သုန္ဒရီက နှုတ်ခမ်းဖူးဖူးလေးကို ပြူပြူလေးစူကာ မျက်စောင်းနလေး ချိတ်လိုက်၏။ ထိုအညာအခရာကြောင့် နက်ရှိုင်း ရင်ဘတ်ထဲမှာ စစ်ပွဲတစ်ရာ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမေးခွန်းက ဖြေစရာတောင် မလိုပါဘူးဗျာ. . . ကျွန်တော် တူညီမယ်ဆိုတာ မဖြေဘဲနဲ့တောင် သုန္ဒရီ ကြိုသိနေဖို့ ကောင်းပါတယ်"

"ဒါဆိုလည်းပြီးရော. . . လာရင်းကိစ္စပြီးပြီ၊ ကျွန်မ ပြန်တော့မယ်"

သုန္ဒရီက ထိုင်ရာမှ ဖျတ်ခနဲ ထ,လိုက်သည်။ နက်ရှိုင်း ပျာပျာ သလဲ ဖြစ်သွား၏။

"နေ. . . နေဦးလေဗျာ. . . အလုပ်ကိစ္စပြီးပြီဆိုတော့ ကျွန်တော့်ရဲ့ မေတ္တာကိစ္စလေးကို ဆက်ဆွေးနွေးရအောင်လေ. . . "

"ဟင့်အင်း. . . ကျွန်မ အဲဒီကိစ္စတွေ ဝါသနာမပါဘူး. . . သွားတော့မယ်. . ."

"ဟာ. . . ဘယ်လိုကြီးလဲဟ"

သုန္ဒရီက ဆိုးဆိုးဆတ်ဆတ် ထွက်သွားသည်။ ထိုအခါ အပီအပြင် အလဟောသွန်ချရန် အားယူထားသည့် စကားလုံးများဖြင့် နက်ရှိုင်း နှုတ်မတ်တတ် နင်ကျန်ခဲ့လေသည်။

သူမသည် သူ့အား ချွန်းဂမ်းတစ်ခုပမာ စားပြီးနားမလည် ခါးပြီးထွေးပစ် လုပ်သွားတာဖြစ်၏။

မှော်ဆရာမရယ်. . .

မှတ်ကြီးကို အဲဒီလိုကြီးတွေ လုပ်လုပ်ပြီး
ပညာပြမသွားပါနဲ့ကွာ
မှတ်ကြီး မခံစားနိုင်ဘူး . . .
ရေလယ်မှာ ခပ်နက်နက်ထိတယ် . . . !!!

www.burmeseclassic.com

www.burmeseclassic.com

## အခန်း – (၁၅)

အိပ်မက်ဆန်သော လေပြည်ထဲတွင် အနီရောင်သွေးစက်များ ကျဲပြန့်နေသည်။ ဒဏ်ရာတစ်ခု၏ အမှတ်သညာသည် ထက်သန်စွာ နိုးကြားနေ၏။ ပယ်ဖျက်ဖို့ခက်ခဲသော အစွဲအလမ်းတစ်ခုကို အပြီးတိုင် ချေမှုန်းသုတ်သင် ပစ်ချင်လှပါပြီ။

သုန္ဒရီသည် ချွန်မြဲထက်မြသည့် ဓားတစ်လက်၏အသွားကို ပွတ်သပ်ရင်း နှုတ်ခမ်းအား ခပ်တင်းတင်း ဖိကိုက်ထား၏။ တွေးလိုက် တိုင်း စိတ်ရိုင်းတို့ လှိုင်းထန်သည်။ စ,မိမှတော့ ဒီခရီးကို အဆုံးထိဆက် လျှောက်ဖို့ ဆုံးဖြတ်လိုက်သည်။

ထုံးဖွဲ့နှောင်ငင်မှုများအား တိတိပြတ်ပြတ် သုတ်သင်နိုင်ရန် အတွက် စိတ်ကို ဝံ့ဝံ့စားစား တင်းထားလိုက်သည်။

မကြာခင်ကာလမှာ အမှားအယွင်းတွေကို အသေအချာ စတင် ရပေတော့မည်။

"သမီး. . ."

"ခြော်. . . အမေ"

သုန္ဒရီ၏မိခင် ဒေါ်သင်းသင်းက သမီးဖြစ်သူ၏ ခေါင်းလေးကို ပုတ်လိုက်သည်။

"ဓားကြီးကိုင်ပြီး ဘာတွေများ စဉ်းစားနေတာလဲ သမီးရဲ့"

"အလုပ်အကြောင်းပါ အမေ. . ."



www.burmeseclassic.com

www.burmeseclassic.com



သုန္ဒရီက လက်ထဲမှစားကို ဘေးချလိုက်သည်။ သူမ ခံစားမှုများ တိုလည်း ထိုကဲ့သို့ ဘေးချထား၍ရလျှင် သိပ်ကောင်းမှာပဲဟု တွေးမိသည်။ ဒေါ်သင်းသင်းက. . .

"အင်း. . . ငါ့သမီးလည်း မိန်းကလေးတန်မဲ့နဲ့ နူးနူးညံ့ညံ့ အေးအေးဆေးဆေး မနေရဘဲ တုတ်တွေဓားတွေနဲ့ ဘဝကို ရုန်းကန်နေရတယ်"

"သမီးအတွက် ဒါတွေက အသားကျနေပါပြီ အမေရယ်. . . ဒီလိုနေရတာ သမီးပျော်ပါတယ်. . . အဖေ့ရဲ့ပညာအမွေ အကုန်လုံးကို ထိန်းသိမ်းနိုင်ရင်တောင် သမီးတတ်နိုင်တဲ့ ဒီပညာရပ်တစ်ခုကိုတော့ ပျောက်ပျက် မတိမ်ကောအောင် ထိန်းသိမ်းချင်လို့ပါ. . ."

"သမီးကလည်း သမီးအဖေလိုမျိုး . . . တစ်ခုခု လုပ်ချင်ပြီဆို ချတ်ပဲ. . . တားမရလို့သာ လွှတ်ထားရတာ၊ ဒီအလုပ်တွေလုပ်နေတာ အမေနည်းနည်းမှ စိတ်မချပါဘူးကွယ်. . ."

"သမီးအလုပ်က အန္တရာယ်မရှိပါဘူး အမေရယ်. . . စိတ်မပူပါနဲ့"

သုန္ဒရီက မိခင်ဖြစ်သူကို နှစ်သိမ့်လိုက်သည်။ ဒေါ်သင်းသင်းက ငင့်သက်ရှိုက်၍. . .

"စိတ်မပူဘဲတော့ နေနိုင်မလား သမီးရယ်. . . ဒီမအေနဲ့ ဒီသမီးပဲ ရှိတဲ့ဥစ္စာ. . . စိတ်ပူတာပေါ့၊ သမီးလည်း အမေ့ကို ကတိပေးထားတဲ့ အတိုင်း ဒီမျက်လှည့် တစ်ခုတည်းကိုပဲ ပြရမယ်နော်. . . တခြား ဆက်ကပ်ပြကွက်တွေမှာ ဘာဆိုဘာမှ ဝင်မပါရဘူး. . . "

"စိတ်ချပါ အမေရယ်. . . အမေ့ကို ပေးထားတဲ့ကတိကို သမီး မဖျက်ပါဘူး. . ."

ကောင်းကင်ကြယ် ဆက်ကပ်အဖွဲ့ကြီး၏ မျိုးဆက်သွေး ဖြစ်သော သုန္ဒရီသည် ဆက်ကပ်ပညာရပ်များအားလုံးကို ထူးထူးချွန်ချွန် တတ်ကျွမ်း



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ သို့သော် သူမမိခင်၏ ဆန္ဒအရ မျက်လှည့်ပညာ တစ်ခုတည်း ကိုသာ ထုတ်ဖော်အသုံးပြုနေရတာ ဖြစ်သည်။

မိခင်၏ စိုးရိမ်ပူပန်မှုကို သုန္ဒရီ စာနာနားလည်သည်။ ဒါကြောင့်လည်း အတားအဆီးဖြစ်မှာ သေချာသဖြင့် ရည်ရွယ်ချက်အား ရင်း နှုတ်ပိတ်ထားခြင်းဖြစ်၏။

ထိုအတွက်. . .

ရင်တွင်းခံစားချက်များကို မျက်နှာပြင်မှာ မပေါ်လွင်အောင် ထိန်းသိမ်းသည့် အတတ်ပညာအား ယဉ်ပါး ကျွမ်းကျင်စပြုနေပြီဖြစ်သော သူမ. . . ကြိတ်ဝမ်းနည်းနေရလေသည်။

"အား. . . ကျွတ်. . . ကျွတ်"

"ဟင်. . . အမေ၊ ဘာဖြစ်လို့လဲ အမေ. . ."

"ဇက်ကြောတွေတက်ပြီး ခေါင်းတွေ ကိုက်နေလို့ပါ သမီးရယ် . . . အစားမှားလို့လား မသိပါဘူး. . ."

ဒေါ်သင်းသင်းက သူ့ဇက်သူဖျစ်ရင်း အနီးရှိ ထိုင်ခုံတစ်လုံး ထိုင်ချလိုက်သည်။ သုန္ဒရီ ကပျာကသီထ၍ အိမ်စောင့်ဆေးဘူးထဲ အကိုက်အခဲပျောက်ဆေးတစ်လုံး ထုတ်ယူကာ မိခင်အား တိုက်၏ ထို့နောက် မိခင်၏ ဇက်ကြောတွေကို နှိပ်နယ်ပေးနေသည်။

ထိုစဉ်မှာပင် အိမ်ထဲသို့ လူနှစ်ယောက် ဝင်လာ၏။

"ဟော. . . မောင်ထွန်းခေါင်ပါလား၊ လာလေ. . ."

ဒေါ်သင်းသင်းက ခရီးဦးကြိုပြုသည်။ ထွန်းခေါင်က ဒေါ်သင်းသ အား ကြည့်၍. . .

"အန်တီ နေမကောင်းလို့လားဟင်. . ."

"မဟုတ်ပါဘူးကွယ်. . . ခေါင်းနည်းနည်းမူးပြီး ဇက်ကြော တာပါ. . . သမီး ဆေးတိုက်ပြီး နှိပ်ပေးတာနဲ့တင် အခုသက်သ သွားပါပြီ"

www.burmeseclassic.com



"မျက်လှည့်ဆရာမကြီးက အခုလိုကျတော့လည်း နှိပ်တတ်သားပဲ"

ထွဋ်ခေါင်က သုန္ဒရီကို စ,လိုက်သည်။ သုန္ဒရီက ပြုံး၍ -

"ကျွန်မက မျက်လှည့်ပြစားတယ်ဆိုပေမဲ့ ကြားပေါက်ရအောင် အိမ်မှာ အနှိပ်သည်လည်း လုပ်တယ်ရှင့်. . ."

"ဟုတ်လား. . . ဒါဆို ကျွန်တော် လာနှိပ်ဦးမှပဲ. . ."

"ရှင် လာနှိပ်ရင်တော့ အာယုကြော ဖြတ်ပစ်မယ်"

"ဟာ. . . အဲဒါဆို မလာရဲတော့ဘူး. . . ကြောက်တယ်"

ရယ်သံတွေ စီစီညံသွားသည်။ သူမ အခုလို လွတ်လပ်စွာ ရယ်မောနေတာကို နက်ရှိုင်းဆိုသူသာ မြင်လျှင် ဘယ်လိုဖြစ်သွားလိမ့်မလဲဆိုတာ သုန္ဒရီ စိတ်ကူးဖြင့် ပုံဖော်ကြည့်နေမိသည်။

"သုန္ဒရီ. . . သုန္ဒရီ တွေ့ချင်တဲ့ ပွဲငှားတဲ့ ကိုထွန်းထွန်းလင်းဆိုတာ သူပါပဲ. . ."

ထွဋ်ခေါင်က သူနှင့်အတူပါလာသူနှင့် မိတ်ဆက်ပေးသည်။

"သူက ကျွန်တော့်သူငယ်ချင်းပဲလေ. . . သူလည်း ငယ်ငယ်တုန်းကဆိုရင် မျက်လှည့်ပြအရမ်းတော်တာ"

"ဟုတ်လား. . . ဘယ်လိုတွေ ပြတာလဲ. . ."

"သူ့အိမ်က မနက်ပိုင်းမှာ ပိုက်ဆံတစ်သိန်းလောက် ပေးထားရင် ညနေပိုင်းကျရင် အဲဒီပိုက်ဆံကို တစ်ဆယ်လောက်ပဲ ကျန်အောင် လုပ်ပြလိုက်တာလေ. . . သူ့အိမ်ကဆို အံ့ဩလွန်းလို့ တုတ်နဲ့တောင် ဆုချတာ"

"ဩော်. . . ကျွန်မက တကယ်မှတ်နေတာ"

ထွဋ်ခေါင်က နောက်နေတာ ဖြစ်သည်။

"ဒီကောင်က အကတွေလည်း ဝါသနာပါတယ်. . . အဲဒါကြောင့် မျက်လှည့်နဲ့ အကကို တွဲငှားတာ. . . ဒါပေမဲ့ သူက,ရင် မျောက်အောက် လိုက်နေတာနဲ့ တူလွန်းလို့ မက,ဖို့ မနည်းတောင်းပန်ထားရတယ်"

www.burmeseclassic.com

www.burmeseclassic.com



ရယ်စရာပြောနေတော့လည်း ရယ်မှကောင်းမှာမို့ မရယ်ချင်ဘဲနှင့် အလိုက်သင့် ရယ်ရပြန်သည်။

ဝေဒနာရိပ်များ စီးမိုးနေသဖြင့် ရယ်ရတာပင် စူးစူးအောင့်အောင့်ကြီး ဖြစ်နေသည်။ အခုတလော နေရထိုင်ရတာကိုက မွန်းကြပ်ကြပ်နှင့် အဆင်မပြေ ဖြစ်နေ၏။

ထွန်းထွန်းလင်းက အရယ်ရပ်၍ သုန္ဒရီအား ကြည့်ကာ -

"ဆရာမ ကျွန်တော့်ကို တွေ့ချင်တာ ဘာကိစ္စများရှိလို့လဲ"

"ဖြစ်နိုင်မယ်ဆိုရင် ကျွန်မ ပွဲရက်ကို နည်းနည်းရွှေ့ချင်လို့ပါ"

"ဘာဖြစ်လို့လဲ ခင်ဗျ. . . "

"ကျွန်မ ရှင့်ရဲ့ပွဲမှာ အစီအစဉ်သစ်တစ်မျိုး စီစဉ်ထားတယ်. . . အဲဒီအတွက် လူတစ်ယောက်ကို လေ့ကျင့်ပေးစရာရှိလို့ပါ. . . "

"အဲဒါဆို လုပ်လေ. . . ရပါတယ်၊ ကျွန်တော့်ပွဲက အရမ်း အရေးမကြီးပါဘူး. . . ရက်သတ်မှတ်ချက်နဲ့ လုပ်ရမဲ့ပွဲမျိုးလည်း မဟုတ်ပါဘူး. . . ဆရာမက ဘယ်နေ့မှာ လုပ်ချင်တာလဲ. . . "

သုန္ဒရီက သူမ အဆင်ပြေမည့်နေ့ရက်ကို ပြောပြလိုက်သည်။ ထို့နောက် လုပ်ငန်းပိုင်းဆိုင်ရာတွေ ဆက်လက်ဆွေးနွေးပြီး ထွဋ်ခေါင်နှင့် ထွန်းထွန်းလင်းတို့ ပြန်သွားကြသည်။

ဒေါ်သင်းသင်းက မျက်မှောင်ကြုတ်၍ -

"သမီး. . . ခုနက သမီး ပြောလိုက်တဲ့နေ့က သမီးအဖေဆုံးတဲ့ နှစ်ပတ်လည်နေ့ မဟုတ်လား. . . "

"ဟုတ်ပါတယ် အမေ. . . အဲဒီနေ့က အဖေဆုံးတဲ့ နှစ်ပတ်လည်နေ့ပါ. . . "

သုန္ဒရီက မထူးခြားသလိုမျိုး ပြော၍ မိခင်ရှေ့မှ ထွက်ခွာကာ အခန်းထဲသို့ ဝင်လာခဲ့သည်။ အခန်းထဲရောက်သောအခါမှာတော့ သူမ မျက်ဝန်း၌ မျက်ရည်ဥတွေ တွဲခိုရစ်သိုင်းလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမျက်ရည်များ၏ အနက်အဓိပ္ပာယ်ကိုတော့ သူမသာ ကျွမ်းကျင်စွာ နားလည်သိရှိပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း – (၁၆)

လျှို့ဝှက်ချက်တစ်ခု၌ ဇဝေဇဝါ ခက်ဆစ်များစွာ ဖြစ်ပွားသည်။ ထိုလျှို့ဝှက်ချက်အား သိရှိလိုက်ရသောအခါတွင် ဝေဝါးရှုပ်ထွေးမှုများ အားလုံး ရှင်းလင်းသွားတတ်စမြဲပင်ဖြစ်သည်။

နက်ရှိုင်းသည် သူ ပါဝင်ပြသရမည့် (လူကို အိုးထဲထည့်ကာ ဓားနှင့်ထိုးသည့်) မျက်လှည့်ပြကွက်၏ လျှို့ဝှက်ချက်ကို အတွင်းကျကျ သိရှိရပြီဖြစ်သည်။ အဖြစ်မှန်အား မသိခင်က ထင်ယောင်ထင်မှားဖြင့် ထိတ်လန့်စရာကောင်းသော ပြကွက်မှာ ရိုးရိုးရှင်းရှင်းကလေးသာ ဖြစ်၏။

ဓားထိုးခံရမည့်လူက အိုးထဲမှာ ပုစွန်တုပ်ကွေးပုံစံမျိုးဖြင့် စနစ်တကျ ခွေနေတတ်ဖို့သာ အရေးကြီးသည်။ ထိုလူခွေနေသည့် အနေအထားနှင့် လွတ်ကင်းအောင် ဓားထိုးသူက ရှောင်ထိုး၏။ အလယ်ခေါင်မှာ လူနေဖို့ လစ်ဟာစေရန် ချန်လှပ်ပြီး အမှတ်တမဲ့ ကြည့်လျှင် အတည့်ထိုးသလိုနှင့် ဓားလေးလက်ကို ထောင့်ဖြတ်တွေ ထိုးတာ ဖြစ်သည်။

အိုးကျဉ်းကျဉ်းလေးထဲမှာ အချိုးအစားမှန်ကန်စွာ လဲလျောင်းတတ်ဖို့ကိုတော့ နက်ရှိုင်း အသည်းအသန် လေ့ကျင့်ရသည်။ သူက ယောကျ်ားသားဖြစ်၍ အရိုးအဆစ် ကြီးမား ရှည်လျားသောကြောင့် ပိုခက်ခဲသည်။ သို့သော် အကပညာရှင်တစ်ဦးပီသစွာ အကြောအချဉ် ပျော့ပျောင်းသဖြင့် ရက်ပိုင်းအတွင်းမှာပင် နေတတ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်းကို အနီးကပ်သင်ပြပေးတာက သုန္ဒရီမဟုတ်ဘဲ သုန္ဒရီ၏ တပည့်တစ်ဦးဖြစ်သည့် သီရိဆိုသော အမျိုးသမီးဖြစ်သည်။

သီရိက. . . ဥပမာပုံစံလုပ်ပြတာကို နက်ရှိုင်းက လိုက်လုပ်ရသည်။ ပထမ ဓားအတုတွေနှင့် စမ်းထိုးသည်။ နောက်တော့ ဓားအစစ်တွေနှင့်ထိုးသည်။ ထိုဓားထိုးသည့်စနစ်မှာ အတိမ်းအစောင်းမခံဘဲ အလွန်ပညာသားပါသည်။

အစပိုင်းမှာ နက်ရှိုင်း ကြောက်ဒူးတုန်နေပေမဲ့ တဖြည်းဖြည်း ဓားအသွားအလာတွေကို ယဉ်ပါးလာပြီး နေသားကျသွား၏။

လေ့ကျင့်မှုတစ်ခုအပြီးတွင် သီရိက လက်ထဲမှဓားကို ချိန်ဆရင်း

"ကိုနက်ရှိုင်းကို မသုန္ဒရီက အခုလို လေ့ကျင့်ခိုင်းနေတာကို သီရိဖြင့် အရမ်းအံ့ဩတာပဲ. . ."

"ဘာဖြစ်လို့လဲ သီရိရဲ့. . ."

"အခုဆိုရင် ဒီပြကွက်ရဲ့ လျှို့ဝှက်ချက်ကို ကိုနက်ရှိုင်း သိသွားပြီလေ၊ မသုန္ဒရီက သူ့မျက်လှည့်ပြကွက်တွေရဲ့ လျှို့ဝှက်ချက်တွေကို အရမ်းသိုသိပ်တာ. . . အပြင်လူတွေကို လုံးဝ အသိမခံဘူး. . . အဖွဲ့သားတွေထဲမှာတောင်မှ လူတိုင်းသိတာမဟုတ်ဘူး. . . အဲဒါကို အပြင်လူဖြစ်တဲ့ ကိုနက်ရှိုင်းကို အသိခံပြီး သင်ကြားပေးခိုင်းတယ် ဆိုတော့ စဉ်းစားစရာပဲလေ. . ."

"ဒါက. . . ဒီလို"

နက်ရှိုင်း စကားကို တစ်ပိုင်းတစ်စနှင့် ရပ်လိုက်၏။ သူတို့ရှိရာသို့ သုန္ဒရီ လှမ်းလာနေသောကြောင့် ဖြစ်သည်။ သုန္ဒရီက အေးစက်စက် မျက်လုံးများဖြင့် ခြုံငုံကာ တစ်ချက်ဝေ့ကြည့်သည်။ ပြီးမှ. . .

"သီရိ. . . အခြေအနေဘယ်လိုလဲ"

"အိုကေပါတယ် မမ. . . ကိုနက်ရှိုင်းက သဘောပေါက်လွယ်တော့ မြန်တယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"အေး အေး. . . အဲဒါဆို သီရိ နားလိုက်ဦးလေ"

သီရိက သုန္ဒရီ၏ရှေ့မှ ခေါင်းငုံ့ကာ ထွက်သွားသည်။ လေ့ကျင့်မှုက စိတ်မောရသဖြင့် နက်ရှိုင်း နွမ်းနေသည်။ ဒါကြောင့် သုန္ဒရီကို ရှုတင်းတင်းဖြင့် ကြည့်ကာ. . .

"ခင်ဗျားက သီရိကိုကျတော့ နားခိုင်းတယ်. . . ကျွန်တော်ကျတော့ မနားရဘူးလား. . ."

"ဩော်. . . ရှင်က နားချင်လို့လား၊ အဲဒါဆို သွားနားလေ၊ ကျွန်မက သီရိနားတုန်း ရှင်နဲ့ စကားပြောမယ်လို့ မှန်းလာတာ. . ."

"ဟာ. . . ဟုတ်လား၊ အဲဒါဆို မနားတော့ဘူး. . . စကားပဲ ပြောမယ်. . . ဒါက ပိုအမောပြေတယ်. . . အဟဲ"

အချိုးပြောင်းသွားသော နက်ရှိုင်းကို ကြည့်ပြီး သုန္ဒရီ ရယ်မလို ဖြစ်သွားသည်။ သို့သော် မရယ်ဘဲ နှုတ်ခမ်းကိုစေ့ပိတ်ကာ တစ်ဘက် လှည့်သွား၏။ နက်ရှိုင်း လေ့ကျင့်နေသည့် ပစ္စည်းများကို ကြည့်၍. . .

"ကျွန်မတို့ပြကွက်ရဲ့ လျှို့ဝှက်ချက်ကို တခြား ဘယ်သူ့ကိုမှ ရှင် လျှောက်မပြောရဘူးနော်. . ."

"အင်းပါ. . . စိတ်ချပါ၊ ကျွန်တော် နားလည်ပါတယ်"

နက်ရှိုင်းသည် သုန္ဒရီ၏ အလှဖြင့် နွမ်းနယ်မှုတွေကို ဆေးကြော ပစ်လိုက်ပါသည်။ တစ်ခါတစ်ရံမှာ ပန်းတစ်ပွင့်လို နူးညံ့လိုက်၊ တစ်ခါ တစ်ရံမှာ ကျောက်သားလို မာကျောလိုက်နှင့် အပြောင်းအလဲများသော ထိုမိန်းမကို သူယုယစွာ သိမ်းပိုက်ချင်နေမိသည်။

"သုန္ဒရီကို ကျွန်တော် မေးရဦးမယ်. . ."

"ဘာကိုလဲ. . . "

"ဒီပြကွက်ကတော့ ကျွန်တော် သိပါပြီ၊ ဟို. . . လူကို သေတ္တာ ထဲထည့်ပြီး လွှကြီးနဲ့ ထက်ပိုင်းဖြတ်တဲ့ပြကွက်ကကော ဘယ်လိုလုပ် တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်း မေးလိုက်တော့ သုန္ဒရီ ခဏတုံ့ဆိုင်းနေသေးသည်။ ပြီးမှ ဖြေ၏။

"အဲဒါက ဒီလိုလေ. . . သေတ္တာကို ပိတ်လိုက်ချိန်မှာပဲ အထဲက လူက ပက်လက်အနေအထားကနေ ခြေကိုရှုပ်ပြီး တစ်ဘက် ခြမ်းကို တစ်ကိုယ်လုံး ဝင်ပုနေလိုက်တာ. . . အဲဒါကြောင့် လွှနဲ့ဖြတ်တော့ လွတ်သွားတာပေါ့"

"ခြေတွေလက်တွေမှာ ကြိုးနဲ့တုပ်ထားတာတွေကျတော့ ဘယ်လို လုပ်လဲ. . ."

"အဲဒါတွေက ဟန်ပြတုပ်ထားတာပါ. . . ခြေဖျားကိုဆန့်ပြီး ထွက်ရင်ရတယ်. . ."

"ဒါဆို သေတ္တာကို ပြန်ဖွင့်လိုက်ချိန်မှာ ကြိုးနဲ့တုပ်ထားတဲ့ အတိုင်း ဖြစ်နေတာကရော. . ."

"အဲဒါက. . . ခြေထောက်ကို ကြိုးစကြားထဲ ပြန်သွင်းလိုက် တာလေ၊ မြန်မြန်လုပ်နိုင်အောင်တော့ တော်တော် လေ့ကျင့်ရတာ ပေါ့. . . အထဲကလူက အဲဒီလို လုပ်နေချိန်မှာ အပြင်ကလူက ဂါထာတွေ ရွတ်ဆိုနေသလိုမျိုးနဲ့ ပရိသတ်ကို ဖမ်းစားပြီး မသိမသာ အချိန်ဆွဲထား ပေးရတာ. . ."

"သြော်. . ."

ဒီတော့မှ မျက်လှည့်ပညာဆိုတာ မျက်လှည့်ဆရာမ တစ်ဦးတည်း ၏ စွမ်းပကားဖြင့် သက်ဝင်လှုပ်ရှားနေတာ မဟုတ်မှန်း နက်ရှိုင်း သိလိုက် သည်။ နာမည်ကြီးစရာရှိလျှင် မျက်လှည့်ဆရာ/မက နာမည်ကြီးပြီး အိုက်နစ်နာစရာရှိလျှင် အသက်နှင့်ရင်း၍ သရုပ်ဖော်ပေးရသူတွေက အိုက်နစ်နာမှာပဲဟုလည်း တွေးမိလိုက်သည်။

ကိုယ်ချင်းစာနာစွာဖြင့် ကန့်လန့်ကာနောက်ကွယ်မှ အမည်မဲ့ များသူများ၏ ဘဝကို သနားသွားမိ၏။ နက်ရှိုင်းက. . .

www.burmeseclassic.com

www.burmeseclassic.com



"တစ်လက်စတည်း ဆက်မေးရဦးမယ်၊ လူကို လေထဲမှာ ထားတဲ့ ပြကွက်ကကော ဘယ်လိုလုပ်တာလဲ. . . အဲဒီပြကွက်တွေကိုကြည့်ပြီး တစ္ဆေသရဲတွေနဲ့ အစိမ်းတိုက်တိုက်တာလို့ ပြောတဲ့ လူတွေတောင်ရှိတယ်"

"ကတ်သီးကတ်သပ်ရှင်. . . ဘယ်ကဟုတ်ရမှာလဲ. . . လူတွေများ ခက်တာပဲနော်. . ."

သုန္ဒရီက အလိုမကျစွာ ညည်းတွားသည်။ နက်ရှိုင်း စိတ်ဝင်စားမှုများ ပိုမိုဖြစ်ပွားသွားသည်။

"ဒါဆို ပြောစမ်းပါဦး. . . အဲဒီလူက ဘယ်လိုလုပ်ပြီး လေထဲ ရောက်သွားတာလဲ. . ."

"အဲဒါက စက်ကိရိယာ အကူအညီနဲ့လုပ်တာ. . . အဲဒီလူ တက်အိပ်တဲ့ ခုံပေါ်မှာ ခုံပြားလေးတစ်ခု ရှိသေးတယ်. . . အဲဒီခုံနဲ့ ဇာတ်စင်နောက်က စက်ကို မောင်းတံတစ်ခုနဲ့ သွယ်ဆက်ထားတယ်. . . ရှေ့က မျက်လှည့်ပြတဲ့လူရဲ့ လှုပ်ရှားမှုကိုကြည့်ပြီး စက်မောင်းတဲ့လူက လိုသလို မြှောက်လိုက်ချလိုက် လုပ်ပေးနေတာ. . . လေထဲမှာ တောင့်တောင့်ကြီး ရပ်နေတယ်ဆိုတာလည်း စက်နဲ့ထိန်းထားတာ. . . ဘာ တစ္ဆေသရဲမှ မပါဘူး. . ."

သုန္ဒရီက လေသံဆတ်ဆတ်ဖြင့် ပြောနေသည်။ အစွပ်စွဲခံလိုက် ရသဖြင့် သူမ မကျေမလည်ဖြစ်သွားပုံရ၏။ နက်ရှိုင်းကလည်း အားမ သေးသဖြင့် အထွန့်တက်ပြန်သည်။

"အဲဒါဆိုရင် အဲဒီခုံနဲ့ မောင်းတံကို မမြင်ရပါလား. . ."

"ဘယ်မြင်ရမလဲရှင်. . . မမြင်ရအောင် လုပ်ထားတာကြီး ကိုး. . . ခုံပြားလေးက လူရဲ့ကျောနဲ့ကပ်ပြီး အဝတ်နဲ့အုပ်နေတာ မောင်းတံကလည်း ပရိသတ်ဘက်ကကြည့်ရင် အိပ်နေသူရဲ့ ခန္ဓာကိုယ် ကွယ်နေတာလေ၊ ပြီးတော့ အမှောင်ရိပ်လည်း ကျနေတော့ ဘယ်မြင် တော့မလဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်းက ဒါလောက်နှင့် မကျေနပ်သေးချေ။ ဆက်လက်၍ ဗျူးပြန်လေသည်။

"ဒါဆို ငွေရောင်ကွင်းကြီးတွေနဲ့ စွတ်ပြတာကျတော့ လွတ်လွတ်ကျွတ်ကျွတ်ပါလား. . . မောင်းတံနဲ့ ဘာဖြစ်လို့ မချိတ်မိတာလဲ. . ."

"အဲဒါက စွတ်နည်းရှိတယ်ရှင့်. . ."

"ဩော်. . . စွတ်တာတောင်မှ နည်းရှိသေးတယ်ကိုး. . ."

နက်ရှိုင်းက သံယောင်လုပ်တော့ သုန္ဒရီက မျက်စောင်းဖြင့် ဒိုင်းခနဲပစ်၏။

"ဟုတ်တယ်. . . ရှိတယ်၊ စွတ်တယ်ဆိုတာ တစ်ပတ်လည်လုံးကို စွတ်ပြတာမဟုတ်ဘူး၊ တစ်ပတ်လည်လုံးကို စွတ်သလိုလိုနဲ့ မောင်းတံနားရောက်တော့ လက်လှည့်ပညာသုံးပြီးတော့ ရှေ့နောက်ချိန်းပြီး လှည့်လိုက်တာ. . . အဲဒါက မသိရင် တစ်ပတ်လည်လုံးကို စွတ်ပြတယ်လို့ပဲထင်ရတယ်၊ တချို့ကျတော့လည်း အဲဒီလိုမလုပ်ဘဲနဲ့ ကွင်းပြတ်တွေနဲ့ လုပ်ကြတာလည်းရှိတယ် . . . ကဲ. . . မိကျောင်းမသား ဘာမေးဦးမလဲ. . ."

"အဲ. . . မျက်လှည့်ကိစ္စကတော့ တော်ပါပြီ"

"ဒါဆို ဘာကို မတော်မှာလဲ. . ."

"ဟို. . . ဟို. . . မေတ္တာကိစ္စလေး"

"ဟင်. . . ရောဂါက ထလာပြန်ပြီ. . ."

သုန္ဒရီက စိတ်ပျက်ဟန်ဖြင့် နှာခေါင်းရှုံ့သည်။ ဒီလူ သိချင်တာတွေများနေပြီဆိုတဲ့ အထာလေးနဲ့ပေါ့။

နက်ရှိုင်းကလည်းဆိုး၏။ ကြုံတုန်း အခွင့်အရေးတွေ စွတ်ယူနေသည်။

"ကျွန်တော့်အတွက် အဖြေကို သုန္ဒရီ စဉ်းစားလို့ မပြီးသေးဘူးလားဟင်. . ."



www.burmeseclassic.com

www.burmeseclassic.com



"မပြီးသေးဘူး. . ."

"ဘယ်တော့မှ ပြီးမှာလဲဗျာ. . ."

"မသိဘူး. . ."

"ဟာ. . ."

မရေရာမှုကြောင့် နက်ရှိုင်း စိတ်မာတ်ကျချင်သွားသည်။

"အဲလိုတော့ မလုပ်ပါနဲ့ သုန္ဒရီရယ်. . . သုန္ဒရီ့ဆီက အဖြေကို ရင်တမမနဲ့ စောင့်မျှော်နေတဲ့ ကျွန်တော့်ကိုလည်း သနားပါဦး. . . အခု ချက်ချင်း အဖြေပြန်မပေးနိုင်ရင်တောင် စောင့်မျှော်ရတဲ့ ကျွန်တော့်ကို အားနာတဲ့အနေနဲ့ ရက်တစ်ရက် သတ်မှတ်ပေးပါဗျာ. . ."

နက်ရှိုင်း၏ ခယမှုကြောင့် သုန္ဒရီ တွေဝေသွားသည်။ အစီအစဉ် များဖြင့် သူမ မျှော်တွေးစဉ်းစားရလေပြီ။

"ဒီလိုဆိုရင် ရှင်နဲ့ကျွန်မ ပူးပေါင်းဖျော်ဖြေပွဲပြီးတာနဲ့ ရှင် သိချင်တဲ့ အဖြေကို ကျွန်မပြောမယ်လေ. . . ဘယ်လိုလဲ"

"ညတွင်းချင်းလား. . ."

"အင်းပေါ့. . ."

သုန္ဒရီက ခေါင်းလေးညိတ်ပြသည်။

နက်ရှိုင်းက. . .

"အဲဒီအခါကျရင် သုန္ဒရီပြောမဲ့အဖြေက ကျွန်တော့်အတွက် ပျော်စရာလားဟင်. . ."

"အမယ်. . . ရှင် လူလည်မကျပါနဲ့. . . ကျွန်မကို အဲဒီလို နိမိတ်ပြမေးခွန်းတွေ မမေးနဲ့လေ. . ."

နက်ရှိုင်း၏ ပိုက်ကွန်ထဲမှ သုန္ဒရီက ပါးနပ်စွာ ရုန်းထွက်သွားလေ သည်။ နက်ရှိုင်း မချင့်မရဲ ဖြစ်သွား၏။ အဖြေတစ်စုံတစ်ရာများ ရှိလေ မလားဆိုပြီး သူမ မျက်ဝန်းတွေမှာ ရှာဖွေကြည့်ပေမဲ့ ဗလာတွေသာ ပြည့်နှက်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သုန္ဒရီက မလှုပ်မယှက် အေးစက်နေသည်။ ဒီမိန်းမကို 'လူသားရေခဲတုံးကြီး' ဟု စျေးခေါ်ပြီး ရောင်းစားပစ်ချင်စိတ်ပင် ပေါက်လာသည်။

သူကိုယ်၌ကလည်း ဒီရေခဲတုံးကြီးကိုမှ မက်မက်စက်စက် ဖြစ်နေ၏။

"သုန္ဒရီရယ်. . . မျက်ဝန်းဟာ စိတ်ရဲ့ပြတင်းပေါက်လို့ ပြောကြပေမဲ့ အဲဒီစကားကို သုန္ဒရီရဲ့ မျက်ဝန်းတွေက ဆန့်ကျင်နေတယ်. . . သုန္ဒရီရဲ့ မျက်ဝန်းတွေက သွေးအေးလွန်းတယ်. . . အဲဒီမျက်ဝန်းတွေရဲ့ ဘာသာစကားကို ကျွန်တော် နားမလည်နိုင်တော့ဘူး၊ ဒါကြောင့် ဒီပွဲမှာ လက်နက်ချ အညံ့ခံထားတဲ့ ကျွန်တော် စစ်မရှုံးပါစေနဲ့လို့ပဲ ဆုတောင်းပါတယ်ဗျာ"

နက်ရှိုင်း စကားအဆုံးတွင် သုန္ဒရီက လျှို့ဝှက်စွာ ပြုံးသည်။ ထိုအပြုံးက ခုတ်ဖြတ်ရန် အားယူစိုင်းပြင်းထားသည့် ဓားတစ်လက်၏ အသွားနှင့်ပင် တူလှပေ၏။

နက်ရှိုင်းသည် နှုတ်ခမ်းပါးလေး၌ လှလှပပ ရှသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း – (၁၇)

အတားအဆီးများကို ချိုးဖဲ့ပြီး ပျော်ရွှင်စရာနေ့စွဲများဆီ ပို့ဆောင်ပေးမည့် နေ့တစ်နေ့အား ရင်ခုန်စွာ စောင့်စားနေမိသည်။ ပိုင်ဆိုင်ချင်သည့် မျှော်လင့်ချက်များအား လွယ်ပိုးထားရသဖြင့် ရှင်သန်မှုက ဖျတ်လတ်တက်ကြွနေ၏။

ရနံ့မရှိပေမဲ့ ရင်ခွင်ကို ထုံမွှေးစေသော ခရမ်းရောင် ပန်းပွင့်လေးအား နမ်းရှိုက်ရင်း နက်ရှိုင်း ပြုံးနေသည်။

မကြာခင် ဒီပန်းပွင့်လေးနေရာမှာ သူ့သခင်မ ဒီလိုဒီလို ဖြစ်လာတော့မှာကို တွေးပြီး ဖီးလ်တွေ တက်မိ၏။ မှန်းဆရခက်သော သူမ၏ မျက်နှာပြင်မှ အကြောစိမ်းမျှင်မျှင်ကလေးတွေကို သူ့အနုစိတ် စစ်ဆေးသမှု ပြုချင်နေပါသည်။

ထိုစဉ်. . . အခန်းအပြင်ဘက်မှ ဆူဆူညံညံအသံများကြောင့် တက်နေသော ဖီးလ်တွေ ပျက်သွားသည်။ သင်တန်းသူ သင်တန်းသားတွေ လူစုံနေပြီဟု သူ ယူဆလိုက်၏။

သင်တန်းစတင်ရန် နက်ရှိုင်း ထိုင်ရာမှ ထ,လိုက်စဉ်မှာပင် အခန်းတံခါးက ဝုန်းခနဲပွင့်သွားသည်။

"ဆရာ. . . ဒီမှာ ဟိုတစ်ခါ ဆရာ့ကို ဆေးထိုးသတ်မယ် လုပ်တဲ့ အရူးနှစ်ကောင်ကို ကျွန်တော်တို့ ဖမ်းလာတယ်. . ."

"ဟာ. . ."



www.burmeseclassic.com

www.burmeseclassic.com



ငါးပါးမကတွေ မှောက်ကုန်ပြီ။ သင်တန်းသားတွေ လက်ထဲမှာ လည်ညှပ်မိနေသော ကြွက်စုတ်တွေကဲ့သို့ ပြူးကြောင်ကြောင်ဖြင့် ပါလာ တာက ဇေဖြိုးနှင့် မျိုးသီဟ ဖြစ်သည်။

"သူ. . . သူငယ်ချင်း. . ."

"ငါတို့ကို ကယ်. . . ကယ်ပါဦးကွာ. . ."

ဇေဖြိုးနှင့် မျိုးသီဟက မျက်နှာငယ်ကလေးတွေနှင့် နက်ရှိုင်းကို အကူအညီတောင်းသည်။ နက်ရှိုင်း ဘာမှ ပြန်မပြောသေးခင်မှာပင် ကောင်လေးတစ်ယောက်က. . .

"ဘာ အခုမှ သူငယ်ချင်းတွေ ကယ်ပါဦးတွေ လုပ်နေတာလဲ. . . ငါတို့ဆရာကို ဒုက္ခပေးဖို့ လာတုန်းက လာပြီးတော့. . ."

"မ. . . မဟုတ်ပါဘူးကွာ. . ."

"ဘာမဟုတ်တာလဲ. . . အခုမှ လာငြင်းမနေနဲ့. . ."

"ငါတို့. . . ရှင်း. . . ရှင်းပြပါရစေဦး . . ."

"တိတ်. . . ပါးစပ်ပိတ်၊ အသံမထွက်နဲ့. . ."

"နည်းနည်းလေးတော့ နားထောင်ပေးပါကွာ. . . နည်းနည်း လေးပဲ ပြောမှာပါ. . ."

" ဟာ. . . ပြောစကားဆိုစကားလည်း နားမထောင်ပါလား. . . ဒီလောက်တောင်ဖြစ်နေတာ. . . ကဲဟာ. . ."

ကောင်လေးတစ်ယောက်က ဇေဖြိုးနှင့် မျိုးသီဟ၏ နားရင်းကို ဆွဲခနဲ တီးထည့်လိုက်သည်။ နှစ်ကောင်သား ဇက်ပါလည်ပြီး မျက်ရည်ပါ ထွက်သွား၏။ နက်ရှိုင်းက တားလိုက်သည်။

"ညီလေးတို့ မလုပ်နဲ့ မလုပ်နဲ့. . ."

"မလုပ်လို့မရဘူး ဆရာ. . . ဒီလိုကောင်မျိုးတွေက ဒီလိုဆုံးမ မှ မှတ်မှာ. . . အရင်တစ်ခါတုန်းက ဒီနားမလာနဲ့လို့ ပြောလွှတ် လိုက်တာနဲ့တောင် အခု ထပ်လာပြီး နှောင့်ယှက်သေးတယ်. . ."

www.burmeseclassic.com

www.burmeseclassic.com



"နှောင့်ယှက်တာ မဟုတ်ပါဘူးကွာ. . . ငါ. . . ငါတို့က"

"ဟာ. . . အသံထွက်လာပြန်ပြီ. . . ပါးစပ်ပိတ်ထား
ပြောတာ မကြားဘူးလား. . . ထပ်တီးထည့်လိုက်ရ နာဦးမယ်"

"အယ်. . ."

ဇေဖြိုးနှင့် မျိုးသီဟ မျက်လုံးလေးတွေ ကလယ်ကလယ် ဖြစ်
ကြသည်။ ကောင်မလေးတစ်ယောက်က စားပွဲခုံပေါ်မှာ တင်ထားသေ
အဝါရောင်တိတ်ခွေကြီးကို ယူလာပြီး. . .

"အဲဒီအရူးတွေ အသံမထွက်အောင် သူတို့ပါးစပ်ကို ဒီတိတ်
ပိတ်ထားလိုက်. . ."

"အေး. . . အဲဒီအကြံ ကောင်းတယ်. . ."

ကောင်လေးတွေက တိတ်ခွေကိုယူပြီး ဇေဖြိုးနှင့် မျိုးသီဟ
ခေါင်းတစ်ပတ်လည်ကို တိတ်တွေဖြင့် ပတ်ကာ ပါးစပ်အား ပိတ်
လိုက်၏။ လူအများနှင့်မို့ ဇေဖြိုးနှင့် မျိုးသီဟ မလူးသာမလွန့်သာ
ခံနေရသည်။

ဇေဖြိုးနှင့် မျိုးသီဟက နက်ရှိုင်းကို အသနားခံသည့် မျက်
များဖြင့် အားကိုးတကြီး ကြည့်ကြသည်။ သူ့သင်တန်းသားတွေနှင့်မို့
စကားနှင့် နောက်စကား မညီမှာစိုးကာ နက်ရှိုင်း ဘာလုပ်ရမှန်းမသိ
ဖြစ်နေ၏။

"ကဲ. . . အကျိုးအကြောင်းကို ပြောကြစမ်းပါဦး. . . ဘယ်
တွေဖြစ်တာလဲ"

"ဝူ. . . ဝူ. . . ဝူ. . ."

"ဝါး. . . ဝါး. . . ဝါး. . ."

"ဟာ. . . ပါးစပ်တိတ်နဲ့ ပိတ်ထားတာတောင်မှ အသံထွ
သေးတယ်. . . တိတ်စမ်း၊ အရူးက အရူးလိုပဲနေ. . . ခင်ဗျားတို့ ဘာ
မပြောနဲ့. . . ကျုပ်တို့ပဲ ပြောမယ်၊ နေခြည်. . . ဆရာ့ကို ပြောပြလို

www.burmeseclassic.com

www.burmeseclassic.com



နေခြည်ဆိုသော ကောင်မလေးက ဇေဖြိုးနှင့် မျိုးသီဟကို မသတီ ဟန်ဖြင့် ကြည့်သည်။

ပြီးမှ နက်ရှိုင်းဘက်လှည့်ကာ. . .

"ဒီလိုပါ ဆရာ. . . နေခြည် သင်တန်းကိုလာတော့ တံခါးဘေး နားမှာ ဒီလူနှစ်ယောက်က ထိုင်နေတာ. . . နေခြည့်ကိုတွေ့တော့ သူတို့ နှစ်ယောက်က လျှာထုတ်ပြလိုက်၊ မျက်လုံးမှိတ်ပြလိုက်နဲ့ အကြောဆွဲသလို တွေ လုပ်ကြတယ်. . . နေခြည်လည်း တစ်ခါ မြင်ဖူးထားတော့ သူတို့ကို အရူးတွေမှန်း တန်းသိလိုက်ပါတယ်. . . အဲဒါကြောင့် အထဲအမြန်ဝင်ပြီး အထဲကလူတွေကို ပြောလိုက်တာ. . . အဲဒီမှာ သူတို့က ဒီအရူး နှစ်ယောက်ကို ထွက်ဖမ်းကြတာပါ. . ."

"ဝူ. . . ဝူ. . . ဝူ. . ."

"ဝါး. . . ဝါး. . . ဝါး. . ."

ဇေဖြိုးနှင့် မျိုးသီဟက ခြေကားယားလက်ကားယားဖြင့် အော်ဟစ် နေကြသည်။

သူတို့ကို အရူးဟု အပြောခံရသဖြင့် နာနေပုံရသည်။

နက်ရှိုင်း အခြေအနေကို သဘောပေါက်သလို ရှိသွား၏။ သူ မျက်နှာပျက်ရအောင် သင်တန်းအထိလာပြီး ဗရုတ်ကျသည့် နောဇောင်း နှစ်ကောင်ကိုလည်း အမြင်ကတ်သွားသည်။

"ကဲ. . . အရေးမပါတာတွေကို ဘေးဖယ်ထားလိုက်. . . သင်တန်းစဖို့ အချိန်ရောက်နေပြီ. . . သင်တန်း စ,ကြမယ်"

"ဒီအရူးနှစ်ကောင်ကို ဘယ်လိုလုပ်မလဲဆရာ. . . အရူးထောင် ပို့မလား. . ."

"အေး. . . ပို့မယ်. . ."

"ဝူ. . . ဝူ. . . ဝူ. . ."

"ဝါး. . . ဝါး. . . ဝါး. . ."

www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်းအဖြေကြောင့် ဖေဖြိုးနှင့် မျိုးသီဟ ငိုကြီးချက်မ ဖြစ်သွားကြသည်။ သူတို့ကို နက်ရှိုင်း နှိပ်ကွပ်နေပြီဆိုတာ နားလည်လိုက်၏။ ကောင်လေးတစ်ယောက်က. . .

"အရှုးထောင်ကို အခုသွားပို့မလား ဆရာ. . . "

"နေဦး. . . အခုတော့ မသွားသေးဘူး. . . သင်တန်းပြီးမှ သွားပို့မယ်၊ တချို့က မအားတဲ့ကြားက တမင် အချိန်လုပြီး လာရတာဆိုတော့. . . ဘာမဟုတ်တဲ့ အရှုးနှစ်ကောင်ကြောင့် သင်တန်းချိန်ကိုတော့ အပျက်မခံနိုင်ဘူး. . . "

" ဒါဆို ဒီအတောအတွင်းမှာ သူတို့ကို ဘယ်လိုထိန်းချုပ်ထားမလဲ ဆရာ. . ."

"ကြိုးနဲ့ တုပ်ထားလိုက်ကွာ. . ."

ကောင်လေးတွေက ကြိုးနှင့်တုပ်ဖို့ ပြင်သည်။ သို့သော် ကြိုးမရှိသဖြင့် တိတ်ကိုသာ အသုံးပြုကာ လှုပ်မရအောင် တစ်ကိုယ်လုံးပတ်ပြီး ထိုင်ခုံတစ်လုံးမှာ မတ်မတ်ကြီး တွဲတုပ်ထားလိုက်သည်။ ပြီးတော့မှ သူတို့နှစ်ယောက်ကို အခန်းအပြင်ထုတ်ကာ. . . ထောင့်တစ်နေရာမှာထားပြီး သင်တန်းစ,ကြ၏။

"ကဲ. . . အားလုံးပဲ မနေ့က သင်ထားတဲ့အကွက်ကို က,ကြည့်ပါဦး"

နက်ရှိုင်းက မြူးကြွသော တီးလုံးသံကို ဖွင့်ပေးလိုက်ရာ သင်တန်းသူ သင်တန်းသားများအားလုံး တက်ညီလက်ညီ ကခုန်ကြလေသည်။

ကောင်မလေးတစ်ယောက်က ကခုန်နေရင်း တန်းလန်းမှ ရပ်၍ နက်ရှိုင်းဆီ ပြေးလာကာ. . .

"ဆရာ. . . ဆရာ လုပ်ပါဦး"

"ဘာဖြစ်တာလဲ. . . "

www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာဆရာ. . . ဟိုမှာ ဟိုလူကြီးနှစ်ယောက်က မျက်လုံးကြီးတွေ ပြူးပြီး နှာခေါင်းကြီးတွေ စူပွစူပွနဲ့ သမီး က,နေတာကို ကြည့်နေတယ်၊ အဲဒါ သမီး အသည်းယားတယ် ဆရာ. . ."

"ဟာ. . ."

နက်ရှိုင်း လေသွားသည်။ ဒီနှစ်ကောင်ကြောင့်တော့ ခက်နေပါပြီ။

"အဲဒါများ ဆရာ့ကို ပြောနေရသေးလားဟယ်. . . လွယ်လွယ်လေးရယ်. . ."

"ဘယ်လိုလုပ်ရမှာလဲဟ. . ."

"ဘူ ရှိုး,ရှိုးနေတဲ့ အဲဒီမျက်လုံးတွေကို ပိတ်ပစ်လိုက်ပေါ့. . ."

လက်ရဲဇက်ရဲရှိသော ကောင်မလေးတစ်ယောက်က အခန်းထဲမှ တိတ်ခွေကို သွားယူကာ ဇေဖြိုးနှင့် မျိုးသီဟ၏ မျက်လုံးတွေကို ခေါင်းတစ်ပတ်လည် တိတ်ဖြင့်ပတ်ပြီး အုပ်ပစ်လိုက်သည်။ နက်ရှိုင်းလည်း အမြင်ကတ်တာနှင့် အသာကြည့်နေလိုက်၏။

ပြီးတာနှင့် အစမှ ပြန်က,ကြပြန်သည်။

က,ကွက် မဆုံးသေးခင်မှာပင် စောစောက ကောင်မလေးက အလန့်တကြားဖြင့် အော်ပြန်သည်။

"ဟဲ့. . . ဟဲ့. . . လုပ်ပါဦး"

"ဘာလဲဟ. . ."

"ဟို. . . ဟိုလူကြီးတွေက မျက်လုံးကို ပိတ်ထားပေမဲ့ နှာခေါင်းကြီးတွေက တလှုပ်လှုပ်နဲ့ စူပွစူပွ လုပ်နေတုန်းပဲဟ. . . ငါ အသည်းယားတယ်ဟာ. . . က,ရတာ အဆင်မပြေဘူး. . ."

"အင်း. . . ဒီလူတွေက အရှုးတောင်မှ တဏှာရူးတွေပဲ ဖြစ်ရမယ်. . . သူတို့က မျက်လုံးနဲ့ မရှိုးရလို့ နှာခေါင်းနဲ့ အနံ့ရှူနေတာပဲ ဖြစ်ရမယ်ဟ. . . ဒါလည်း လွယ်ပါတယ်ဟာ. . . အဲဒီနှာခေါင်းနှစ်ခုကို တိတ်နဲ့ပိတ်ပစ်လိုက်တာပေါ့. . ."

www.burmeseclassic.com

www.burmeseclassic.com



လက်ရဲဇက်ရဲရှိသောကောင်မလေးက တိတ်ခွေကိုယူပြီး ဇေဖြိုးနှင့် မျိုးသီဟ၏နှာခေါင်းကို သွားပိတ်ပြန်သည်။ မနေသာတော့သဖြင့် နက်ရှိုင်း ဝင်ပါလိုက်ရသည်။

"ဟော့. . . မလုပ်နဲ့လေ. . ."

"ဘာဖြစ်လို့လဲဆရာ. . ."

"ဘာဖြစ်ရမှာလဲ. . . ပါးစပ်ကိုပိတ်ထားတဲ့အပြင် နှာခေါင်းကိုပါ ထပ်ပိတ်လိုက်ရင် အသက်ရှူမရတော့ဘဲနဲ့ နှစ်ယောက်စလုံး ဂန့်သွားမှာပေါ့"

ပတ်တီးများဖြင့် ကြပ်စီးထားသည့် အီဂျစ်ပြည်မှ မံမီ အလောင်း ကောင်များနှင့်တူနေသော သူငယ်ချင်းနှစ်ယောက်ကိုကြည့်ပြီး နက်ရှိုင်း သနားစိတ်ဝင်သွားသည်။ ဒီလောက်ပညာပေးရလျှင် လုံလောက်ပြီဟု လည်း တွေးလိုက်မိ၏။

ဒါကြောင့်. . .

"အကုန်လုံးလည်း အလုပ်အကိုင် ပျက်တယ်. . . သူတို့ နှစ်ယောက်ကို လွှတ်ပေးလိုက်တော့. . ."

"ဟာ. . . ဆရာ. . . သူတို့ကို အရှုံးထောင်မပို့တော့ဘူး လား. . ."

"ပို့မနေပါနဲ့တော့ကွာ. . . သူတို့ရှိရင် အလုပ်ပျက်တယ်. . . သူတို့ကြည့်ရတာလည်း အရမ်းကြီးအခြေအနေဆိုးနေပုံ မပေါ်သေး ပါဘူး. . . လွှတ်ပေးလိုက်. . ."

နက်ရှိုင်းစကားကြောင့်သာ လွှတ်ဖို့ပြင်ရသည်။ အားလုံးက လွှတ် မပေးချင်ကြ။ ဆောင့်ဆောင့်အောင့်အောင့်နှင့် မျက်လုံးမှာ ပိတ်ထားသည့် တိတ်တွေကို ဆွဲဖြုတ်ရာ ဆံပင်နှင့် မျက်ခုံးမွေးတွေ တဖြုတ်ဖြုတ် ပြုတ်ပါ လာကြ၏။ နာလွန်းသဖြင့် ဇေဖြိုးနှင့် မျိုးသီဟ မျက်ရည်လေးတွေပင် ဝဲလည်လည် ဖြစ်နေရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်မှာပိတ်ထားသည့် တိတ်နှင့် ကိုယ်လုံးမှတိတ်များကိုတော့ ခွာမပေးဘဲ. . .

"ခင်ဗျားတို့ ဒီအတိုင်းပြန်ကြ. . ."

ဟု ကောင်လေးတွေက တမင်တကာညစ်လွှတ်ကြသည်။

ဇေဖြိုးနှင့် မျိုးသီဟသည် (ပြန်ပြော၍လည်းမရသဖြင့်) ဝူးဝါး ဝူးဝါး ဖြစ်နေသည်။ (လမ်းလျှောက်၍လည်းမရသဖြင့်) တရုတ်သရဲများ ပမာ ခုန်ဆွခုန်ဆွဖြင့် ထွက်ခွာသွားလေ၏။

သူတို့ကိုကြည့်ကာ နက်ရှိုင်းစိတ်ထဲမှာ အားပါးတရ ရယ်မော ပစ်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း – (၁၀)

နက်ရှိုင်းတို့အကအဖွဲ့နှင့် သုန္ဒရီတို့မျက်လှည့်အဖွဲ့ ဒုတိယအကြိမ် ပူးပေါင်းဖျော်ဖြေမည့်နေ့ရက်က တဖြည်းဖြည်း နီးကပ်လာချေပြီ။ ထို အတွက် ပွဲကိစ္စများကို သုန္ဒရီနှင့် နက်ရှိုင်း အသေးစိတ်ညှိနှိုင်းပြီး အစီ အစဉ် ရေးဆွဲနေကြသည်။

သုန္ဒရီက စကားပြောရင်း ဓားပါးလေးတစ်လက်ကို ကိုင်တွယ် ဆော့ကစားနေပါ၏။ သူမကို သူ မဟားဒရားလုပ်မှာ ကြောက်ပြီး ဟန်ပြ ဆောင်ထားတာများလားဟုပင် နက်ရှိုင်း ခပ်ရှိန်ရှိန် အထင်ရောက်မိသည်။

" ကိုနက်ရှိုင်း. . . ရှင်ကော ကျွန်မပြကွက်မှာ ကူညီဖို့ အဆင်သင့် ဖြစ်နေပြီလား. . ."

"အင်း. . . ဖြစ်ပါပြီ. . ."

သုန္ဒရီက သူ့ကိုမှတ်ကြီးဟု မခေါ်တော့ပါ။ နက်ရှိုင်းဟု ခေါ်နေပြီ ဖြစ်သည်။

မကြာခင်ကာလမှာ ကိုကို (ဒါမှမဟုတ်) မောင်မောင်ဟု ခေါ်ခိုင်းဖို့ အထိ ရှေ့ရေးအတွက် နက်ရှိုင်း ကြိတ်စီစဉ်ထား၏။

"ကျွန်တော်ကတော့ အသေအချာလေ့ကျင့်ထားပါတယ်. . . သုန္ဒရီ ချော်မထိုးမိဖို့သာအရေးကြီးတာပါ. . ."

"ကျွန်မအတွက်က ဒါမျိုးတွေရိုးနေပါပြီ. . . ကျွန်မကက ကိုယ်လိုချင်တဲ့ပစ်မှတ်ကို ဘယ်တော့မှမလွဲဘူး. . ."



www.burmeseclassic.com

www.burmeseclassic.com



သုန္ဒရီက ပြောနေရင်း လက်ထဲမှ ဓားပါးလေးကို ဗိုးခနဲ ပစ်လွှတ်လိုက်သည်။ ထိုအခါ နံရံပေါ်မှ အိမ်မြှောင်လေး တစ်ကောင် ဓားတန်းလန်းနှင့် ပြုတ်ကျလာ၏။ နက်ရှိုင်း ဖိန့်သွားသည်။ ဒီမိန်းမတော့ သူ့ကို နှိမ်လိုက်လို့ ပညာထုတ်ပြပြီ။

"သုန္ဒရီနဲ့ ကိုထွန်းခေါင် ဓားပေါက်မှာ ဘယ်သူသာလဲ. . ."

"ရှင်က ဘယ်သူသာတယ်လို့ထင်လဲ. . ."

"မပြောတတ်ဘူးလေ. . ."

သုန္ဒရီက ပခုံးတွန့်၍ မြမြလေးပြုံးသည်။ နက်ရှိုင်း စိတ်ထဲမှာ သူမကသာသည်ဟု ထင်လိုက်သည်။

"ဒီလောက်တော်နေသားနဲ့တောင် သုန္ဒရီက ဆက်ကပ်ပြကွက်တွေမှာ ဘာဖြစ်လို့ ဝင်မပါတာလဲ။ ဝါသနာမပါလို့လား. . ."

"ဝါသနာမပါဘဲနဲ့ အခုလို လေ့ကျင့်ထားပါ့မလားရှင့်. . ."

"ဒါဆို ဘာလို့ဝင်မပါတာလဲ. . ."

"အမေ ခွင့်မပြုလို့ပါ. . ."

"သုန္ဒရီ့အမေက ဘာဖြစ်လို့ ခွင့်မပြုတာလဲဟင်. . ."

"အဖေ့လိုဖြစ်သွားမှာစိုးလို့. . ."

သုန္ဒရီ၏အေးစက်စက်မျက်ဝန်းတွေက မှိုင်းဝေ အုံ့ဆိုင်းသွားသည်။ ထိုခံစားချက်ကို နက်ရှိုင်း သိချင်သွား၏။ သုန္ဒရီ၏ မျက်နှာကို သေချာကြည့်ကာ. . .

"သုန္ဒရီရဲ့အဖေက ဘယ်လိုဖြစ်သွားလို့လဲ. . . ကျွန်တော့်ကို ပြောပြပါလား. . ."

"ပြောမပြဘူး. . ."

သုန္ဒရီက ခပ်ပြတ်ပြတ်တုံ့ပြန်ပြီး အိမ်မြှောင်နှင့် ဓားကို သွားကောက်သည်။ သုန္ဒရီသည် သူမဖခင်အကြောင်း စကားစ, မိတာနှင့် စကားစကိုဖြတ်ပစ်တတ်မှန်း နက်ရှိုင်း သတိပြုမိသွား၏။

www.burmeseclassic.com

www.burmeseclassic.com



သုန္ဒရီက ခေါင်းပါးလေးကို ဆွဲနှုတ်ပြီး အိမ်မြှောင်အသေကို ပြတင်းပေါက်မှ လွှင့်ပစ်လိုက်သည်။ အချို့ဆိုလျှင် မိန်းကလေးတွေသာမကဘဲ ယောကျ်ားလေးတွေပင် အိမ်မြှောင်သတ္တဝါကို မကိုင်ရဲကြချေ။ သူမကတော့ ဘာမှမထူးဆန်းသလိုမျိုး အေးအေးလူလူပင်ရှိ၏။

ဒီမိန်းမသည် အဖုံးအလွှမ်းများသော ရင်ခုန်စရာပြတိုက် တစ်ခုဟုနက်ရှိုင်း ပြင်းပြင်းထန်ထန် သတ်မှတ်ပစ်လိုက်သည်။

"သုန္ဒရီရဲ့ပြကွက်အတွက်ကတော့ ကျွန်တော်က အဆင်သင့် ဖြစ်နေပြီ. . . သုန္ဒရီကကော ကျွန်တော့်အတွက် အဆင်သင့် ဖြစ်ပြီလား. . ."

"ဘာကိုလဲ. . ."

ဘာကိုလဲ. . . ဆိုပြီး မသိချင်ယောင်ဆောင်နေသော သူမအား. . . 'ဒါကိုပဲ. . . ဒါကိုပဲ' ဆိုပြီး အင်္ကျီချွတ်ကာ ရင်ဘတ်ကို ပုတ်ပြလိုက်ချင်သည်။ အေးစက်စက်ရုပ်ကြီးနဲ့လိုက်အောင် သိပ်မူတာပဲ. . .။

"ခင်ဗျား ရှုးချင်ယောင်ဆောင်မနေနဲ့ဗျာ. . . ကျွန်တော်က အဲဒီညမှာပေးမယ်ဆိုတဲ့ ကျွန်တော့်အတွက် အဖြေကိုပြောနေတာ. . ."

"သြော်. . . ဒါလား. . . ဒါက အစကတည်းက အဆင်သင့်ရှိပြီးသားပါ. . . မပြောချင်သေးလို့ တမင်အချိန်ဆွဲထားတာ. . ."

ဟာ. . . တော်တော်အကျင့်ပုတ်တဲ့မိန်းမပဲ။ ပြောင်းဖူးသာဆိုစဉ်းရိုးတောင်မချန်ဘဲ မီးဖုတ်ပြီးတီးပစ်လိုက်ပြီ။

သို့သော် ဒီမိန်းမက ကိုယ့်ကိုပြန်ပြီး မီးပုတ်တီးမည့်ရုပ်မျိုးမှ အချိုးလေးကို ပြေပျော့ထားရသည်။

"သုန္ဒရီရယ်. . . အဲဒီညမှာ သုန္ဒရီကသာ ချစ်တယ်လို့ပြောရင် ကမ္ဘာပေါ်မှာ ကျွန်တော့်လောက်ပျော်တဲ့လူ ရှိမှာမဟုတ်ဘူး သိလား. . ."

"မသိဘူး. . ."

ဟာ. . . လုပ်ပြန်ပြီ။ ဒီမိန်းမ ဖီလင်တွေ ဘာတွေရော နားလည်ရဲ့လား မသိပါဘူး. . .။



www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်း စိတ်ညစ်သွားသည်။ သုန္ဒရီက နက်ရှိုင်းကို ရှုတည်တည်ကြည့်၍ . . .

"အဲ့ဒီည ကျွန်မ ရှင့်ကို ဘယ်လိုအဖြေမျိုးပေးမယ်လို့ ရှင်ထင်လဲ"

"ဘယ်သူမဆို ကိုယ့်အတွက်ဆိုရင် အကောင်းဆုံးကိုပဲ မျှော်လင့်တတ်ကြတာပဲလေ. . . ကျွန်တော်လည်း ကျွန်တော့်အတွက် အကောင်းဆုံး ဖြစ်မဲ့အဖြေကို မျှော်လင့်ထားတာပေါ့. . ."

"ဒါပေမဲ့ မျှော်လင့်ချက်တိုင်းဟာ တကယ်ဖြစ်မလာတတ်ဘူးဆိုတာကိုတော့ ရှင် မေ့မထားနဲ့နော်. . ."

နက်ရှိုင်း ငိုရမလိုပင်ဖြစ်သွားသည်။ ဒီမိန်းမသည် လူတစ်ဘက်သားကို စိတ်ဆင်းရဲအောင် အရမ်းလုပ်၏။ သူမကို ကတုံး,တုံးပြီး သီလရှင်ဝတ်ခိုင်းပစ်ချင်စိတ်ပင်ပေါက်လာသည်။ အဲဒီလိုဆိုလျှင်တော့ အေးစက်စက် သူ့ရုပ်သူ့ရည်နှင့် ကြည်ညိုမည့်လူ ပေါများလောက်သည်။ ဒါမှမဟုတ် ခါးပြရုပ်နှင့် အလှူခံနေတာဆိုပြီး ကန်ထုတ်တာလည်း ခံရနိုင်သည်။

"ကဲ. . . ကိုနက်ရှိုင်း. . . ပြောစရာရှိတာတွေလည်း ပြောပြီးသွားပြီ၊ ကျွန်မလည်း ကိစ္စလေးတွေရှိသေးတယ်. . . ရှင်လည်း ပြန်ဖို့ကို သတိရဦး"

"အဲ. . ."

ပေါ်တင်ကြီးနှင်ချပြီ။ သူမနှင့် ညားကာမှ ဒီထိုင်ခုံမှာ အဝထိုင်ပစ်လိုက်မည်ဟု ကြုံးဝါးပြီး နက်ရှိုင်းပြန်လာခဲ့ရသည်။ စိတ်ထဲမှာတော့ မတင်မကျဖြစ်နေ၏။ နားလည်ရခက်လိုက်တာ မိန်းကလေးရယ်. . . ။

သူမသည် အရသာမကောင်းပေမဲ့ ကျန်းမာရေးနှင့် ညီညွတ်သည့် ဆေးခါးတစ်ခွက်သာဖြစ်ပါစေဟု မရေမရာဆုတောင်းမိသည်။ သေချာပြီးသား သူမခံစားမှုအတွက်လည်း ရင်မောစိုးထိတ်မိပါ၏။ မျှော်လင့်ချက်များနှင့် ပတ်သက်၍တော့ ပျော်ရွှင်ခွင့်ကိုသာ ရှုးသွပ်တပ်မက်စွာ အပြည့်အဝ ရယူချင်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



အပြန်တွင် မနေ့ကကိစ္စအတွက် ဇေဖြိုးနှင့် မျိုးသီဟကို တောင်းပန်ဖို့သတိရသည်။ ဒါကြောင့် လမ်းသင့်သည့် မျိုးသီဟအိမ်သို့ အရင်ဝင်လိုက်သည်။ ရောက်သွားသောအခါ မျိုးသီဟအိမ်မှာ ဇေဖြိုးကိုပါတွေ့ရ၏။

"ဟာ. . . ဟိုမှာ ခွေးဘိန်းစားလာနေပြီဟေ့. . . ငါတို့သွားစရာမလိုတော့ဘူး. . ."

"ဒီကောင့်ကို အရေခွံစုတ်မယ်. . ."

ဇေဖြိုးနှင့် မျိုးသီဟက နက်ရှိုင်း၏ လက်မောင်းနှင့် ကျောကို လက်သီးဖြင့် ထိုးကြသည်။ သူ့အပြစ်နှင့်သူမို့ နက်ရှိုင်း ငြိမ်ခံနေလိုက်သည်။ ဒီတော့ ဆက်မလုပ်ကြတော့။

"ခွေးဘိန်းစား. . . မင်း ဒီကိုဘာလာလုပ်တာလဲ. . ."

"မင်းတို့ကို တောင်းပန်ဖို့လာတာပါကွာ. . ."

"အခုမှ လာတောင်းပန်မနေနဲ့. . . မနေ့တုန်းကတော့ဖြင့် ကိုယ့်သူငယ်ချင်းလေးတွေဆိုပြီး နည်းနည်းမှညှာတာဖို့ စိတ်မကူးဘူး. . . ပယ်ပယ်နယ်နယ် လုပ်ရက်တယ်. . . ငါတို့နှစ်ယောက်မှာတော့ တိတ်တွေဖြည်လိုက်ရတာကို. . ."

ဇေဖြိုးနှင့် မျိုးသီဟကိုကြည့်ပြီး မနေ့က အဖြစ်အပျက်အား ပြန်မြင်ယောင်ကာ နက်ရှိုင်းရယ်သည်။

"မင်းတို့လုပ်တာကော ပုံစံကျလို့လား. . . သင်တန်းလာမရှုပ်ဖို့ ငါပြောထားလိုက်သားနဲ့တောင် သင်တန်းသူတွေကို လာငမ်းတဲ့ မင်းတို့ကို ငါ့သူငယ်ချင်းတွေပါလို့ ဘယ်လိုမျက်နှာနဲ့ ပြောရမှာလဲ. . ."

"ငါတို့ မင်းရဲ့သင်တန်းသူတွေကို လာငမ်းတာ မဟုတ်ပါဘူးကွာ. . . အခုရက်ပိုင်းမှာ ငါတို့ဆီလည်း ပေါ်မလာဘဲနဲ့ ပျောက်ချက်သားကောင်းနေလို့ မင်းဆီလာတာ. . . အထဲဝင်ရင် မင်းကောင်တွေ တွေ့မှာစိုးလို့. . . မင်းလည်း မရောက်သေးဘူးထင်ပြီး အပြင်ကစောင့်နေတာ. . . အဲ့ဒီမှာ အုပ်စုနဲ့ လာဖမ်းချုပ် ခေါ်သွားတာ. . ."



www.burmeseclassic.com

www.burmeseclassic.com



" အဲ့ဒါကတော့ မင်းတို့က ဟိုကောင်မလေးကို သွားစ,တာကိုးကွ ခံပေါ့. . ."

သူငယ်ချင်းတွေ စိတ်မဆိုးမှန်းသိလိုက်သဖြင့် နက်ရှိုင်း လေသံက ပြောင်းသွားသည်။

မျိုးသီဟက. . .

"ဒါနဲ့ ခုတလော မင်းက ဘယ်ပျောက်နေတာလဲ. . . ဆိုစမ်းပါဦး"

"သုန္ဒရီအကူအညီတောင်းလို့ ငါ သူ့ မျက်လှည့်ပြကွက်တစ်ခု အတွက် လေ့ကျင့်နေတာကွ. . ."

နက်ရှိုင်းက (မျက်လှည့်ပြကွက်၏ လျှို့ဝှက်ချက်ကိုချန်လှပ်ပြီး) အကျိုးအကြောင်း ပြောပြလိုက်၏။ ထိုအခါ ဇေဖြိုးနှင့် မျိုးသီဟထံ၌ စိတ်ဆိုးမှုတွေပျောက်ပြီး စိုးရိမ်မှုတွေ ရောက်လာကြသည်။

"မင်းဟာက ဖြစ်ပါ့မလားကွာ. . . မတော်တဆ ချော်ထိုးမိမှဖြင့်"

"အေးကွာ. . . အသက်အန္တရာယ်နဲ့နီးလိုက်တာ . . . မလုပ်ပါနဲ့လား"

"ရပါတယ်ကွာ. . . ငါ့ကို စနစ်တကျ လေ့ကျင့်ပေးထားပါတယ်"

နက်ရှိုင်းက ခပ်အေးအေးပင်ပြောလိုက်သည်။ ဇေဖြိုးက. . .

"မင်းနဲ့ အပွေးရင့်တဲ့ အဲဒီမျက်လှည့်ဆရာမရဲ့ အခြေအနေကရော၊ ဘယ်အထိခရီးရောက်နေပြီလဲ. . ."

"ငါကတော့ သူ့ကို ဖွင့်ပြောထားပြီ. . . သူကတော့ ငါတို့ နှစ်ယောက် ပူးပေါင်း ဖျော်ဖြေတဲ့ပွဲပြီးမှ အဲဒီညတွင်းချင်းပဲ အဖြေ ပေးမယ်လို့ ပြောတယ်"

"မင်းမို့လို့ကွာ. . . အဲဒီမိန်းမကိုသွားကြိုက်တယ်. . . လူ့သ မျက်နှာနဲ့. . . တစ်လောကလုံးကို သူ့လက်အောက်ငယ်သားတွေများ



www.burmeseclassic.com

www.burmeseclassic.com



မှတ်နေလား မသိဘူး. . . ကြည့်လို့ကို မျက်လုံးထဲ ထောင့်မကျိုးဘူး. . .”

“ ဒါကတော့ကွာ. . . သူက မိန်းကလေးဖြစ်ပြီး လူအများနဲ့ ဆက်ဆံနေရတာဆိုတော့ လူရှိန်အောင် တမင်နေတာဖြစ်မှာပါ. . . ပြီးတော့ သူ့အလုပ်ကလည်း ဟိတ်ဟန်မင်မောင်းကောင်းမှဆိုတော့ အဲဒီလိုရုပ်နဲ့မှ သင့်လျော်မှာလေ. . .”

နက်ရှိုင်းက မြတ်နိုးသူဘက်မှ ကာကွယ်ရေးတွေ လုပ်နေ သည်။ သူသည် သုန္ဒရီအတွက်သာဆိုလျှင် ဘဝကိုပင်စုတ်ဖြဲပြီး ဖာထေးပေးဝံ့သူ ဖြစ်၏။ မျိုးသီဟက. . .

“အဲဒီမိန်းမက လှတာတော့လှပါတယ်. . . ဒါပေမဲ့ သူ့အလှက တစ်မျိုးကြီးပဲ . . . လျှို့ဝှက်မှုဆန်ဆန် မာကြောအေးစက်နေပြီး ချစ်စရာမကောင်းဘဲ ကြောက်စရာကောင်းနေတယ် . . .”

“မင်းတို့ဘာပြောပြောကွာ. . . ငါကတော့ သူ့ကို မချစ်ဘဲမနေနိုင်အောင်ကို ချစ်နေမိပြီ. . . သူဟာ ငါ့အတွက် အဆိပ်တစ်ခွက်ဆိုရင်တောင်မှ အဲဒီအဆိပ်ကို ကျေကျေနပ်နပ်သောက်သုံးဖို့ ငါ ဆုံးဖြတ်ပြီးသားအသင့်ဖြစ်နေပြီ. . .”

နက်ရှိုင်းစကားကြောင့် ဇေဖြိုးနှင့် မျိုးသီဟ တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး လက်ခါပြကြသည်။ သူတို့တားလည်း မရနိုင်တော့မှန်း နားလည်သွားကြသည်။ နက်ရှိုင်းသည် သုန္ဒရီနှင့် ပတ်သက်လျှင် အခြေအနေက အသည်းအသန်ခဲမှန်နေလေပြီ။

ခဲတောင်မှ အတော်ကြီးသည့်ခဲမျိုးဖြစ်၏။ ခန့်မှန်းချေပြောရလျှင် ဧဝရက်တောင်လောက်တော့ ရှိပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း – (၁၉)

ရင်ခွင်စိုက်ခင်းတစ်ခုလုံးတွင် စိတ်ကူးယဉ်အိပ်မက်တွေ တလက်လက် လင်းနေပါသည်။ အချိန်အခါကျပြီမို့ ထက်သန်သော ဆန္ဒတွေက အခိုင်လိုက် ပွင့်ဝေနေ၏။

ညသည် သစ်ဆန်းသောရင်ခုန်စရာ အဓိပ္ပာယ်များစွာဖြင့် စည်းချက်မှန်မှန် ခုတ်မောင်းနေလျက်ရှိသည်။ ပူးပေါင်းတင်ဆက်မှု၏ ပထမပိုင်းအဖြစ် **Butterfly** အကအဖွဲ့မှ လှုငယ်မောင်မယ်များက မြူးမြူးကြွကြွ အကအလှုတို့ဖြင့် ဖျော်ဖြေကြသည်။ ဒီပွဲမှာလည်း နက်ရှိုင်းတို့အဖွဲ့က ပွဲဆူအောင် လုပ်နိုင်ခဲ့သည်။ **Butterfly** အဖွဲ့သည် ပရိသတ်များ၏ နှစ်သက်အားပေးခြင်းကို အထူးခံယူရရှိလိုက်၏။

**Butterfly** အဖွဲ့၏ ဖျော်ဖြေမှုအစီအစဉ် ပြီးဆုံးသွားသော အခါ နက်ရှိုင်းက သုန္ဒရီဆီသွားရန် ပြင်စဉ်မှာပဲ ပွဲငှားရမ်းသည့် ထွန်းထွန်းလင်းက သူ့ထံလျှောက်လာသည်။ ဒါကြောင့် ဧည့်ခံစကား ဆိုလိုက်ရ၏။

"ကိုထွန်းထွန်းလင်း. . . ကျွန်တော် တာဝန်ကျေပါတယ်နော်"

"ကျေပါတယ်ဗျာ. . . ကျေပါတယ်. . . ကိုနက်ရှိုင်းတို့အဖွဲ့ရဲ့ ဖျော်ဖြေမှုက အရမ်းကောင်းတယ်. . . လူငယ်တစ်ယောက်ဖြစ်ပြီး ပွဲကို သိသလို ဦးဆောင်ထိန်းသိမ်းနိုင်တဲ့ အရည်အချင်းကို ချီးကျူးပါတယ်ဗျာ. . ."

"ကျေးဇူးတင်ပါတယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



ထွန်းထွန်းလင်း၏လက်ဆွဲဂုဏ်ပြုမှုအား ခံယူအပြီး၌ သုန္ဒရီကို မျက်လုံးဝေ့ဝဲပြီး လိုက်ရှာကြည့်ရာ သူမက စင်မြင့်ပေါ် ရောက်နေချေပြီ။ ဒါကြောင့် နက်ရှိုင်းက ဇာတ်စင်ရှေ့မှ သူ့အုပ်စုရှိရာ နေရာမှာ သွားထိုင်လိုက်သည်။ ဒီပွဲမှာ နက်ရှိုင်းဖိတ်ခေါ်ထားသဖြင့် ဇေဖြိုးနှင့် မျိုးသီဟ အပြင် ရှုပနှင့် သဲအိတို့ ညီအစ်မလည်း လာကြည့်ကြ၏။ သုန္ဒရီ၏မိခင်နှင့် ထွဋ်ခေါင်ကိုလည်း တွေ့ရသည်။

"ဟိတ်ကောင်ကြီး. . . လူသေမျက်နှာဆီက အဖြေရခါနီးလို့ စိတ်လှုပ်ရှားနေပြီလား. . ."

"အေးကွာ. . . သူ့အဖြေ ဘာဖြစ်မလဲဆိုတာ တွေးရတာ က,ရ တာထက်တောင် ပိုမောသေးတယ် . . ."

"အရမ်းလည်း စိတ်လှုပ်ရှားမနေနဲ့. . . မျက်လှည့်ပြကွက်ကျရင် သတိနဲ့လည်းလုပ်ဦး. . . တော်ကြာ အဖြေမရခင် သေပွဲဝင် နေရဦးမယ်"

ဇေဖြိုးနှင့် မျိုးသီဟက နက်ရှိုင်းကို ကလိသလိုနှင့် သတိပေးကြသည်။ နက်ရှိုင်းသည် မျက်လုံးတွေကို စင်ပေါ်တင်လိုက်သည်။ အဖြေသိပြီးသား မျက်လှည့်ပြကွက်တွေက သူ့အတွက် ပျင်းရိစရာကောင်းနေပေမဲ့ မာန်ပါစွာလှုပ်ရှားနေသော သုန္ဒရီက သူ့အား ဆွဲဆောင်နိုင်စွမ်း အပြည့်ရှိနေဆဲ. . .။

နက်ရှိုင်း ဝေခွဲရခက်နေသည်။ အေးစက်စက်အမူအရာက အကောင်း ဖြစ်နိုင်သလို အဆိုးလည်းဖြစ်နိုင်သည်။ သို့သော် ပေးကမ်းထားသည့် အတွေ့အထိတွေနှင့် မျက်လှည့်ပြကွက်တွေ၏ လျှို့ဝှက်ချက်များအား ပြောပြသည်ကိုထောက်ရှု၍ အခြေအနေမဆိုးနိုင်ဟု တွက်ဆလိုက်သည်။

"ယခုနောက်ဆုံးပြကွက်ကို တင်ဆက်ဖို့အတွက် Butterfly အက အဖွဲ့ခေါင်းဆောင် ကိုနက်ရှိုင်းကို စင်မြင့်ပေါ် ဖိတ်ခေါ်ပါတယ်ရှင်"

နက်ရှိုင်း ထိုင်ရာမှထ,လိုက်သည်။ စလိုက်မီးပွင့်များနှင့် အတူ အားလုံး၏မျက်လုံးများက သူ့ထံကျရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို. . . သတိထားနော်. . ."

"သတိနဲ့နေနော်. . ."

"ရဲဘော်. . . သတိ. . ."

"**Good Luck**"

သဲအိနှင့် ရှုပက စိုးရိမ်စွာမှာကြားကြသလို ဖေဖြိုးနှင့် မျိုးသီဟက နောက်ပြောင်ရင်း ဆုတောင်းပေးကြသည်။ နက်ရှိုင်း လက်မထောင်ပြပြီး စင်ပေါ်တက်သွားလိုက်သည်။ သူ စင်ပေါ် ရောက်သောအခါ ဖော့အိုးကြီးက အဆင်သင့်ဖြစ်နေပေပြီ။

နက်ရှိုင်း ပရိသတ်ကို လက်နှစ်ဖက်ထောင်ပြလိုက်သည်။ အောက်က ဟေးခနဲအော်ကြ၏။ အဖြူရောင်ဝတ်စုံနှင့် သီရိက အနားကပ်လာပြီး တိုးတိုးလေးပြောသည်။

"ကိုနက်ရှိုင်း. . . ယားရင်တောင် မကုတ်နဲ့နော်. . . ငြိမ်ငြိမ်လေးနေ"

"အင်း. . ."

နက်ရှိုင်းက ခေါင်းညိတ်မပြဘဲ ပါးစပ်ပိတ်လျက် ဖြေလိုက်၏။ သူနှုရီကိုကြည့်လိုက်တော့ သူမကလည်း သူ့ကိုပြန်ကြည့်သည်။ ပြီးတော့ နှစ်နှစ်ကာကာ ပြုံးပြသည်။

ထိုအပြုံးက သူမြင်ဖူးသမျှ သူမအပြုံးတွေထဲမှာ အသက်အပါဆုံးနှင့် စွဲမက်ဖွယ်အကောင်းဆုံးအပြုံးဖြစ်လေသည်။

ထိုအပြုံးကိုကြည့်၍ သူမအဖြေအတွက် နက်ရှိုင်း ရင်တစ်ဝက်အေးသွားသည်။ ပျော်ရွှင်စွာဖြင့် ဖော့အိုးထဲ ဝင်လိုက်သည်။ အနေအထားမှန်ကန်အောင် ခန္ဓာကိုယ်ကို သေချာခွေလိုက်သည်။ ခဏကြာတော့ အပေါ်မှအဖုံးအား ပိတ်လိုက်ကြ၏။

အထဲမှာ အနည်းငယ်မှောင်နေပေမဲ့ အဖုံးအပေါက်မှ အလင်းရောင်ဖြင့် ထင်သာမြင်သာတော့ရှိသည်။ သံသံချင်း ထိခတ်သံများကို



www.burmeseclassic.com

www.burmeseclassic.com



ကြားရတော့ စိမ့်အေးစွာ ကျောချမ်းမိသည်။ သို့သော် တုတ်တုတ်မျှ မလှုပ်ဝံ့ဘဲ ငြိမ်ငြိမ်လေး ကုပ်နေရ၏။

သင်ကြား လေ့ကျင့်ထားသည့်အတိုင်းပင်. . .

ပထမဦးဆုံးဓားသွားက ကျောနောက်မှ တအိအိဖြတ်သွားသည်။

ဒုတိယဓားသွားက ကွေးထားသော ဒူးရှေ့နားမှ ဖြတ်သွားသည်။

တတိယဓားသွားက တင်ပါးအထက်နားမှ ဖြတ်သွားသည်။

အားလုံးက ပွတ်ကာသီကာလေးတွေမို့ အူတွေအသည်းတွေပင် ယားလာသည်။ လန့်ပြီး ပခုံးလှုပ်ချင်တာတောင်မှ နောက်ဆုံး ဓား တစ်လက်ကျန်နေသေးသဖြင့် ချုပ်တည်းထားရ၏။

စတုတ္ထဓားသွားက ရင်ညွန့်အောက်နားမှ ဖြတ်သွားရမှာ ဖြစ်သည်။ သို့သော်. . .

မထင်မှတ်စွာ ထိုဓားသွားက နက်ရှိုင်း၏ နှလုံးသားရှိရာ ဘယ်ဘက်ရင်အုံဆီသို့ တလွန့်လွန့် ထိုးဆင်းပြေးဝင်လာလေသည်။

နက်ရှိုင်း ရင်တွေ တဒိတ်ဒိတ်ဖြစ်သွားသည်။ ထိတ်လန့်စွာဖြင့် နောက်ဆုတ်လိုက်ရာ နောက်ဘက်မှ ဓားနှစ်လက်က ကျောနှင့် ခါးကို မြိခနဲရှ၏။ ကယောင်ကတမ်း ရှေ့တိုးလိုက်ရာ ဒူးမှာ မျက်ခနဲ နာသွား ပြန်သည်။ သေရေးရှင်ရေးမှာ ဘေးကြပ်နံကြပ်နှင့်မို့ နက်ရှိုင်း သွေးပျက် ချောက်ချားနေလေပြီ။ ရှောင်တိမ်း၍ မရတော့သဖြင့် ပြေးဆင်းလာသော ဓားဦးချွန် အဖျားကို လက်နှစ်ဖက်နှင့် ဆွဲညှစ်ဖမ်းဆုပ်လိုက်သည်။

သို့ရာတွင်. . .

ဓားသွားက လက်ချောင်းတွေကို လှီးဖြတ်ပြီး သူ့ရင်ဘတ်အတွင်း တရိရိ ထိုးခွဲဝင်ရောက်သွားလေတော့၏။

ချစ်သူပေးတဲ့အဖြေက ဒါလား. . . ???

13

www.burmeseclassic.com

## အခန်း – (၂၀)

"အား. . ."

စူးရှသောအော်သံကြောင့် သီရိ လန့်ဖျပ်သွားသည်။ သုန္ဒရီကို ကြည့်လိုက်တော့ စတုတ္ထမြောက်ဓားရိုးအား တွေတွေကြီး ဆုပ်ကိုင်ထားတာ တွေ့ရသည်။

ထိုးစိုက်ဟန်နှင့် ဓားအသွားအလာက သိသာစွာ မှားယွင်းနေ၏။ သီရိမနေနိုင်တော့ဘဲ ဝင်ပြောလိုက်သည်။

"မမ. . . မမ မှားနေပြီ. . ."

"နင်နဲ့မဆိုင်ဘူး. . . နင်. . . နင် ဘာမှဝင်မရှုပ်နဲ့. . ."

"မရှုပ်လို့ရမလား. . . ဒါ လူ့အသက်. . ."

သီရိက သုန္ဒရီ၏လက်ထဲမှဓားကို အတင်းပဲဝင်လုသည်။ သုန္ဒရီ တမပေးဘဲ သီရိကို တွန်းထုတ်ပစ်၏။ စင်ပေါ်မှာ ရှုန်းရင်းဆန်ခတ်တွေ ဖြစ်ကုန်သည်။

ထွန်းရွှေခေါင်နှင့် ဒေါ်သင်းသင်း စင်ပေါ်သို့ အူရားဖားရား ပြေးတက်သွားကြသည်။ ထွန်းရွှေခေါင်က ပါးနပ်စွာ ကန့်လန့်ကာကို ချပစ်လိုက်၏။

"ဘာဖြစ်တာလဲ. . . ရှုပ်ပျက်လိုက်တာ. . ."

"ဒီမှာ အထဲကလူကို မမ ဓားနဲ့ ထိုးသတ်နေတယ်. . . သေပြီ လား မသိဘူး. . . လုပ်ကြပါဦး. . ."

ထိတ်လန့်မှုကြောင့် သီရိ ကတုန်ကယင်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထွင့်ခေါင်လည်း အရမ်းအံ့ဩတုန်လှုပ်သွားသည်။ ဒေါ်သင်းသင်းက သုန္ဒရီ၏လက်ကိုဆွဲပြီး. . .

"သမီး. . . သမီး ဘာဖြစ်လို့ အဲ့ဒီလိုလုပ်ရတာလဲ . . ."

သုန္ဒရီက တုန်တုန်လှုပ်လှုပ်နှင့် -

"သူ. . . သူက အဖေတို့ကိုသတ်တာ၊ အဖေတို့ကိုသတ်တဲ့ တရားခံဟာ သူပဲ အမေ. . . အဲ့ဒါကြောင့် သမီး သူ့ကိုပြန်သတ်တာ. . ."

မျက်လုံးအကြောင်သားဖြင့် ဒေါ်သင်းသင်း မျက်နှာပျက်သွားသည်။ ခဏမျှတော့ ကြက်သေသေသွား၏။ ပြီးမှ ခေါင်းကို လေးတွဲစွာ ခါသည်။

"ဘာဖြစ်လို့များ အဲဒီလိုတုံ့ပြန်ရတာလဲ သမီးရယ်. . . အဲဒီ အဖြစ်အပျက်က မတော်တဆမှုတစ်ခုပဲလေ. . ."

"ဒါပေမဲ့ အဖေတို့ကတော့ ဆိုးဆိုးရွားရွား သေဆုံးခဲ့ရတာပဲ မဟုတ်လား. . . အဲ့ဒါကိုကျတော့ အမေ ဘယ်လိုပြောမလဲ. . ."

သုန္ဒရီက အံကြိတ်လျက် တင်းမာအေးစက်စွာပြော၏။ သူမ အသားတွေ တဆတ်ဆတ်တုန်ယင်နေသည်။ ဒေါ်သင်းသင်းက သက်ပြင်းချသည်။

"ခက်တာပဲ သမီးရယ်. . . ဒီလိုဆိုရင် သမီး ကားတိုက်မယ့် ဖြစ်တုန်းကလည်း ဘယ်လိုလုပ်မလဲ. . . အဲဒါ မတော်တဆမှုပဲလေ. . . သမီး မရည်ရွယ်ပေမဲ့ သမီးတိုက်လိုက်လို့ အဲဒီလူ သေသွားနိုင်တာပဲ. . . ဒါပေမဲ့ အဲဒီလူက သေကံမပါသေးလို့ မသေတာ. . . သမီးရဲ့အဖေနဲ့ ဦးလေးတွေကတော့ ဒီလိုမျိုးသေကံပါလို့ သေသွားကြရတာ. . . အခု သမီး သူ့ကိုသတ်လိုက်ပါပြီပဲထား. . . တရားဥပဒေက သမီးကို ဒီအတိုင်း လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး. . ."

"သမီး အားလုံးကို ရင်ဆိုင်ဖို့ဆုံးဖြတ်ထားပြီးပြီ အမေ. . ."

"သမီးရယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သင်းသင်း၏မျက်ဝန်းမှ မျက်ရည်တွေ ယိုစီးလိမ့်ဆင်းလာကာ သုန္ဒရီကို တင်းတင်ကြပ်ကြပ် ပွေ့ဖက်လိုက်သည်။

"သမီးက အားလုံးကို ရင်ဆိုင်ဖို့ဆုံးဖြတ်ထားပြီဆိုတော့ အမေ့ကို မငဲ့တော့ဘူးလား. . . သမီးအနားမှာမရှိရင် အမေ ဘယ်လိုနေရမှာလဲ. . . အမေနေမကောင်းရင် အမေ့ကို ဘယ်သူပြုစုမှာလဲ. . . ဒီလောကကြီးထဲမှာ ဒီအမေနဲ့ ဒီသမီးပဲရှိတာ. . . သမီးဘာလုပ်လုပ် အမေ့ကိုတော့ ထည့်စဉ်းစားသင့်ပါတယ်ကွယ်. . ."

ဒေါ်သင်းသင်းအသံတွေက ခြောက်သွေ့အက်ကွဲနေ၏။ သုန္ဒရီ ငေးငိုင်ကျသွားသည်။ သူမမျက်ဝန်းမှာလည်း မျက်ရည်တွေ ပြည့်လျှံ မို့မောက်လာလေသည်။ ဝမ်းနည်းစွာဖြင့် မိခင်ဖြစ်သူကို သူမပြန်လည် ပွေ့ဖက်ပစ်လိုက်သည်။ ထို့နောက် သားအမိနှစ်ယောက် တစ်ယောက် လက်ကို တစ်ယောက် ဆုပ်ကိုင်ပြီး ဇာတ်စင်ပေါ်မှ ဆင်းသွားကြ၏။

ပွဲက သေချာစွာ ပျက်သွားလေပြီ။

"ကိုကို. . . ကိုကို. . ."

"နက်ရှိုင်း. . ."

"ဆရာ. . ."

ဇာတ်စင်ပေါ်သို့ သဲအိ၊ ရှုပ၊ မျိုးသီဟ၊ ဇေဖြိုးတို့နှင့် **Butterfly** အဖွဲ့သားများ အပြေးအလွှားတက်လာကြသည်။

နက်ရှိုင်းရှိရာ ဓားလေးလက်တန်းလန်းနှင့်အိုးကို အားလုံး ဝန်းရံလိုက်ကြ၏။ ထွဋ်ခေါင်က ဓားတွေကို တစ်လက်ပြီးတစ်လက် ဆွဲနှုတ်လိုက်သည်။

" ဟာ. . . "

ဓားသွားတွေမှာပေနေသော သွေးစသွေးနများကိုကြည့်ပြီး အာမေဋိတ်သံတွေ ဆူညံပွက်ထသွားသည်။ အားလုံးရင်တုန်စိုးထိတ် ထုန်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



" သွားကြ. . . ခင်ဗျားတို့ အကုန်သွားကြ. . . လူသတ်သမားတွေ၊ ကျွန်တော်တို့သူငယ်ချင်းကို ဘယ်သူမှမထိနဲ့. . . "

ဇေဖြိုးနှင့် မျိုးသီဟက ထွင့်ခေါင်ကို တွန်းလှတ်ပြီး အိုးထဲမှ နက်ရှိုင်းကို ခဲရာခဲဆစ် ဆွဲထုတ်ကြသည်။ အတန်ကြာမှ သူတို့နှစ်ယောက် လက်ထဲသို့ နက်ရှိုင်းခန္ဓာကိုယ်က ပျော့ခွေတွန့်ခေါက်စွာ ပါလာသည်။

ထိုခန္ဓာကိုယ်တစ်ခုလုံးသည် သွေးများဖြင့် နီရဲရွှဲနစ်နေလျက် ရှိ၏။

"ကိုကို. . ."

"နက်ရှိုင်း. . ."

"သူငယ်ချင်း. . ."

"ဆရာ. . ."

ခေါ်သံနက်နက်များ ဖုံးလွှမ်းသွားကြသည်။ အချို့က လက်သီးဆုပ်သည်။ အချို့က အံကြိတ်သည်။ အချို့က တက်ခေါက်သည်။ အချို့က ငိုကြွေးသည်။

သေချာတာကတော့. . .

သူတို့အားလုံး ဝမ်းနည်းပူဆွေးနေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ရင်ကွဲတေး

အိပ်မက်တွေပေးပြီးမှ
ငါ့ကမ္ဘာထဲက ပြေးထွက်သွားတဲ့ မိန်းကလေးရေ
ဝမ်းနည်းမှုတွေက ရင်ကိုဖောက်
နှလုံးသားကိုတောင် ကောက်စားသွားကြပြီ
ငါ့ရင်ခွင် ရာဇဝင်မှာ
ဆန်ကာတင်မိတဲ့ မင်းနဲ့ကျမှ
ဝက်ဝက်ကွဲအရှုံးတွေကိုပဲ ထွေးပိုက်ခဲ့ရပေါ့
မင်းအလှမှာ ဖျတ်ဖျတ်လူးအောင် ငါ ရူးသွပ်တပ်မက်ဖူးသလို
အတွင်းမြုံ့ဒဏ်ရာတွေက နာကျင်တိုင်း
အရိုင်းဆန်တဲ့ ထိုးနှက်ချက်တွေကို သတိရလို့
ကြက်သီးတဖြန်းဖြန်းထတဲ့အထိ ငါ တုန်လှုပ်မိပါတယ်
အသည်းကွဲစေရန် စံချိန်လွန်ဒဏ်ရာတွေနဲ့
မင်းပေးခဲ့တဲ့ဝေဒနာဝတ်ရုံကို ဖုံးလွှမ်းလို့
ပစ္စုပ္ပန်တိုင်းမှာ နင့်နဲစွာ ကျမ်းမြိုက်ရင်း
ကယ်ဆယ်သူဝေး မျှော်လင့်ချက်မဲ့ အလွမ်းတွေနဲ့အတူ
နွမ်းလျတဲ့ ငါ့နှလုံးသားရဲ့ ကျဆုံးခန်းအတွက်
စာနာစွာ နှစ်သိမ့်မှုဆိုတာ ဗလာနတ္ထိ
ဒါတောင် ငါဆိုတဲ့ အရှုံးခံသမားကလည်း အမှတ်မရှိ
အသက်ရှူခြင်းနှင့်အမျှ
ကြေကွဲမှုတွေက ကစဉ့်ကလျား ဆွတ်ဖျံ့လို့ကောင်းနေတုန်း...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း – (၂၁)

လေပြည်ထဲတွင် တိမ်ဖြူတွေ မှန်မှန်ရေးရေး ကူးခတ်နေကြသည်။ အဖော်ကွဲနေဟန်တူသော ငှက်ငယ်တစ်ကောင် အိပ်တန်းမတက်သေးဘဲ အထီးကျန်စွာ လူးဝဲပျံသန်းနေလေသည်။

ညနေဆည်းဆာသည် မှိုင်းပျပျရောင်စဉ်ဖြင့် လွမ်းမောဖွယ်ကောင်းနေပါ၏။

တစ်ချိန်တုန်းက ဒီလိုညနေခင်းမျိုးမှာ သူ့ထံသို့ သူမ ရောက်လာခဲ့ခြင်းဖြစ်သည်။ အခုတော့ မသေရုံတမည် ဒဏ်ရာများဖြင့် ပစ်ထားရစ်ခဲ့သည်။ ဒါတောင်မှ သူ စိတ်မနာနိုင်ဘဲ ဖြစ်နေပါသည်။

သူ့အချစ်က ကြောက်စရာကောင်းသော အစွဲအလမ်းမျိုးဖြင့် သူမအပေါ်မှာ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်ရှင်သန်လျက်ရှိတုန်းပင်။

မိဘနှစ်ပါး အပြင်သွားနေသဖြင့် ခုတင်ပေါ်လှဲနေရာမှထ၍ အိမ်ရှေ့မြက်စိမ်းပင်များထက်မှာ နက်ရှိုင်း လမ်းလျှောက်နေလိုက်သည်။ လှုပ်ရှားမှုတိုင်းမှာ ရင်ဘတ်က စူးစူးအောင့်အောင့် နာရ၏။ နှလုံးကိုထိ၍ အနည်းငယ်လိုသွားသဖြင့် သူ အသက် ဆက်လက်ရှင်သန်ခွင့်ရနေတာဖြစ်သည်။

လိုရာပစ်မှတ်ကို မလွဲတမ်းထိစိုက်အောင် ပစ်ခတ်တတ်သည့် သူ့လက်ချောင်းတွေက သူ့အသက်ကို နှုတ်ယူဖို့ ရက်စက်အားဆေး



www.burmeseclassic.com

www.burmeseclassic.com



အကွက်ချ ကြိုးပမ်းခဲ့သည်။ မှော်ပဥ္စလက်တွေနှင့် ရင်ခုန်သွေးပျက်အောင် ချယ်လှယ်ခဲ့သည့် သူမသည် သူ့အတွက်တော့ အဆိပ်သင့် ပုစ္ဆာတစ်ပုဒ် ဖြစ်နေ၏။

"ကျွိ. . ."

ခြံတံခါးမှမြည်သံကြောင့် နက်ရှိုင်း အမှတ်မထင် လှမ်းကြည့်လိုက်သည်။ ထိုအခါတွင်. . .

ဟင်. . . သူ. . . သူ. . .

ရင်တုန်မောလျသွားသည်။ ပန်းနုရောင်ဂါဝန်ဖွားဖွားကို ဝတ်ဆင်ထားသော သူမသည် အဖြူရောင်ဆွတ်ဆွတ် ပန်းတစ်ပွင့်ကိုကိုင်ဆောင်၍ သူ့ထံသို့ တရွေ့ရွေ့လှမ်းလာနေသည်။

အချစ်၏သင်္ကေတနှင့် ငြိမ်းချမ်းရေး နိမိတ်ပုံများလား. . . ။ ရင်ခုန်သံတွေ လွန်လွန်ကဲကဲမြန်ဆန်သွားပါသည်။

"သုန္ဒရီ. . ."

နှုးညံ့မွတ်သိပ်စွာခေါ်လိုက်မိသည်။

"သုန္ဒရီ ကျွန်တော့်ဆီ လာတယ်နော်. . . ဖြစ်ပျက်သမျှအားလုံးဟာ ကျွန်တော့်အတွက်တော့ ဆန်းကြယ်တဲ့ မျက်လှည့်ပြကွက်တစ်ခုလိုပါပဲ. . . ကျွန်တော် ဘာမှနားမလည်နိုင်တော့ဘူး. . . ကျွန်တော့်ကို ရှင်းပြပါဦးဗျာ"

နက်ရှိုင်းအသံတွေ တုန်ရီလျော့ရဲနေ၏။ သုန္ဒရီကတော့ သူမအမူအရာအတိုင်း ပကတိတည်ငြိမ်အေးစက်နေပါသည်။

"ကျွန်မလည်း ရှင့်ကို ရှင်းပြဖို့ပြန်လာခဲ့တာပါ. . . ဒဏ်ရာတစ်ခုနဲ့ အဲဒီဒဏ်ရာကို ဘာဖြစ်လို့ ပေးရတာလဲဆိုတာကိုတော့ ရှင်သိချင်နေမှာပေါ့။

လွန်ခဲ့တဲ့ဆယ်နှစ်ကျော်လောက်က ဆပ်ကပ်ပြပွဲတစ်ခုကို ရှင်ကြည့်ခဲ့ဖူးမှာပါ. . . အဲဒီတုန်းက ကမ္ဘာလုံးထဲမှာ ဆိုင်ကယ်သုံးစီး အပြိုင်



www.burmeseclassic.com

www.burmeseclassic.com



စီးကြတယ်လေ. . . ကမ္ဘာလုံးထဲမှာ ဆိုင်ကယ်စီးရတာဟာ အင်မတန် အန္တရာယ်များတာကြောင့် မီးတွေနဲ့မထိုးဖို့ ကြေညာထားတယ်. . . ဒါပေမဲ့ ကောင်လေးတစ်ယောက်က လေဆာမီးနဲ့ ကမ္ဘာလုံးဆီထိုးလိုက်တယ်. . . အဲဒီအတွက် ဆိုင်ကယ်သုံးစီးစလုံးမှောက်ပြီး လူသုံးယောက် ပွဲချင်းပြီး သေဆုံးသွားခဲ့ရတယ်၊

အဲဒီတုန်းက ကျွန်မက ရှင့်ဘေးမှာရပ်ပြီး အဖေဆိုင်ကယ်စီးတာကို လာကြည့်နေတာ. . . အဲ့ဒါကြောင့် မီးနဲ့ထိုးတဲ့လူဟာ ရှင်မှန်း သိလိုက်တယ်၊

ပြီးတော့ ရှင့်လည်ပင်းက အမှတ်ကိုလည်း မီးရောင်တွေကြောင့် မြင်လိုက်ရတယ်. . . ရှင်ကတော့ လူတွေ ရုတ်ရုတ်သဲသဲဖြစ်နေချိန်မှာပဲ ထွက်ပြေးသွားခဲ့တာလေ. . .

ငယ်ငယ်ရွယ်ရွယ်နဲ့ ကျွန်မမျက်စိရှေ့မှာ ကျွန်မအဖေနဲ့ ကျွန်မ ဦးလေးတွေ အသေဆိုးနဲ့ သေခဲ့ရတာကို ကျွန်မ ဘယ်လိုမှ မေ့မရ ခဲ့ဘူး. . . အဲဒီအဖြစ်ဟာ ကျွန်မကြီးပြင်းလာတဲ့အထိ ကျွန်မကို အိပ်မက်ဆိုးတစ်ခုလို အမြဲချောက်လှန့်နေခဲ့တယ်. . .

တစ်နေ့ ကပွဲတစ်ခုကိုကြည့်ရင်း လည်ပင်းမှာ အမှတ်နဲ့ ရှင့်ကို တွေ့တော့ ငယ်ရုပ်လည်း မပျောက်တာကြောင့် ကျွန်မ ပြန်မှတ်မိ သွားတယ်. . . အဲဒီကစပြီး ရှင့်ကိုပြန်သတ်မယ်လို့ ဆုံးဖြတ်ပြီးတော့ ရှင့်နောက်ကနေလိုက်ပြီး ရှင့်အကြောင်းတွေ စုံစမ်းခဲ့တယ်. . .

ပထမဦးဆုံး. . . ဒီခြံထဲမှာပဲ ရှင့်ကိုသတ်ဖို့ ရှင့်မိဘတွေ အပြင် သွားနေတဲ့ညနေပိုင်းကြီး ကျွန်မလာခဲ့တယ်. . . ဒါပေမဲ့ ရှင့်ကို သတ်ခါနီးမှာ အပြင်ကပြန်လာတဲ့ ရှင့်မိဘတွေရဲ့ ကားသံကို ကြားလိုက် အစီအစဉ်ပြောင်းပြီး ကျွန်မပြန်လာခဲ့တာ. . .

ဒုတိယတစ်ခါက ကလပ်မှာ. . . အဲဒီညက ကျွန်မပေးတဲ့ ဘီ ကိုသာ သောက်ဖြစ်လိုက်ရင် အခုလောက်ဆို ရှင် အသက်ရှင်လျက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တော့ဘူး. . . ဒါပေမဲ့ ရှင်က ကံကောင်းတယ်. . . ဘီယာဘူးက လူတစ်ယောက် တိုက်မိပြီး လွတ်ကျသွားခဲ့တယ်. . . မကျေနပ်လို့ ကလပ်အပြင် ခေါ်ထုတ်ပြန်တော့လည်း နောက်က ရှင့်သူငယ်ချင်းတွေ လိုက်လာလို့ လက်လျှော့လိုက်ရတယ်. . .

ရှင့်အဖေရဲ့ ကုမ္ပဏီနှစ်ပတ်လည်နေ့ညတုန်းက ရှင့်ကို ကျွန်မ ပြန် လိုက်ပို့ခိုင်းတာဟာလည်း ရှင့်ကိုသတ်မလို့ပဲ. . . လူရှင်းတဲ့ နေရာကို ဖြားယောင်းပြီး ခေါ်သွားချင်တာကြောင့် ကားကို ကျွန်မ တမင်ယူမောင်း တာ၊ ဒါပေမဲ့ ရှင်က ကံကောင်းပြန်တယ်. . . လူတစ်ယောက်ကို ကားတိုက်မိမလို ဖြစ်တာကြောင့် စိတ်ရှုပ်ပြီး ကျွန်မအစီအစဉ်ကို ဖျက်ပစ် လိုက်ရပြန်တယ်၊

သေကံမရောက်ရင် အသက်မပျောက်ဘူးဆိုတဲ့စကားက တကယ် မှန်တာပဲ. . . ကျွန်မ ရှင့်ကို သတ်ဖို့အကြိမ်ကြိမ် ကြိုးစားပေမဲ့ မအောင် မြင်ခဲ့ဘူး . . .

ကျွန်မ ဘာဆက်လုပ်ရမှန်းမသိဖြစ်နေချိန်မှာ ရှင်နဲ့ ကျွန်မကိုတွဲပြီး ပွဲလာငှားတယ်. . . အဲဒီမှာ ရှင့်ကို မျက်လှည့်ပြကွက်နဲ့ သတ်ဖို့စိတ်ကူးကို ကျွန်မ တွေးမိလိုက်တာ. . . တိတ်တဆိတ် လုပ်ကြံဖို့ ကြိုးစားတာ မအောင်မြင်တဲ့ အတူတူ အဖေသင်ပေးထားတဲ့ ပညာနဲ့ ဇာတ်ခုံပေါ်မှာပဲ ပြေးပေါက်မရှိအောင် ပေါ်တင်သတ်ဖို့ ရည်ရွယ်လိုက်တယ်. . .

အဖေတို့ သေတဲ့နေ့မှာပဲ ရှင်လည်းသေရအောင်ဆိုပြီး ပွဲရက်ကို ကောင် ပွဲငှားတဲ့ လူကိုပြောပြီး ရက်ရွှေ့ခဲ့တာ. . . ဒါပေမဲ့ အခုတော့ ကျွန်မအမေကြောင့် ကျွန်မရည်ရွယ်ချက်တွေ အားလုံးကို ဖျက်စီးပစ် လိုက်ပါပြီလေ. . .”

သုန္ဒရီ၏စကားရှည်ကြီး အဆုံးသတ်သွားသောအခါတွင် အရှုပ် အထွေးများအားလုံး လင်းလင်းထင်းထင်း ရှင်းသွားသည်။ နက်ရှိုင်းသို့ အပြစ်သူ သိသွား၏။

ဟ

www.burmeseclassic.com

www.burmeseclassic.com



သူ ဆယ်ကျော်သက်အရွယ်တုန်းကဖြစ်သည်။ ချောက်ချားဖွယ်ရာကောင်းလှသော ကမ္ဘာလုံးထဲ၌ ဆိုင်ကယ်သုံးစီး အပြိုင်စီးကြသည့် ပြကွက်အားကြည့်ရှုရင်း အပျင်းပြေဆော့ကစားဖို့ ယူဆောင်လာသော လေဆာပွိုင့်ကို (သတိပေးထားပါလျက်) စိတ်လှုပ်ရှားမှုကြောင့် ယောင်ရမ်း၍ နှိပ်လိုက်မိသည်။

သူ၏ထိုအမှတ်တမဲ့အပြုအမူကြောင့် ဆိုင်ကယ်စီးသူ သုံးဦးသည် မရှုမလှ တိမ်းပါးသွားခဲ့ရ၏။ ထိုအတွက် သူ ကြောက်လန့်စွာဖြင့် နောင်တများစွာ ရရှိခဲ့ဖူး၏။ ယခုတော့ဖြင့် ထိုအတိတ်ဂယက်က ချစ်လှစွာသော သူမနှင့်မှ အမိကကျစွာ နွယ်ယှက်ပတ်သက်နေလေသည်။

"ဒီလိုဆိုရင်တော့ သုန္ဒရီ ကျွန်တော့်ကို သတ်ဖို့ကြိုးစားတာ မလွန်ပါဘူးဗျာ. . . အခုသတ်မယ်ဆိုရင်လည်း သတ်လိုက်ပါ. . . ကျွန်တော် ကျေနပ်ပါတယ်. . ."

"ဟင့်အင်း. . . ကျွန်မမှာ ရှင့်ကိုသတ်ဖို့ အစီအစဉ်မရှိတော့ပါဘူး. . . ဒီအကြောင်းတွေကို ရှင် သိစေချင်ရုံသက်သက်နဲ့ လာပြောပြတာပါ. . ."

သုန္ဒရီ၏ကျေအေးမှုကြောင့် နက်ရှိုင်း ဝမ်းသာသွားသည်။ သူမ၏ အယုအယ အတွေ့အထိတွေက ထောင်ချောက်တစ်ခု၏ ညွှတ်ကွင်းတွေ ဖြစ်ပေမဲ့ ပယ်မဖျက်နိုင်အောင် သူ့ရင်မှာ စွဲထင်နေတုန်းပင်ဖြစ်၏။

ချစ်သူ၏အလင်းဖြင့် သူ့နှလုံးသားကို အရှင်းသန့်ဆုံး ထွန်းညှိချင်နေမိသည်။

"သုန္ဒရီ ကျွန်တော့်ကို ခွင့်လွှတ်တယ်ပေါ့နော်. . . ဒါဆို. . . ဒါဆို ကျွန်တော့်အတွက်အဖြေကကောဟင်. . . ပွဲညတုန်းက မဖြေဖြစ်တဲ့အဖြေကို အခုပေးမယ် မဟုတ်လားဟင်. . . ပြောပါ သုန္ဒရီရယ်. . . သုန္ဒရီလည်း ကျွန်တော့်ကို. . . ချစ်. . . ချစ်. . . ချစ်တယ် မဟုတ်လား. . . ကျွန်တော်မေးတာကို ဖြေပါဦးဗျာ. . .

www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးမှုအပြုံးလေးနှင့် နက်ရှိုင်းက ရင်ခုန်စွာ အထစ်ထစ် အငေါ့ငေါ့ ပြောလိုက်ပါသည်။ ထိုအခါ သုန္ဒရီ၏မျက်နှာက အက်ဆစ်နှင့် အပက်ခံလိုက်ရသည့်အလား မဲ့ရွဲ့ပျက်ယွင်းသွား၏။

"သြ. . . ရှင်က ဒီလိုအခြေအနေဖြစ်နေတာတောင်မှ ကျွန်မ အချစ်ကို မျှော်လင့်နေတုန်းပဲကိုး. . . တော်တော်သနားစရာ ကောင်းတာပဲ. . . ဒါဆိုရင်တော့ ရှင်သိအောင် ပြောပြရဦးမယ်၊ ကျွန်မမှာ ချစ်သူ ရှိတယ်. . . အဲဒီလူက ကိုထွန်းခေါင်ပဲ. . . သူ့ကို ကျွန်မ လက်ထပ်ဖို့ အထိ ရည်ရွယ်ထားတာ. . ."

"ဗျာ. . ."

နက်ရှိုင်း အမြင်အာရုံတွေပြာဆင်းသွားသည်။ ဒဏ်ရာနှင့် ရင်ဘတ်က စူးခနဲနာသွား၏။ နှလုံးသားတစ်ခုလုံး ယိုင်ရွဲ့အက်ကွဲကာ မျှော်လင့်ချက်မှန်သမျှ မရှုမလှသေဆုံးရလေပြီ။ သူမသည် မာကြော သွေးအေးစွာဖြင့် စိတ်ကူးယဉ် သူ့အနာဂတ်ကို တစ်စစီမွမွကြေအောင် မညှာမတာ ချေမွစုတ်ဖြဲပစ်လိုက်တာ ဖြစ်၏။

"ဒီလောက်ဆိုရင် ရှင့်အနေအထားကို ရှင် သဘောပေါက်သင့် ပါပြီ၊ ကျွန်မကို ရှင် မေ့လိုက်ပါတော့. . . ကျွန်မ မသွားခင် ပြောခဲ့ ချင်တာက. . . **ကိုယ့်ရဲ့မထင်မှတ်တဲ့ အသေးအမွှား အပြုအမူတစ်ခု ကြောင့် တစ်ဖက်မှာ ကြီးမားတဲ့ ထိခိုက်ဆုံးရှုံးမှုမျိုး ဖြစ်သွားနိုင်တယ်** ဆိုတာကို ရှင် တစ်သက်လုံး မှတ်ထားဖို့ပါပဲ. . ."

သုန္ဒရီက အေးစက်စွာပြောပြီး နက်ရှိုင်းကို စူးစူးနစ်နစ် စိုက်ကြည့် သည်။ သူမအကြည့်က နက်ရှိုင်းခန္ဓာကိုယ်ကို ဖောက်ထွက်သွားတော့ မတတ် အားကောင်းထက်မြနေပါသည်။

"ဒီပန်းက ရှင့်အတွက် ကျွန်မရဲ့နောက်ဆုံးလက်ဆောင်ပါ. . ."

သုန္ဒရီက အဖြူရောင်ပန်းလေးကို ကမ်းပေး၏။ ထို့နောက် နက်ရှိုင်းနှင့် တဖြည်းဖြည်း. . . တဖြည်းဖြည်း. . . အလှမ်းဝေးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဒဏ္ဍာရီဆန်သော သူမသည် နေရောင်နှင့်အတူ သူ့ဘဝထဲမှ တရွေ့ရွေ့ မှုန်ဝါး ပျောက်ကွယ်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

### ရင်ကွဲသံ(၈)

နှုတ်ဆက်စကားပြောမဲ့အစား ငါ့ကိုသာ သတ်သွားပါလား ချစ်သူရယ် . . .

ငါ မနေပျော်တော့ဘူး . . .

ငါ့မျှော်လင့်ချက်တွေရဲ့နိဂုံးဟာ မင်းအမုန်းတဲ့လား . . .

မင်းအမုန်းကိုပိုက်ပြီး အရှုံးသမား ဖြစ်နေရတာနဲ့စာရင် မင်းလက်ချက်နဲ့ သေသွားရတာကမှ သက်သာပါဦးမယ် . . .

သတ်လိုက်ရင် ခဏတာလေးပဲနာပြီး သေဆုံးရမှာပါ. . .

အခုတော့ ရှင်သန်နေပေမဲ့ တစ်သက်တာလုံး နာကျင်ကြေကွဲနေရဦးမှာပါ. . .

ချစ်သူရယ်. . . တကယ်တော့ မင်းဟာ ပါးနပ်ပါတယ်. . .

ရုပ်ခန္ဓာကို မသတ်ပေမဲ့ စိတ်ကူးအိပ်မက် မျှော်လင့်ချက်တွေကို သတ်ပြီး ငါ့ကို အရှင်လတ်လတ် သေဆုံးစေခဲ့တာပါ. . .

ငါဟာ. . . တစ်သက်စာ. . . ဒဏ်ရာရသွားပါပြီ. . .

www.burmeseclassic.com

www.burmeseclassic.com

## ရင်ကွဲသံ(၁)

ဘဝပေးအရ တိတ်တိတ်ကလေးပဲ ပြောပါရစေ . . .

သွေးအေးတယ်လို့ ရှင်ပြောတဲ့ ကျွန်မမျက်လုံးတွေရဲ့ ဘာသာစကားကို အခုလည်း ရှင် မဖတ်တတ်ပါစေနဲ့ . . .

အဲ့ဒါက နှစ်ယောက်စလုံးအတွက် အကောင်းဆုံး ဖြစ်မှာပါ. . .

မားသွားကို အဆုံးအထိ ဆက်မထိုးရက်ခဲ့ကတည်းက သိလိုက်ပါတယ်. . .

ကျွန်မလည်း. . . ရှင့်ကို. . . ချစ်တယ်. . .

အရမ်းကိုချစ်တယ်. . .

ဒါပေမဲ့လည်းကွယ်. . .

ကျွန်မကိုခွင့်လွှတ်ပါ. . .

သတ်ဖို့ရည်ရွယ်ချက်နဲ့အလာမှာ ထွက်ပေါက်အဖြစ် ပေးပစ်ခဲ့တဲ့ပန်းပွင့်ကိုတောင် အမြတ်တနိုးသိမ်းဆည်း ထားတတ်တဲ့. . .

ရှင့်အတွက်. . . ဖွင့်မပြောဖြစ်တဲ့ ကျွန်မအချစ်တွေကိုယ်စားအဖြူရောင်ပန်းလေးကို ထားရစ်ခဲ့ပါတယ်. . .

အဲဒီပန်းလေးကိုပဲ. . . ကျွန်မရဲ့ကိုယ်ပွားအဖြစ်. . . ရှင်တစ်သက်လုံး သိမ်းထားပေးပါနော်. . .

ဒါဟာ. . . ချစ်သူကိုချစ်ပါလျက်နဲ့ 'ချစ်တယ်' လို့ ဖွင့်ပြောခွင့်မရတဲ့ မိန်းမတစ်ယောက်ရဲ့ တိတ်တခိုး တောင်းပန်ခြင်းပါရှင်. . .



www.burmeseclassic.com

www.burmeseclassic.com

**(နှိုင်းရဲ့နှိုင်း)**

လွမ်းမောဖွယ်ကောင်းသော ညနေခင်းတွင် လူနှစ်ယောက်တွေ့တွေ့ဆိုင်ဆိုင် အသည်းခွဲခံလိုက်ရပါသည်။ တစ်ယောက်က ချစ်သူ၏ အသည်းခွဲခြင်းကို ခံလိုက်ရတာဖြစ်ပြီး တစ်ယောက်ကတော့ မိဘအတွက် သူ့အသည်း သူပြန်ခွဲလိုက်တာဖြစ်သည်။

သူတို့ . . .

ကိုယ်စီကိုယ်ငှ . . .

ရင်ကွဲနေကြ၏ . . .

. . . . . .

. . . . . .

. . . . .



www.burmeseclassic.com

www.burmeseclassic.com

နင် ပေးချင်တာက ဒဏ်ရာဆိုရင်
အဲဒီဒဏ်ရာကိုပဲ
တစ်ဘဝစာ အမာရွတ် ထင်ကျန်သည်အထိ
ငါ တယုတယ သိမ်းဆည်းထားပါ့မယ် ချစ်သူရယ်. . .

**လင်းညို့သွေး**
Face book: Linn Nyout Thway
E-mail : linnnyoutthway@gmail.com



www.burmeseclassic.com

www.burmeseclassic.com

# လင်း ညို့ သွေး

## အက် ဆစ် ဝိုင်

သတင်းစာတစ်စောင်မှာ ပါဝင်လာသော ကြော်ငြာလေးတစ်ခုမှ
စတင်၍ လူထုအုံကြွမှုအချို့ ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်၏။
ထိုကြော်ငြာလေးမှာ ဖတ်မိသူတိုင်းကို
အံ့ဩမင်သက်ဖြစ်စေရုံသာမက လွတ်လပ်သော
အမျိုးသမီးတော်တော်များများ၏ နှလုံးသားကိုပါ ကတိမ်းကပါး
လှုပ်ရှားသွားစေခဲ့ပါ၏။

ထိုကြော်ငြာလေးမှာ -

**Coming Soon**

www.burmeseclassic.com

www.burmeseclassic.com

# လင်း ညို့ သွေး

# အိ စိ က လီ

အချစ်ဆိုတာ

တရားဝင်သုံးစွဲခွင့်ရနေတဲ့

မူးယစ်ဆေးတစ်မျိုးပါပဲ !!!

Coming Soon

www.burmeseclassic.com

www.burmeseclassic.com

## ကလောင်သစ်များအား စင်တင်ပေးမည်

သစ္စာစာပေမှအရည်အချင်းရှိသောကလောင်သစ်များအားရွေးချယ်စင်တင်ပေးရန်အစီအ
ရှိပါသည်။ ထို့ကြောင့် ကလောင်သစ်များအနေနှင့် မိမိတို့ရေးသားပြီးစီးပြီးစိတ်တို
အကျ ဆုံး လုံးချင်းဝတ္ထု (၃) ပုဒ် ရှိလျှင် သစ္စာစာပေသို့ ဆက်သွယ်ပေးပို့နိုင်ပါသ
သစ္စာစာပေမှစင်တင်ရန်ရွေးချယ်ဖြစ်သည့်ကလောင်ရှင်အားပြန်လည်ဆက်သွယ်ပေးမ
ဖြစ်ပြီးမရွေးချယ်ဖြစ်သည့်ကလောင်ရှင်များ၏စာမူများကိုတော့စာတိုက်မှတစ်ဆင့်ပြန်လ
ပေးပို့သွားမည်ဖြစ်ပါသည်။

စာမူအား ပေးပို့ရာတွင် လွဲချော်ပျောက်ရှမှုနှင့် အခြားပယောဂများဖြစ်နိုင်ပါသောကြေ
လက်ခံမိတ္တူထားရှိစေလိုပါသည်။

ပေးပို့ရာတွင် - ကလောင်အမည်၊ အမည်ရင်း၊ မွေးသက္ကရာဇ်နှင့် မှတ်ပုံတင်အမှ
ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်၊ ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့် နေရပ်လိပ်
အပြည့်အစုံ ... စသည့်အချက်များ ပူးတွဲဖော်ပြမှု ပါရှိရပါမည်။

စာမူပေးပို့လျှင် E-mail နှင့်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ လူကိုယ်တိုင်လာရောက်
ဖြစ်စေ အဆင်ပြေရာနှင့် ပေးပို့နိုင်ပါသည်။

ပေးပို့ရန်လိပ်စာမှာ - သစ္စာစာပေ
အမှတ် - ၂၁၉၊ ၃၆ လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်၊
E-mail: thitsarpublication@gmail.com

www.burmeseclassic.com